# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှု ပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက် | ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်၊ တနင်္လာနေ့ | အတွဲ (၅၈)၊ အမှတ်(၀၉၁)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေအိမ်၌ ကျင်းပသည့် ခရစ်တော်မွေးနေ့(ခရစ္စမတ်) ဝတ်ပြုဆုတောင်းခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်း နေ့လယ်စာစားပွဲသို့ တက်ရောက်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဇနီး ဒေါ်ရင်မေ မိသားစုဝင်များ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး ဒေါ်နန့်ကြင်ကြည်တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ခရစ်တော်မွေးနေ့ (ခရစ္စမတ်) ဝတ်ပြုဆုတောင်းခြင်းနှင့် ကျေးဇူးတော် ချီးမွမ်းခြင်း နေ့လယ်စာစားပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏နေအိမ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြသည်။

နေ့လယ်စာစားပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး ဒေါ်နန့်ကြင်ကြည်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီး ဒေါ်ဌေး၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊

*စာမျက်နှာ ၃ ကော်လံ ၁ ❍*

**လွတ်လပ်ခြင်း၏တန်ဖိုးကိုသိရှိ၍ လွတ်လပ်ရေးကို အသက်ပေးကာကွယ်ကြပါစို့**

လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြုဆောင်းပါး စာ » ၆

**မန္တလေး-မြစ်ကြီးနား-မန္တလေးလမ်းပိုင်းတွင် အမှတ်(၃၃)အဆန်၊ (၃၄)အစုန်လူစီး အမြန်ရထား၌ စက်ခေါင်းသစ်၊ တွဲသစ်များဖြင့် စတင်ပြေးဆွဲ**

စာ » ၇




မြန်မာ့အလင်း

# နိုင်ငံနှင့်လူမျိုး၏ သမိုင်းအမွေအနှစ်ကို အမျိုးသားရေးအမြင်ဖြင့် ထိန်းသိမ်းကာကွယ်

ရှေးဟောင်းဝတ္ထုပစ္စည်းဆိုသည်မှာ မြေပေါ်တွင်ဖြစ်စေ၊ မြေအောက်တွင်ဖြစ်စေ၊ ရေပေါ်တွင်ဖြစ်စေ၊ ရေအောက်တွင်ဖြစ်စေ နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းများ အပါအဝင် လူသားတို့ ပြုလုပ်သုံးစွဲခဲ့သော အရာဝတ္ထုပစ္စည်းများကို ဆိုသည်ဟူ၍ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေတွင် ဖွင့်ဆိုထားသည်။

ရှေးဟောင်းအဆောက်အအုံဆိုသည်မှာ မြေပေါ်တွင်ဖြစ်စေ၊ မြေအောက်တွင်ဖြစ်စေ၊ ရေပေါ်တွင်ဖြစ်စေ၊ ရေအောက်တွင်ဖြစ်စေ နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိရာ ဘူမိသဘာဝပတ်ဝန်းကျင်နေရာများအပါအဝင် လူသားတို့ နေထိုင်ပြုလုပ်သုံးစွဲတည်ဆောက်ခဲ့သည့် အဆောက်အအုံနေရာများကို ဆိုသည်ဟူ၍ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေတွင် ဖွင့်ဆိုထားသည်။

အထက်တွင် ဖော်ပြခဲ့သည့် ဥပဒေနှစ်ရပ်တို့ကို ၂၀၁၅ ခုနှစ်အတွင်းက ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့် ရှေးဟောင်းအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်ပေးနိုင်ရေး၊ အစွန့်ရှည်ကြာ တည်တံ့နိုင်ရေးတို့အတွက် ရည်ရွယ်ထားသော ဥပဒေများဖြစ်သည့်အလျောက် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပေါ်လွင်ပါက ထိရောက်သော ထောင်ဒဏ်၊ ငွေဒဏ်၊ ဒဏ်နှစ်ရပ်လုံး စသည်ဖြင့်လည်း ချမှတ်ရန်ထည့်သွင်းပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။ မိမိတို့နိုင်ငံ၏ သမိုင်းအတွက် အရေးပါသည့် အထောက်အထား ရှေးဟောင်းအမွေအနှစ်များစွာတို့မှာ စနစ်တကျ ရှာဖွေဖော်ထုတ် ထိန်းသိမ်းနိုင်ခြင်းမရှိသေးဘဲ ဒေသအနှံ့အပြားတွင် တည်ရှိနေသည်။ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်၌ ပြန့်ကျဲတည်ရှိနေသော ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများက နိုင်ငံ၏သမိုင်းကြောင်းကို ကွင်းဆက်မပြတ်စေရန် ဖြည့်ဆည်းပေးနိုင်မည့်၊ သမိုင်းအချက်အလက်များကို ခိုင်မာစေမည့် သက်သေအထောက်အထားများ ဖြစ်သည့်အလျောက် စနစ်တကျမဖော်ထုတ်နိုင်သေးသမျှ မပျက်စီးစေရန်၊ မပျောက်ဆုံးစေရန် ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းကြရမည်မှာ နိုင်ငံသားတိုင်း၏ တာဝန်ပင်ဖြစ်သည်။

မကြာသေးမီရက်ပိုင်းအတွင်းက သတင်းများတွင် ရှေးဟောင်းအဆောက်အအုံများနှင့် ရှေးဟောင်းဝတ္ထုပစ္စည်းများဖြစ်သည့် ပျူသင်္ချိုင်းနေရာများကို တူးဖော်ခံရခြင်း၊ ပျူခေတ်အသုံးအဆောင်ပစ္စည်းများကို ရှာဖွေရယူကာ မှောင်ခိုဈေးကွက်တွင် ရောင်းစားခြင်း၊ ရှေးခေတ်မြို့ဟောင်း ဧရိယာအတွင်း စက်ရုံများတည်ဆောက်ခြင်း၊ ကျောက်များတူးဖော်ခြင်း၊ မိုင်းခွဲတောင်ဖြိုခြင်း စသည်တို့ကို ပြုလုပ်လျက်ရှိခြင်းကြောင့် ယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးဆုံးရှုံးမည့် အန္တရာယ်များဖြစ်ပေါ်နေခြင်းတို့ကို ဖတ်ရှုရသည်။ အဆိုပါသတင်းများအရ ဒေသခံပြည်သူများ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ရန် ဗဟုသုတအားနည်းမှုအပြင် ဒေသဆိုင်ရာ အောက်ခြေအဆင့်မှ တာဝန်ရှိသူအသီးသီးတို့၏ ပေါ့လျော့မှု၊ တာဝန်မကျေပွန်မှုတို့ပါ ရှိနေသည်ဟု ယူဆရဖွယ်ရှိသည်။ မိမိတို့တွင် ဘတ်ဂျက်အင်အား၊ လူအင်အား နည်းပါးကြောင်း စသည့်အကြောင်းပြချက်များ၏ အောက်တွင် နိုင်ငံနှင့်လူမျိုးတို့အတွက် အရေးပါသည့် အရေးကြီးသည့် သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အထောက်အထားတို့ ပျက်စီးဆုံးပါးရသည့် အဖြစ်မျိုးများ မဖြစ်ဖို့လိုသည်ဟူ၍လည်း ရှုမြင်မိသည်။

နိဂုံးချုပ်အားဖြင့်ဆိုရပါလျှင် ရှေးဟောင်းအဆောက်အအုံများနှင့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို မပျက်မစီးဘဲ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရာတွင် လူတိုင်းပါဝင်ကြဖို့ပင်ဖြစ်သည်။ ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ခြင်းသည် နိုင်ငံနှင့် လူမျိုး၏ အတိတ်သမိုင်းကို ထိန်းသိမ်းကာကွယ်ခြင်းပင် ဖြစ်သည်ဟူ၍ အမျိုးသားရေးအမြင်ဖြင့် ဆောင်ရွက်နိုင်ကြပါစေကြောင်း။ ။

## ၂၀၁၉ ခုနှစ်၊ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား" ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) နိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာရေးနှင့် အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေသည့် မူးယစ်ဆေးဝါးသုံးစွဲမှုများကို ထိရောက်စွာ တားဆီးကာကွယ်ရေး။

(၄) တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ရေး။

(၅) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးရေး။

## နိုင်ငံကူးလက်မှတ် လျှောက်ထားရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန် ဝန်ဆောင်မှုပေးလျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ပွင့်လင်းရာသီ ပြည်ပတွင် အလုပ်လုပ်ကိုင်ရန်(PJ)နှင့် အလည်အပတ်သွားရန်(PV) လျှောက်ထားမှုများသည့်အတွက် မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ရုံးမှ အများပြည်သူ ပိုမိုအဆင်ပြေချောမွေ့စေရန် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

"တစ်ရက်ကို နိုင်ငံကူးလက်မှတ် လျှောက်ထားသူ နှစ်ထောင်ဝန်းကျင် ရှိမယ်။ အတက်အကျတွေ ရှိတယ်။ အဓိကလျှောက်တာက အလည်အပတ်နဲ့ အလုပ်အကိုင် လျှောက်တဲ့အထဲက ပြည်ပ အလုပ်အကိုင်အတွက် လျှောက်တာက ပိုများတယ်။ ပြည်ပမှာ ဆေးကုသတဲ့သူ၊ လုပ်ငန်းကိစ္စ၊ ကျောင်းတက်တာ၊ သင်တန်း၊ ဝန်ထမ်း ပြည်ပခွင့်အတွက်ဆိုရင် ငါးရက်နဲ့ နိုင်ငံကူးလက်မှတ် ဆောင်ရွက်ပေးပါတယ်။ နိုင်ငံကူးလက်မှတ် အဆင်ပြေချောမွေ့အောင် နံနက် ၈ နာရီကနေ ညနေ ၄ နာရီအထိ ဝန်ဆောင်မှုပေးနေပါတယ်" ဟု မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးမှ နိုင်ငံကူးလက်မှတ် အမျိုးအစားခုနစ်မျိုးကို ဝန်ဆောင်မှုပေးလျက်ရှိပြီး လျှောက်ထားရာတွင် လိုအပ်မည့်အချက်များကို အသိပေးပြသထားကာPVထက် PJ က များသည့်အတွက် ယခုနှစ်ကုန်ပိုင်း မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးတွင် နိုင်ငံကူးလက်မှတ် လျှောက်ထားသူများနေခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် PJ အတွက် ယခင်က အချက်ငါးချက် သတ်မှတ်ထားပြီး ဖြေလျှော့ဆောင်ရွက်သည့်အနေဖြင့် ယခုအခါ ပြည်ပအလုပ်သမားမှတ်ပုံတင်ကတ်ပြားပုံစံ (၂) တစ်မျိုးတည်းဖြင့် ဖြေလျှော့ဝန်ဆောင်မှုပေးလျက်ရှိရာ အဆိုပါ ပုံစံ(၂)ကို မိမိတို့သက်ဆိုင်ရာမြို့နယ်တို့ရှိ အလုပ်သမားရုံးတွင် သန်းခေါင်စာရင်းနှင့်မှတ်ပုံတင်ပြသ၍ လုပ်ဆောင်နိုင်ပြီး နိုင်ငံကူးလက်မှတ် လျှောက်ထားရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်း၊ အသက် ၁၀ နှစ်အောက်ဖြစ်ပါက မွေးစာရင်းမူရင်း ပါရှိရမည်ဖြစ်ကြောင်း သိရသည်။

သင်္ဘောသားများအတွက် ပြည်တွင်းရေကြောင်းမှ အခြေခံပင်လယ်ပြင်အသက်အန္တရာယ် လုံခြုံမှုသင်တန်းဆင်းလက်မှတ်၊ သက်တမ်းတိုးပါက မြန်မာနိုင်ငံကူးလက်မှတ် စာအုပ်ဟောင်း သင်္ဘောသား လုပ်သက်မှတ်တမ်း (CDC) စာအုပ်ကို လည်းကောင်း၊ စီးပွားရေးမနလ လျှောက်ထားသူများအတွက် ကုမ္ပဏီမှတ်ပုံတင်နှင့် ပုံ(၆/၂၆)ကို လည်းကောင်း၊ ကျောင်းနှင့် သင်တန်းတက်ရောက်မည့်သူတို့အတွက် သက်ဆိုင်ရာကျောင်း၏ ခေါ်စာမူရင်းကို လည်းကောင်း၊ မှီခိုလျှောက်ထားသူများအနေဖြင့် နိုင်ငံခြားသားမှီခိုဖြစ်ပါက အပြန်လေယာဉ်စရိတ်ပေးသွင်းပြီးကြောင်း ထောက်ခံစာနှင့် လက်ထပ်စာချုပ်ကဲ့သို့သော အထောက်အထားတစ်ခုကို လည်းကောင်း၊ ရဟန်းသံဃာနှင့် သီလရှင်တို့အတွက် သာသနာဝင်ကတ်ပြားနှင့် မြို့နယ်သံဃနာယကအဖွဲ့၏ ထောက်ခံချက်ကို လည်းကောင်း၊ အရေးပေါ်သွားရောက်လိုသူတို့အတွက် ဆေးစာမှတ်တမ်းများနှင့် သက်ဆိုင်ရာဆရာဝန်ကြီး၏ထောက်ခံစာကိုလည်းကောင်း၊ ဝန်ထမ်းများအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၏ ပြည်ပတွင် ခံစားခွင့် မူရင်းကိုလည်းကောင်း၊ တပ်မတော်သား မိသားစုဝင်တို့အတွက် ကက (ကြည်း)၏ ထောက်ခံချက်မူရင်းကို လည်းကောင်း၊ ပြစ်ဒဏ်ကျခံဖူးသူများ ထောင်ထွက်လက်မှတ်ဖြင့် လည်းကောင်း၊ ထို့အပြင် Green Channel အစီအစဉ်ဖြင့် လျှောက်ထားသူများကိုလည်း ငါးရက်ကြာ စာအုပ်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်**

## ရေချိုခရုမှ ကူးစက်ဖြစ်ပွားတတ်သော ရောဂါရှာဖွေခြင်း သင်တန်းဖွင့်

**စစ်တွေ ဒီဇင်ဘာ ၂၉**

ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အမျိုးသားဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)တို့ ပူးပေါင်းပြီး ရေချိုခရုမှတစ်ဆင့် ကူးစက်ဖြစ်ပွားတတ်သော ရောဂါရှာဖွေခြင်းသင်တန်းကို စစ်တွေမြို့ ယုဇနအောင်ဟိုတယ်၌ ယမန်နေ့က ဖွင့်လှစ်သည်။

သင်တန်းတွင် ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်နယ်ဒုတိယဦးစီးမှူး ဒေါက်တာသီဟက အမှာစကားပြောကြားသည်။ သင်တန်းသို့ ပြည်နယ်အတွင်းရှိ မြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၃၄ ဦး တက်ရောက်ကြပြီး ရေချိုခရုမှတစ်ဆင့် ကူးစက်ဖြစ်ပွားတတ်သော ရောဂါရှာဖွေခြင်းကို ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ (နေပြည်တော်)မှ ဒေါက်တာ မိုးသီရိအောင်နှင့် စစ်တွေပြည်သူ့ဆေးရုံကြီး (ဓာတ်ခွဲဌာန)မှ ဒေါက်တာ ပန်းအိစိုးတို့က သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါ ရေချိုခရုမှတစ်ဆင့် ကပ်ပါးပိုးကြောင့် ကူးစက်ဖြစ်ပွားတတ်သော Schistosomiasis ရောဂါရှာဖွေခြင်းသင်တန်းဖွင့်ပွဲသို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ(နေပြည်တော်)မှ ဆရာဝန်များ၊ အမျိုးသားဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)ဆရာဝန်များ၊ စစ်တွေ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## တန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှုသင်တန်း ပို့ချပေးသည့်အတွက် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများရရှိ

**ပျဉ်းမနား ဒီဇင်ဘာ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံတန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာများကို ပျဉ်းမနားမြို့ ကျွန်းကုန်းရွာရှိ ဒေသခံများကို သင်ကြားပို့ချပေးသည့်အတွက် ယင်းကျေးရွာမှ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ရလျက်ရှိကြောင်း သိရသည်။



နေပြည်တော်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာများ သင်ကြားပို့ချပေးလျက်ရှိရာတွင် အဆိုပါ နည်းပညာများ သင်ယူလိုသည့် ဒေသ၌ အနည်းဆုံးသင်တန်းသားဦးရေ ၁၈ ဦးရှိရန်လိုအပ်ပြီး အဆိုပါ သင်တန်းသားများကို အခမဲ့သင်တန်း ပို့ချပေးသည့်အပြင် သင်တန်းကာလအတွင်း နေ့စဉ် သင်တန်းသားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀ နှုန်း ဌာနမှ ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း၊ ဌာနအနေဖြင့် ကိတ်နှင့် အခြားမုန့်များနှင့် ဖျော်ရည်စုံတို့၏ ပြုလုပ်ပုံအဆင့်ဆင့်ကို သင်တန်းပို့ချပေးလျက်ရှိပြီး ယခုသင်တန်းပို့ချသည့် ကျွန်းကုန်းကျေးရွာ ဒေသခံများအတွက် နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၂၈ ရက်ထိ ဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းသား ၂၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ ယင်းနေ့ နေ့လယ်ပိုင်းတွင် သင်တန်းဆင်းပွဲ ကျင်းပရာ နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်း တိုင်းဒေသကြီးဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင် တက်ရောက်၍ သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျော်လှိုင်သင်း (နေပြည်တော်)**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့က ခရစ်တော်မွေးနေ့ (ခရစ္စမတ်) ဝတ်ပြုဆုတောင်းခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်း နေ့လယ်စာစားပွဲတွင် ခရစ္စမတ်အထိမ်းအမှတ်ကိတ်ကို အတူတကွ လှီးဖြတ်ပေးကြစဉ်။ သတင်းစဉ်

❍ ရှေ့စာမျက်နှာမှ

ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ နေပြည်တော် ကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သိက္ခာတော်ရဆရာတော်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဇနီး ဒေါ်ရင်မေနှင့် မိသားစုတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

**ဆုတောင်းမေတ္တာပို့သ**

နေ့လယ်စာစားပွဲတွင် နေပြည်တော် ခရစ်ယာန်အသင်းတော်များကောင်စီဥက္ကဋ္ဌ သိက္ခာတော်ရဆရာတော် ဒေါက်တာ တင်မောင်အေးက ခရစ္စမတ် ဆုမွန်ကောင်းတောင်း ဖွင့်လှစ်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်အကြီးအကဲများနှင့် နိုင်ငံသူ နိုင်ငံသားများအတွက် ဘုရားသခင် ကောင်းချီးမင်္ဂလာရရှိစေရန် ဆုတောင်းမေတ္တာ ပို့သသည်။

**ခရစ္စမတ်အထိမ်းအမှတ်ကိတ် အတူတကွလှီးဖြတ်ပေး**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့က ခရစ္စမတ်အထိမ်းအမှတ်ကိတ်ကို အတူတကွ လှီးဖြတ်ပေးကြသည်။

ယင်းနောက် နေ့လယ်စာစားပွဲသို့ တက်ရောက်လာကြသူများက ခရစ္စမတ် တေးသီချင်းကို သီဆိုကြသည်။

ထို့နောက် ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ သိက္ခာတော်ရဆရာတော် ဦးချမ်းခေါ်က ကျေးဇူးတော်ချီးမွမ်း၍ ဆုတောင်းမေတ္တာ ပို့သသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တက်ရောက်လာကြသူများက နေ့လယ်စာ အတူတကွသုံးဆောင်ကြသည်။

**မှတ်တမ်းတင် ဓာတ်ပုံရိုက်**

နေ့လယ်စာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့သည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး မိသားစုဝင်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

# မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲ အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် ဒီဇင်ဘာ ၂၉**

မြန်မာ့တိုင်းရင်းဆေး ပညာရှင်များ နှီးနှောဖလှယ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ဆက်လက်ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်ဆွေးနွေးသည်။ **(ဓာတ်ပုံ)**

**လုပ်ငန်းစဉ်များ ဆွေးနွေး**

အခမ်းအနားတွင် နှီးနှောဖလှယ်ပွဲ သဘာပတိ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးဆွေက အဖွင့်အမှာစကားပြောကြားပြီး ညီလာခံမှ အဆိုပြုချက်များနှင့် ပတ်သက်၍ ရှေ့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် **လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုလေ့ကျင့်သင်ကြားမွေးထုတ်ပေးရန်**ခေါင်းစဉ်ဖြင့် အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက ဦးဆောင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်လေး၊ ဆေးဝါးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် (ငြိမ်း) ပါမောက္ခ ဒေါက်တာစန်းစန်းနွဲ့၊ တိုင်းရင်းဆေးကောင်စီဝင် ဦးသန်းထွန်း၊ တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)မှ ဒုတိယပါမောက္ခချုပ် (သင်ကြား) ပါမောက္ခ ဝင်းနိုင်၊ အနာပေါက်ရောဂါကုသမှုပညာဌာန ပါမောက္ခ/ဌာနမှူး (ငြိမ်း) ပါမောက္ခအောင်ကျော်မင်း၊ အကြော၊ အရိုး၊ အဆစ်ပညာဌာန ပါမောက္ခ/ဌာနမှူး (ငြိမ်း) ပါမောက္ခ မောင်မောင်သက်၊ ဆေးပညာဌာန ပါမောက္ခ၊ ပါမောက္ခ ဒေါက်တာ သိန်းဇော်လင်းတို့က ဆွေးနွေးတင်ပြကြပြီး တက်ရောက်ကြသူများက ပါဝင်ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဖြည့်ဆည်းဆောင်ရွက်ပေးမည့်ကိစ္စများကို ဆွေးနွေးပြောကြားသည်။

**မေးမြန်းဆွေးနွေး**

မွန်းလွဲပိုင်းတွင် **မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကဏ္ဍနှင့် တိုင်းရင်းဆေးဝါးများ၏အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရန်** ခေါင်းစဉ်ဖြင့် အမြဲတမ်းအတွင်းဝန် ဒေါက်တာသာထွန်းကျော်က ဦးဆောင်ပြီး တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူး (သုတေသနနှင့်ဖွံ့ဖြိုးရေး)(ငြိမ်း) ဦးဝင်းမြင့်၊ ညွှန်ကြားရေးမှူး(ဆေးဝါး/ဥယျာဉ်) ဒေါက်တာမြင့်မြင့်သန်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း(ယာယီ) ဥက္ကဋ္ဌ ဦးမောင်မောင်ဦး၊ အဝေရာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ ဦးသိန်းဝင်း၊ စကြာမင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ ဦးမြင့်ဝေ၊ ရုပ်ပျိုတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းမှ ဦးကျော်သက်နိုင်တို့က ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။




ယင်းနောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲ ပိတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ သဘာပတိ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးဆွေက နိဂုံးချုပ်စကားပြောကြားပြီး (၁၉) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး ပညာရှင်များ နှီးနှောဖလှယ်ပွဲ Panel Discussion တွင် ဆွေးနွေးခဲ့ကြသော Panellists များနှင့် တိုင်းရင်းဆေးပြခန်းပြသကြသော တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

**သတင်းစဉ်**

# တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်ကြီး၏ သက်တော် ၉၀ ပြည့်၊ ဝါတော် ၇၀ ပြည့် ဝိဇာတပူဇာမွေးနေ့မင်္ဂလာ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၉**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ နဂါးနှစ်ကောင် ကျောင်းတိုက် ဆရာတော် နိုင်ငံတော် သြဝါဒါစရိယ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ဓမ္မသီရိသက်တော် ၉၀ ပြည့်၊ ဝါတော် ၇၀ ပြည့် ဝိဇာတပူဇာမွေးနေ့ မင်္ဂလာ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ နဂါးနှစ်ကောင် ကျောင်းတိုက် ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ တြိဂံဒေသတိုင်းစစ်ဌာန ချုပ်တိုင်းမှူး ဗိုလ်ချုပ် ခင်လှိုင်၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်း သားပြည်သူများ တက်ရောက်ကြသည်။

**လှူဖွယ်ပစ္စည်းများ လောင်းလှူ**

အခမ်းအနားတွင် နဂါးနှစ်ကောင် ကျောင်းတိုက်ဆရာတော်၊ နိုင်ငံတော် သြဝါဒါစရိယ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ဓမ္မသီရိ၊ သီလ ဓမ္မကုန်းသာတောရ ကျောင်းတိုက်(ဝဇီပိတ်) ဆရာတော် ဘဒ္ဒန္တ ဝိမလနှင့် တပ်မတော်ကာကွယ် ရေး ဦးစီးချုပ်နှင့် ဇနီး၊ တပ်မတော်အရာရှိ ကြီးများနှင့်ဇနီးများ၊ အခမ်းအနား တက်ရောက်လာကြသည့် ဒေသခံ တိုင်းရင်းသား ပြည်သူများက ကျိုင်းယင်း ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရ၊ ထိုင်းနိုင်ငံ ချင်းမိုင်ခရိုင်ရှိ ဆရီကွမ် ထောင်း ဘုန်းတော်ကြီးကျောင်းမှ ဆရာတော် Thong Siri Mong-klom Thera၊ မိုင်းဖုန်းဆရာတော် သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ ဘဒ္ဒန္တဉာဏသံဝရ အမှူးပြုသော ဆရာတော်၊ သံဃာတော်အပါး ၃၀၀ နှင့် သီလရှင်ဆရာလေး အပါး ၅၀ တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

**ပရိတ်တရားတော်များအား နာယူ**

ထို့နောက် နဂါးနှစ်ကောင်ကျောင်း တိုက်ဆရာတော်ကြီး၏ သက်တော် ၉၀ ပြည့်၊ ဝါတော် ၇၀ ပြည့် ဝိဇာတပူဇာမွေးနေ့ အခမ်းအနားအား ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများက သံဃာ တော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တသုတ်ပရိတ်တရားတော်များအား နာယူကြသည်။

**ရေစက်သွန်းချအမျှပေးဝေ**

ယင်းနောက် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့် ဇနီးတို့က နဂါးနှစ်ကောင် ကျောင်းတိုက် ဆရာတော်ကြီးအား



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ကျိုင်းယင်းကျောင်းတိုက်ဆရာတော်ကြီးနှင့် ဆရာတော်သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။ ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးက ဗုဒ္ဓရုပ်ပွားတော်မြတ် တစ်ဆူနှင့် ဓမ္မလက်ဆောင်များ ပြန်လည် ပေးအပ်သည်။ ထို့နောက် အခမ်းအနား တက်ရောက်လာကြသည့် တပ်မတော် အရာရှိကြီးများက ဆရာတော် သံဃာ တော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် အနုမောဒနာတရားနာယူ၍ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှ ပေးဝေကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် နဂါး နှစ်ကောင် ကျောင်းတိုက်ဆရာတော် ကြီးနှင့် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တာချီလိတ်မြို့ မဟာမြတ်မုနိကျောင်း တိုက်သို့ ရောက်ရှိကြပြီး ကျောင်းထိုင် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိအား ဖူးမြော်ကြည်ညို ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့် ဇနီးတို့က ဆရာတော်ကြီးအား နဝကမ္မအလှူငွေများကို လည်းကောင်း၊ တပ်မတော်အရာရှိကြီးများက လှူဖွယ် ပစ္စည်းများကို လည်းကောင်း ဆက်ကပ် လှူဒါန်းကြကြောင်း တပ်မတော်ကာကွယ် ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက် အရ သိရသည်။

**သတင်းစဉ်**

## ကျိုင်းတုံမြို့ ပန်ကွဲကျေးရွာအနီးရှိ ပန်ကွဲတောင်တော် ဗုဒ္ဓဉယျာဉ်တော်ပရိဝုဏ်အတွင်း သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**
ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသ အေးချမ်း သာယာမှု ရှိစေရန်၊ ထေရဝါဒ ဗုဒ္ဓဘာသာ တည်တံ့ခိုင်မြဲစေရန်နှင့် ပြည်တွင်းပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ် စေရန်အတွက် ကျိုင်းတုံမြို့၏ အရှေ့ဘက် ၁၅ မိုင်ခန့်အကွာ ပန်ကွဲကျေးရွာအနီးရှိ ပန်ကွဲတောင်တော် ဗုဒ္ဓဉယျာဉ်တော် အတွင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ ၏ စုပေါင်းလှူဒါန်းမှုဖြင့် ရင်ပြင်တော် အလျားပေ ၁၈၀၊ အနံပေ ၁၅၀၊ ပလ္လင်တော် အမြင့် ၁၈ ပေ၊ ဉာဏ်တော်အမြင့် ၅၄ ပေ စုစုပေါင်း ၇၂ ပေရှိသည့် အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီးအား မြတ်စွာဘုရား ၏ ၃၂ ပါးသော လက္ခဏာတော်ကြီး၊ လက္ခဏာတော်ငယ်တို့နှင့်အညီ သပ္ပာယ် ကြည်ညိုဖွယ်ရာ တည်ထားကိုးကွယ် လျက်ရှိပြီး ဒေသခံပြည်သူများ၊ ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ထို့အတူ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ သွားရောက်မဖူးမြော်နိုင်သည့် ဘုရားဖူး ပြည်သူများနှင့် တောင်ပေါ်ဒေသမှ တိုင်းရင်းသားပြည်သူများ ဖူးမြော်နိုင်ရန် ဒေသအေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရည်ရွယ်၍ အိန္ဒိယနိုင်ငံ ဗုဒ္ဓ ဂယာရှိ သတ္တသတ္တာဟ မဟာဗောဓိ စေတီတော်မြတ်ကြီး၏ ပုံစံတူ ဉာဏ်တော် အမြင့် ၁၀၈ ပေရှိ သတ္တသတ္တာဟ စေတီ တော်မြတ်ကြီးကို တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် အဆိုပါ ဗုဒ္ဓဉယျာဉ် တော် ပရိဝုဏ်တော်အတွင်း ပန်ကွဲတောင် တော်ထိပ်၌ ထပ်မံတည်ဆောက်လျက်ရှိ ပြီး သတ္တသတ္တာဟ မဟာဗောဓိ စေတီ တော်မြတ်ကြီးနှင့်အတူ ဗုဒ္ဓမြတ်စွာဘုရား ၏ ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနိယ လေးဌာနကိုလည်း မူလပုံစံများအတိုင်း ထည့်သွင်းတည်ဆောက်လျက်ရှိသည်။

အဆိုပါ ဗုဒ္ဓဉယျာဉ်တော်ကြီးအတွင်း စကျင်ကျောက်ဖြင့် ထွင်းထုထားသည့် အမျိုးမျိုးသော မုဒြာများဖြင့် ဗုဒ္ဓဆင်းတု တော်များ ကျောက်ထက်အက္ခရာ ထွင်းထု ရေးသားထားသည့် အထင်ကရ ဆရာ တော်ကြီးများ၏ သြဝါဒကထာများနှင့် ဓမ္မကဗျာများ ထားရှိသည့် သြဝါဒပန်းခင်း၊ ပန်းအလှပင်များ၊ စမ်းချောင်း၊ ရေတံခွန်၊ ရေပန်းများဖြင့် အမြဲစိမ်းလန်းစိုပြည်ပြီး သာယာလှပစေရန် ဖန်တီးဆောင်ရွက် ထားခြင်းဖြစ်ကာ အများပြည်သူများ လာရောက် ဖူးမြော်ကြည်ညို ကုသိုလ် ယူနိုင်ကြကြောင်း တပ်မတော်ကာကွယ် ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက် အရ သိရသည်။

**သတင်းစဉ်**



ချင်းပြည်နယ် တရားလွှတ်တော်ရုံး ပန္နက်တော်တင် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနား ကျင်းပစဉ်။ သတင်းစဉ်

✽ *ကျော့ဖုံးမှ*

စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်တို့က ပန္နက်တော်တင် တွင်းတော်ဝန်းပေးကြပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး က ပန္နက်တော်တင် တွင်းတော်ဝန်း အောင်မြင်ခြင်း အထိမ်း အမှတ်အဖြစ် ထုံးတမ်းစဉ်လာအတိုင်း ဆောင်ရွက်ပေးပြီး ဧည့်သည်တော်များ၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်း တင် ဓာတ်ပုံရိုက်ကူးကာ ရတနာရွှေမိုးငွေမိုး ရွာသွန်းပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုတရားသူကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ပြည်နယ်တရားလွှတ်တော် အဆောက် အအုံဆောက်လုပ်မည့် ပရဝုဏ်အား လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို ဖြည့်စွက်ညှိနှိုင်းပေးခဲ့သည်။

အဆိုပါ ပြည်နယ်တရားလွှတ်တော် အဆောက်အအုံကို တရားရုံးများ၏ ဂုဏ်သိက္ခာ မြှင့်တင်ရေး၊ တရားရုံးအင်္ဂါရပ်များနှင့် ညီညွတ်သည့် တရားရုံးအဆောက်အအုံများ တည်ဆောက် ရေးဟူသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မူဝါဒ၊ ရည်မှန်းချက်များနှင့်အညီ ၀ ဒသမ ၈၈၇ ဧက ကျယ်ဝန်းသော မြေပေါ်၌ အလျား ၁၆၇ ပေ၊ အနံ ပေ ၁၂၀ ရှိ အာရ်စီသုံးထပ် အဆောက်အအုံ တည်ဆောက်သွားမည်ဖြစ်ပြီး တရားခွင် သုံးခွင်၊ တရားသူကြီး နားနေခန်း လေးခန်း၊ တရားရေးအရာရှိ များအခန်း၊ ဥပဒေအရာရှိများနားနေခန်း၊ ရှေ့နေများနားနေခန်း၊ လုံခြုံရေးအခန်း၊ သက်သေခံပစ္စည်းထိန်းသိမ်းခန်း၊ စာကြည့် တိုက်ခန်း၊ အမှုတွဲထိန်းသိမ်းခန်း၊ အစည်းအဝေးခန်း၊ ဧည့်ခန်း၊ မီဒီယာ တွေ့ဆုံမေးမြန်းခန်း၊ အမှုလက်ခံခန်း၊ ငွေသွင်း/ မိတ္တူကူးခန်းများအား သတ်မှတ်အကျယ်အဝန်းနှင့်အညီ ဖွဲ့စည်းပါရှိကာ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂) အဆောက်အဦ အထူးအဖွဲ့ (၆) က တာဝန်ယူ တည်ဆောက်သွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**



ဒီဇင်ဘာကျောင်းပိတ်ရက်နှင့် နှစ်သစ်ကူးအခါသမယတွင် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် နတ်မတောင်အမျိုးသားဥယျာဉ်သို့ လာရောက်လေ့လာကြသည့် ပြည်တွင်းပြည်ပမှခရီးသွားများ ပါးရဲထိုးထားသည့် ချင်းအဘွားအို၏ ရိုးရာပလွေကို နှာခေါင်းဖြင့်မှုတ်ကာ ဖျော်ဖြေပေးမှုအား လေ့လာနေသည်ကို ဒီဇင်ဘာ ၂၉ ရက်က တွေ့ရစဉ်။ မောင်ယဉ်ကျေး

## ငါးကြိမ်မြောက် နိုင်ငံတကာ ခရီးသွားပြပွဲကြီး ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၉**
နိုင်ငံတကာနှင့် ပြည်တွင်းခရီးစဉ် လေယာဉ်လက်မှတ်များကို တစ်နေရာ တည်း စိတ်တိုင်းကျ ဝယ်ယူနိုင်မည့် ငါးကြိမ်မြောက် နိုင်ငံတကာခရီးသွားပြပွဲ ကြီးကို ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ လာမည့် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှ ၁၃ ရက်အထိ နှစ်ရက်တိုင်တိုင် ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်း နိုင်ငံတကာ ခရီးသွားပြပွဲကြီး ကို နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ ဝင်ရောက်လေ့လာနိုင်ကြောင်း နှင့် ခရီးသွားလုပ်ငန်းများနှင့်ဆိုင်သော လုပ်ငန်းရှင်များလည်း မည်သည့်လုပ်ငန်း မဆို လာရောက်ပြသနိုင်ကြောင်း သိရ သည်။

**ထိုက်အောင်**



မြန်မာ့ရိုးရာ ကစားနည်း ဖန်ခုန်ခြင်း
ဓာတ်ပုံ-ကြည်မျိုးသက်

**"လွတ်လပ်ရေးဖခင်ကြီးများ မျှော်မှန်းခဲ့တဲ့ တရားမျှတမှုနဲ့ လွတ်လပ်တဲ့နိုင်ငံ၊ လူခပ်သိမ်းငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ အာမခံမယ့် ဖြူစင်တဲ့ဝါဒ ကျင့်သုံးတဲ့နိုင်ငံ အမှန်တကယ် ဖြစ်စေဖို့ စုပေါင်းအင်အားနဲ့လုပ်ဆောင်ကြပါစို့"**

*[ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ၂၀၁၇ ခုနှစ်အတွက် နိုင်ငံတော် အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းမှ ကောက်နုတ်ချက်]*

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု တံတားတည်ဆောက်ရေးစီမံကိန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေး

တောင်ကုတ် ဒီဇင်ဘာ ၂၉

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ယနေ့တွင် မြေပုံ-မင်းပြားလမ်းရှိ ကြပ်စင်တံတားတည်ဆောက်ရေးစီမံကိန်း၊ ရန်ကုန်-စစ်တွေလမ်းရှိ တိမ်ညိုတံတားနှင့် ဒါးလက်ချောင်းတံတား တည်ဆောက်ရေးစီမံကိန်းများသို့ သွားရောက်၍ လုပ်ငန်းပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်၊ တာဝန်ရှိသူများနှင့် ယနေ့နံနက်ပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေး(၂)၊ တံတားအထူးအဖွဲ့(၇)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရန်ကုန်-စစ်တွေလမ်းရှိ တိမ်ညိုတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး တံတားချဉ်းကပ်လမ်းများ၊ ကမ်းကပ်ခုံများနှင့် ပင်မတံတားလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

**မကြာမီဖွင့်လှစ်နိုင်တော့မည်**

တိမ်ညိုတံတားသည် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ရန်ကုန်-စစ်တွေလမ်းရှိ သရီချောင်းကို ဖြတ်ကျော်တည်ဆောက်ထားခြင်းဖြစ်ပြီး တံတားအမျိုးအစား အပေါ်ထည် သံကူကွန်ကရစ် ရက်မ+Steel Plate Girder+ သံကူကွန်ကရစ်ကြမ်းခင်း၊ အောက်ထည် သံကူကွန်ကရစ်၊ တံတားအရှည် ပေ ၃၆၀၊ တံတားအကျယ်ပေ ၃၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် သုံးပေ၊ ခွင့်ပြုယာဉ်အလေးချိန် တန် ၆၀ ရှိကြောင်းနှင့် ယခုအခါ စီမံကိန်းလုပ်ငန်းများ ရာခိုင်နှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်၍ မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေး(၂)၊ တံတားအထူးအဖွဲ့(၇)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် မြေပုံ-မင်းပြားလမ်းရှိ ကြပ်စင်တံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး တံတားချဉ်းကပ်လမ်းများ၊ ကမ်းကပ်ခုံများနှင့် ပင်မတံတားလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

**အရည်အသွေးပြည့်မီအောင် ဆောင်ရွက်**

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တံတားတည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းလုပ်ငန်းများကို တာဝန်ယူတည်ဆောက်နေသည့် ဦးစီးအရာရှိ ဒေါ်မေမဥ္ဆုထွန်းက တံတားစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဖွင့်လှစ်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ကြပ်စင်တံတားသည် ရခိုင်ပြည်နယ် မြေပုံ-မင်းပြားလမ်းရှိ ကြပ်စင်မြစ်ကို ဖြတ်ကျော်၍ တည်ဆောက်ထားခြင်းဖြစ်ပြီး တံတားအမျိုးအစား အပေါ်ထည် သံမဏိသံပေါင်၊ Plate Girder သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်း၊ အောက်ထည် သံကူကွန်ကရစ်၊ တံတားအရှည် ပေ ၁၉၂၀၊ တံတားအကျယ်ပေ ၃၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် သုံးပေ ၊ ခွင့်ပြုယာဉ် အလေးချိန် ၇၅ တန်ရှိကြောင်းနှင့် ယခုအခါ စီမံကိန်းလုပ်ငန်းများ ရာခိုင်နှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်၍ မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။


ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများ ကြပ်စင်တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**အားပေးစကားပြောကြား**

ထို့နောက် ဝန်ကြီးချုပ်သည် မြေပုံ-မင်းပြားလမ်းနှင့် ရန်ကုန်-စစ်တွေလမ်း အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး လမ်းပိုင်းအလိုက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေသူများကို တွေ့ဆုံ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေး(၂)၊ တံတားအထူးအဖွဲ့(၇)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရန်ကုန်-စစ်တွေလမ်းရှိ ဒါးလက်ချောင်း တံတားတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးမြင့်နိုင်ဦးက တံတားစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဖွင့်လှစ်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

**ရှင်းလင်းပြသ**

ထို့နောက် ဝန်ကြီးချုပ်သည် တံတားချဉ်းကပ်လမ်းများ၊ ကမ်းကပ်ခုံများနှင့် ပင်မတံတားလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဒါးလက်ချောင်း တံတားသည် ရခိုင်ပြည်နယ် ရန်ကုန်-စစ်တွေလမ်းရှိ ဒါးလက်ချောင်းကို ဖြတ်ကျော် တည်ဆောက်ထားခြင်းဖြစ်ပြီး တံတားအမျိုးအစား အပေါ်ထည်သံကူကွန်ကရစ် ရက်မ+Steel Box Girder+ သံကူကွန်ကရစ်ကြမ်းခင်း၊ အောက်ထည် သံကူကွန်ကရစ်၊ တံတားအရှည် ပေ ၉၆၀၊ တံတားအကျယ် ပေ ၃၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် သုံးပေ ၊ ခွင့်ပြုယာဉ်အလေးချိန် ၇၅ တန် ရှိကြောင်းနှင့် ယခုအခါ စီမံကိန်းလုပ်ငန်းများ ရာခိုင်နှုန်းပြည့်နီးပါးပြီးစီးနေပြီဖြစ်၍ မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ် မြေပုံ-မင်းပြားလမ်းရှိ ကြပ်စင်တံတား၊ ရန်ကုန်-စစ်တွေလမ်းရှိ တိမ်ညိုတံတားနှင့် ဒါးလက်ချောင်းတံတား၊ စစ်တွေမြို့ရှိ ဆတ်ရိုးကျချောင်းတံတားများကို မကြာမီအချိန်တွင် ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မော်စီ၊ ကိုမင်း**
**ဓာတ်ပုံ- တင်စိုး**



# ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်တွင် လွတ်လပ်ရေးနေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ၊ ဈေးရောင်းပွဲတော် အခမ်းအနားကို ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်တွင် နိုင်ငံကျော်တေးသံရှင်များ၊ Myanmar Idol မှ တေးသံရှင်များနှင့်အတူ လေးညတိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်းသန်းထံမှ သိရသည်။

ရွှေကြာပင်ရပ်ကွက် ပဒုမ္မာလမ်း နန်းဦးကျောင်းအနီးရှိ အမှတ်(၂) ဘောလုံးအားကစားကွင်း၌ ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် ကျောင်းသားကျောင်းသူများအား ဘောလုံးကစားပြိုင်ပွဲကျင်းပကာ ယင်း ၁ ရက်နေ့ညနှင့် ၂ ရက်နေ့ည နှစ်ညကို Blue Sky-Music Band နှင့်အတူ ရန်ကုန်မြို့မှ နိုင်ငံကျော် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ၊ နိုင်ငံကျော် တေးသံရှင်များက မိုးလင်းပေါက် ဖျော်ဖြေပေးမည်ဖြစ်ကြောင်းနှင့် ဇန်နဝါရီ ၃ ရက်ညနှင့် ၄ ရက်ညတွင် Music Land Band အဖွဲ့နှင့် တွဲဖက်၍ Myanmar Idol ၏ နာမည်ကြီးအဆိုတော်များက ဖျော်ဖြေပေးသွားမည် ဖြစ်ကြောင်း၊ အဆိုပါ ဖျော်ဖြေမည့်ပွဲများသို့ မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ကြောင်း ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်းသန်းက ထပ်မံပြောသည်။

**ကိုကိုရှုပ**

# လွတ်လပ်ခြင်း၏တန်ဖိုးကိုသိရှိ၍ လွတ်လပ်ရေးကို အသက်ပေး ကာကွယ်ကြပါစို့

**တက္ကသိုလ်ပွင့်သူအောင်**

၂၀၁၈ ခုနှစ် ကုန်ဆုံး၍ ၂၀၁၉ ခုနှစ်အကူး နှစ်သစ်တွင် ကမ္ဘာ့နိုင်ငံများအနက် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့သည် အဦးအစ ပထမဖြစ်သောကြောင့် ဂုဏ်ယူဝမ်းမြောက်ဖွယ်ကောင်းပြီး မင်္ဂလာရှိလှသည်။ နှစ်သစ်ကူးကာလအတွင်း ကမ္ဘာအရပ်ရပ်၌ အမျိုးမျိုးအဖုံဖုံသော ပျော်ရွှင်ဖွယ်ရာများဖြင့် နှစ်သစ်ကူးခဲ့ကြသကဲ့သို့ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်တို့တွင်လည်း ပြည်သူအပေါင်းသည် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် နှစ်ဟောင်းကို နှုတ်ဆက်၍ နှစ်သစ်ကို ကြိုဆိုကြသည်။ ထိုကဲ့သို့ ပျော်ရွှင်ကြည်နူးစွာ နှစ်သစ်ကူးပွဲတော်များ ကျင်းပနိုင်ခြင်းကပင် လွတ်လပ်သောနိုင်ငံများ၏ပုံရိပ်ကို ထင်ဟပ်ပြသနေခြင်းပင်ဖြစ်သည်။ တစ်နည်းဆိုရသော် လွတ်လပ်သောနိုင်ငံတို့၏ သရုပ်သကန်ကို ဖော်ကျူးနေခြင်းလည်းဖြစ်သည်။ ယင်းနိုင်ငံတို့သည် လွတ်လပ်ရေးရအောင် ပေးဆပ်မှုမြောက်မြားစွာတို့ဖြင့် လဲလှယ်ခဲ့ကြရပြီး မည်သည့်နိုင်ငံမှ လွတ်လပ်ရေးကို လွယ်လွယ်ကူကူဖြင့် ရရှိခဲ့ခြင်းမဟုတ်ပေ။ ထိုနည်းတူစွာပင် မြန်မာ့လွတ်လပ်ရေးကိုလည်း အသက်၊ သွေး၊ ချွေးပေါင်းမြောက်မြားစွာဖြင့် လဲလှယ်ခဲ့ကြရပေသည်။



၂၀၁၈ ခုနှစ် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမရှေ့၌ ကျင်းပစဉ်။

**“လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အဓိကအကျဆုံးအချက်သည် တိုင်းရင်းသား ညီအစ်ကို မောင်နှမ အားလုံး၏ သွေးစည်းညီညွတ်မှုစွမ်းပကားဖြစ်သည်ကို တွေ့ရသည်။ ရရှိပြီး လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးသည်လည်း တိုင်းရင်းသားညီအစ်ကို မောင်နှမများ အားလုံး၏ သွေးစည်းညီညွတ်မှုဖြင့်သာ ဆောင်ကြဉ်းနိုင်မည်ဖြစ်”**

### နိုင်ငံတစ်နိုင်ငံ၏ ဥပမိရုပ်

ကမ္ဘာ့အလယ်တွင် နိုင်ငံတစ်ခုအဖြစ် မားမားမတ်မတ် ခံ့ခံ့ထည်ထည် ရပ်တည်နိုင်ရေးအတွက် နိုင်ငံတစ်နိုင်ငံ၏ ဥပမိရုပ် ပြည့်စုံရန် အင်္ဂါလေးရပ်နှင့် ညီညွတ်ရသည်။ ယင်းအင်္ဂါလေးရပ်မှာ (၁)နိုင်ငံ၏ ပိုင်နက်နယ်မြေ(နယ်နိမိတ်) (Territory)၊ (၂)ယင်းပိုင်နက်နယ်မြေတွင် နေထိုင်သည့် လူဦးရေ နိုင်ငံသားပြည်သူများ(Population)၊ (၃) အုပ်ချုပ်သူ အစိုးရ(Government)နှင့် (၄)အချုပ်အခြာအာဏာ ပိုင်စိုးမှု(Sovereignty)တို့ ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံသည် နိုင်ငံ၏ ပိုင်နက်နယ်မြေ(နယ်နိမိတ်) ရှိပြီး နိုင်ငံသားပြည်သူများလည်း ရှိသည့်အပြင် အုပ်ချုပ်သူအစိုးရ ရှိသော်လည်း အချုပ်အခြာအာဏာပိုင်စိုးမှု မရှိပါက လွတ်လပ်သောနိုင်ငံဟု သတ်မှတ်၍မရပေ။ ထိုနည်းတူ ယင်းနိုင်ငံမှ အစိုးရသည်ပင်လျှင် ယင်းနိုင်ငံသားများကိုယ်တိုင် ပါဝင်ဖွဲ့စည်းထားသည့် အမျိုးသားအစိုးရမဟုတ်သဖြင့် တိုင်းတစ်ပါးမှ နိုင်ငံခြားသားများ၊ ကိုလိုနီနယ်ချဲ့များ ဖိနှိပ်ချုပ်ချယ်ထားသော အစိုးရသာဖြစ်သည်။

### နောက်ခံသမိုင်း

မြန်မာနိုင်ငံသည် ခရစ်နှစ် ၁၈၂၄ ခုနှစ်က အင်္ဂလိပ်တို့၏ ကျူးကျော်နယ်ချဲ့စစ်ပွဲအပြီးတွင် ရခိုင်နှင့် တနင်္သာရီတို့ကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ ထို့နောက်ခရစ်နှစ် ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်တို့၏ ဒုတိယအကြိမ် ကျူးကျော်စစ်ပွဲအပြီး တောင်ငူမှ အောက်မြန်မာနိုင်ငံတစ်ပိုင်း ထပ်မံဆုံးရှုံးရသကဲ့သို့ ခရစ်နှစ် ၁၈၈၅ ခုနှစ်က တတိယအကြိမ် ရန်စကျူးကျော်သည့် အင်္ဂလိပ်တို့၏ နယ်ချဲ့ စစ်ပွဲအပြီးတွင် အထက်မြန်မာနိုင်ငံကို လက်လွှတ်ဆုံးရှုံးရကာ မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ရောက်ခဲ့သည်။ ထို့နောက် ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့သည်မှစ၍ ကုန်းဘောင်ခေတ်ကုန်ဆုံးကာ ကိုလိုနီခေတ်သို့ ရောက်ရှိသွားခဲ့သည်။

သို့သော် သူ့ကျွန်မခံလိုသော မျိုးချစ်တိုင်းရင်းသား ခေါင်းဆောင်တို့သည် နယ်ချဲ့အင်္ဂလိပ်တို့အား ရရာလက်နက်စွဲကိုင်ကာ တွန်းလှန်ခဲ့ကြသည်။ ‘သူ့ကျွန်ဘဝတွင် နေရခြင်းထက် သေရခြင်းကမြတ်သည်’ ဟူသော ရဲရဲတောက်စိတ်ဓာတ်များဖြင့် လက်နက်အင်အား၊ လူအင်အား ကွာခြားမှုန်းသိလျက်နှင့်ပင် နယ်ချဲ့တို့အား မကြောက်မရွံ့ တွန်းလှန်တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။

ထိုကဲ့သို့ လွတ်လပ်ရေးအတွက် အသက်ပေး တိုက်ပွဲဝင်ခဲ့ကြရာတွင် ကချင်ပြည်နယ်မှ ဖုံကန်ဒူဝါနှင့် ဗိုလ်ဖိုးစော၊ ချင်းပြည်နယ်မှ ကွမ်ဘိနှင့် ရွှေချိုးဖြူမင်းသား၊ ရှမ်းပြည်နယ်မှ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၊ ဗိုလ်မင်းရောင် စသူတို့ ပါဝင်ခဲ့ကြသည်။ သခင်ကိုယ်တော်မှိုင်း၊ အချုပ်တန်းဆရာဖေ အစရှိသော မျိုးချစ်စာဆိုတော်ကြီးများကလည်း စာပေဖြင့် တိုက်ပွဲဝင်ခဲ့ကြသည်။ ထို့အပြင် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး၊ ဗမာ့ထွက်ရပ်ဂိုဏ်း၊ ဖတပလ (ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး)၊ ဖဆပလ (ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး)စသည့် အဖွဲ့ကြီးများတွင် ကျောင်းသား၊ အလုပ်သမား၊ တောင်သူလယ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ တိုင်းရင်းသား လုပ်သားပြည်သူအားလုံးတို့ စည်းရုံးလှုပ်ရှား တိုက်ပွဲဝင်ခဲ့ကြသည်။ ထို့နောက် ၁၃၀၀ ပြည့် အရေးတော်ပုံမှတစ်ဆင့် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ရဲဘော်သုံးကျိပ်တို့က ဟိုင်နန်ကျွန်း၌ အခြေခံစစ်ပညာကိုလည်းကောင်း၊ ၁၉၄၁ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ဖော်မိုဆာကျွန်း တမာဇာတိုမြို့ရှိ ဗိုလ်သင်တန်းကျောင်း၌ စစ်ပညာရပ်များ ဆက်လက်သင်ယူ၍လည်းကောင်း ကြိုးစားခဲ့ကြသည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် လက်မောင်းသွေးဖောက် သစ္စာရည်သောက်ပြီး စတင်ဖွဲ့စည်းခဲ့သည်။

၁၉၄၂ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လတွင် BIA က တနင်္သာရီ၊ ကရင်၊ မွန်၊ ပဲခူးနှင့် ရန်ကုန်တို့ကို သိမ်းပိုက်ခဲ့သည်။ ထိုစဉ်က ဗမာ့လွတ်လပ်ရေးတပ်မတော် ဘီအိုင်အေသည် ဆုံးရှုံးသွားခဲ့သော လွတ်လပ်ရေးကို ပြန်လည်ရရှိရန်၊ ရန်ကုန်မြို့ကို သိမ်းပိုက်ခဲ့ရာတွင် နယ်ချဲ့တို့အား စစ်ကြောင်းသုံးကြောင်းဖြင့် ဝိုင်းပတ်ပိတ်ဆို့ ခဲ့သည့် စစ်ဗျူဟာကို အသုံးပြုခဲ့သည်။ ဘီအိုင်အေနှင့် ဂျပန်တပ်တို့ ပူးပေါင်း၍ စစ်ဆင်နွှဲခဲ့ရာ ၁၉၄၂ ခုနှစ် ဇွန်လတွင် မြန်မာပြည်တစ်ဝန်းလုံးနီးပါး သိမ်းပိုက်နိုင်ခဲ့သည်။ သို့သော် ဂျပန်တို့က ဘီအိုင်အေမှ စစ်သည်အင်အား ကန့်သတ်လျှော့ချခဲ့၍ ၁၉၄၂ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် ဗမာ့ကာကွယ်ရေးတပ်မတော်ကို ဖွဲ့စည်းခဲ့သည်။ ထို့နောက် ဂျပန်တို့က ၁၉၄၃ ခုနှစ် ဩဂုတ် ၁ ရက်တွင် မြန်မာတို့အား ရွှေရည်စိမ်လွတ်လပ်ရေး အတုအယောင်ကို ပေးအပ်ခဲ့ရာ မြန်မာတစ်မျိုးသားလုံးက လုံးဝလက်မခံခဲ့ကြပေ။ ထို့ကြောင့် ဖက်ဆစ်ဂျပန်တို့အား ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်တွင် ပြည်သူနှင့် တပ်မတော် လက်တွဲကာ တော်လှန်ခဲ့ကြသည်။ ၁၉၄၅ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ဖက်ဆစ်ဂျပန်တို့အား တော်လှန်တိုက်ခိုက်ခဲ့သော ဗမာ့ကာကွယ်ရေးတပ်မတော်ကို မျိုးချစ်ဗမာ့တပ်မတော်ဟု တရားဝင် အမည်ပြောင်းလိုက်သည်။

### သမိုင်းဝင် နေသူရိန်အစည်းအဝေးကြီး

ထို့နောက် မျိုးချစ်တပ်မတော် ခေါင်းဆောင်များနှင့် တိုင်းမှူးများသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရေးအတွက် ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၀ ရက်နှင့် ၁၁ ရက်တွင် ရန်ကုန်မြို့ တာဝါလိန်းလမ်းရှိ ဗိုလ်ချုပ်အောင်ဆန်း၏နေအိမ်၌ အစည်းအဝေးပြုလုပ်ခဲ့သည်။ ယင်းအစည်းအဝေးတွင် တပ်မတော်နောင်ရေးအတွက် အရေးကြီးသောဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။ မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးအတွက် ခေါင်းဆောင်မည့် ပုဂ္ဂိုလ်များနှင့် ပြည်သူလူထု တိုင်းရင်းသားများ တညီတညွတ်တည်း ဆောင်ရွက်နိုင်ရန် ၁၉၄၅ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ ထို့အပြင် ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖတပလ) ဥက္ကဋ္ဌလည်းဖြစ်၍ မြန်မာ့လွတ်လပ်ရေး လုပ်ငန်းစဉ်များကို နိုင်ငံရေးလမ်းကြောင်းမှ ချပေးခဲ့သည်။

၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၆ ရက်၊ ၁၇ ရက်၊ ၁၈ ရက်တို့တွင် နိုင်ငံ့ခေါင်းဆောင်များ၏ စတုတ္ထအကြိမ်အစည်းအဝေးကို ဖတပလက ဖိတ်ခေါ်ကျင်းပခဲ့ရာ နိုင်ငံရေးအဖွဲ့အစည်းပေါင်းစုံမှ ခေါင်းဆောင်များဖြစ်ကြသည့် ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်လက်ျာ၊ ဗိုလ်ဇေယျ၊ သခင်သန်းထွန်း၊ သခင်ဗဟိန်း၊ သခင်မြသွင် အစရှိသူတို့ တက်ရောက်ခဲ့သည်။ ထိုအစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းက သဘာပတိမိန့်ခွန်း ပြောကြားခဲ့ရာ၌ ဖက်ဆစ်ဝါဒကို ကမ္ဘာတွင် လုံးဝပပျောက်သည်အထိ ဆောင်ရွက်ရန်၊ ဗမာပြည်ကြီးကို ပြည်သူတို့၏ဆန္ဒအတိုင်း ပြန်လည်ထူထောင်ရန် စသောအချက်များ ပါဝင်သည်။

ယင်းအစည်းအဝေးကြီးမှ ဆုံးဖြတ်ချက်များကို အတည်ပြုနိုင်ရန် လူထုအစည်းအဝေးကြီးတစ်ရပ်ကို ရန်ကုန်မြို့ ဗဟန်းရပ်ကန်တော်ကြီးစောင်းရှိ နေသူရိန်ပြဇာတ်ရုံကြီး၌ ၁၉၄၅ ခုနှစ် ဩဂုတ် ၁၉ ရက်က ကျင်းပခဲ့ရာ ထိုအစည်းအဝေးကြီးသည် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲအတွက် သမိုင်းဝင် နေသူရိန် အစည်းအဝေးကြီးအဖြစ် ထင်ရှားခဲ့သည်။

### ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းဝင်မိန့်ခွန်း

နေသူရိန်အစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းပြောကြားခဲ့ရာ “ကျုပ်တို့တပ်မတော်တစ်ခုလုံးဟာ ယခုအခါ ကြိမ်မီးအုံးသလို ပူပန်နေကြတယ်။ စစ်တိုက်တော့မယ့်ဆဲဆဲ၊ စစ်တိုက်လို့ ကျည်ဆန်သင့်မယ့်ဆဲဆဲမှာ ဒီ့တိုက်တာလွတ်လပ်ရေးရပ့်မလားဟော့၊ ကျုပ်တော့ဖြင့် သွားပြီ၊ တိုင်းပြည်မှာကျန်ရစ်မယ့် ခေါင်းဆောင်မယ့် လူကြီးတွေကို ပြောလိုက်ပါ၊ ကျုပ်တို့တာဝန်ကျေပြီ၊ ခင်ဗျားတို့တာဝန်ကျေအောင် လုပ်ပါ၊ မလုပ်ရင်တော့ ကျုပ်တို့ဘဝ အဆက်ဆက်တိုင်းက ဘာလုပ်မယ်၊ ညာလုပ်မယ် အစရှိသည်ဖြင့် မြည်တမ်းသွားတာတွေဟာ ကျန်ရစ်ခဲ့တဲ့ရဲဘော်တွေနဲ့ ကျုပ်တို့အားလုံးစိတ်ကို အင်မတန်ထိခိုက်အောင်ဖြစ်တယ်”ဟူ၍ သမိုင်းဝင်မိန့်ခွန်း ပြောကြားခဲ့သည်။

ယင်း မြန်မာ့လွတ်လပ်ရေးတိုက်ပွဲဝင် နေသူရိန်အစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီးနောက် ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၇ ရက် သောကြာနေ့တွင် သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့၌ ချုပ်ဆိုခဲ့သည့် ကန္ဒီစာချုပ်သည်လည်းကောင်း၊ ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်နေ့တွင် လန်ဒန်မြို့၌ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် လက်မှတ်ရေးထိုးသည့် ‘အောင်ဆန်း-အက်တလီ’စာချုပ်၊ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားခေါင်းဆောင် ၂၃ ဦးတို့ လက်မှတ်ရေးထိုးသည့် ‘ပင်လုံစာချုပ်’၊ ၁၉၄၇ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် အင်္ဂလန်နိုင်ငံ၌ လက်မှတ်ရေးထိုးခဲ့သော ‘နု-အက်တလီစာချုပ်’များ ချုပ်ဆိုခဲ့သည်။ ထို့နောက် ယင်းစာချုပ်အသီးသီးကို ချုပ်ဆိုခဲ့မှုကြောင့် မြန်မာနိုင်ငံ လွတ်လပ်ရေးဥပဒေကြမ်းအား ဗြိတိသျှပါလီမန်သို့ တင်သွင်းခဲ့ရာမှ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက်၊ ခရစ်နှစ် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် တနင်္ဂနွေနေ့တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်။

### လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အဓိကအကျဆုံးအချက်

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရခဲ့သော်လည်း နယ်ချဲ့တို့ သွေးခွဲအုပ်ချုပ်ခဲ့သည့် စနစ်ဆိုးကြောင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြားတွင် စိတ်ဝမ်းကွဲပြားမှုများ ဖြစ်ပေါ်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေခဲ့သည့် လက်နက်ကိုင် ပဋိပက္ခများကို နှစ်ပေါင်းများစွာ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အဓိကအကျဆုံးအချက်သည် တိုင်းရင်းသား ညီအစ်ကိုမောင်နှမ အားလုံး၏ သွေးစည်းညီညွတ်မှုစွမ်းပကားဖြစ်သည်ကို တွေ့ရသည်။ ရရှိပြီးလွတ်လပ်ရေး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးသည်လည်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံး၏ သွေးစည်းညီညွတ်မှုဖြင့်သာ ဆောင်ကြဉ်းနိုင်မည်ဖြစ်သည်။

အထူးသဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် တိုင်းရင်းသားအားလုံး လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ သာတူညီမျှ အခွင့်အရေးရှိခြင်းနှင့် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခြင်းဟူသော မူများအပေါ် အခြေခံသည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးကိုမျှော်မှန်း၍ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကြီးတည်ဆောက်ရာတွင် နိုင်ငံတော်နှင့် လျော်ကန်သင့်မြတ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေးအတွက် ပြည်ထောင်စုအတွင်း ဥမကွဲ သိုက်မပျက် ရာသက်ပန် ပူးပေါင်းနေထိုင်သွားနိုင်ရန်၊ လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး တိုင်းရင်းသားအားလုံး တန်းတူညီမျှအခွင့်အရေး ရရှိရန်အတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးက လွတ်လပ်ရေး၏တန်ဖိုးကို သိရှိ၍ လွတ်လပ်ရေးကို အသက်ပေး ကာကွယ်ရမည်ဖြစ်ကြောင်း ၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

## ပျဉ်းမနားမြို့နယ်တွင် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်ပေး

**ပျဉ်းမနား ဒီဇင်ဘာ ၂၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ထိုက်သူပန် ကျေးရွာအရောက် ကျန်းမာရေးဆေးကုသမှုအဖွဲ့တို့ ပူးပေါင်း၍ ကျေးလက်ဒေသများသို့ အခမဲ့ ကွင်းဆင်းဆေးဝါးကုသမှုအဖြစ် ဒီဇင်ဘာ ၂၅ ရက်က ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျေးရွာအုပ်စု ဝဲကြီး(အရှေ့)ကျေးရွာ သီရိမင်္ဂလာဘုန်းတော်ကြီးကျောင်း၌ ဆေးကုသမှုများ ဆောင်ရွက်ခဲ့သည်။

ဆေးကုသရာတွင် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာလှိုင်လှိုင်ဌေးက ကလေးမိခင်များ လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ ဆောင်ရန်/ရှောင်ရန်အချက်များကို အသေးစိတ် ရှင်းလင်းဟောပြောကာ ထိုက်သူပန် ကျေးရွာအရောက် ကျန်းမာရေးကုသရေးအဖွဲ့မှ ခေါင်းဆောင် ဦးစိုးလှမြင့်က ကွင်းဆင်းကုသပေးမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဆေးရုံတက်ရောက်ရမည့် ဝဲကြီးကျေးရွာမှ လူနာသုံးဦးအား တစ်ဦးလျှင် ကျပ် ၄၀၀၀၀ နှုန်း ပေးအပ်လှူဒါန်းသည်။

ထို့နောက် လယ်ဝေး ခုတင် ၁၀၀ ဆံ့ဆေးရုံမှ သွားနှင့်ခံတွင်းအထူးကုဆရာဝန် ဒေါက်တာသိန်းသန်းထွန်း၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းမာလာကြင်နှင့် ဆရာဝန်များက ဒေသခံပြည်သူလူနာ ၂၃၀ ခန့်၏ ရောဂါများကို အခမဲ့ စမ်းသပ်ကုသပေးပြီး ဆေးရုံတက်ရောက်ရန်လိုအပ်သည့် ဝေဒနာရှင်များအား ပျဉ်းမနားခုတင် ၂၀၀ ဆေးရုံနှင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးသို့ ညွှန်းပို့ပေးခဲ့သည်။ ယခု ကွင်းဆင်းဆေးကုသရေးအဖွဲ့တွင် အဖြူရောင်အနာဂတ်မိသားစု ပရဟိတအဖွဲ့မှ ဦးလွင်ဦးကလည်း ဝဲကြီးကျေးရွာမှ ဒေသခံကလေး ၄၀ ခန့်အား အခမဲ့ ဆံပင်ညှပ်ပေး၍ ကုသိုလ်ပြုခဲ့သည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# ဗန်ကောက်မြို့ ဆာနမ်လွှန်တွင် နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ဗုဒ္ဓဘာသာဝင်များ၏ နှစ်သစ်ကူးအကြိုဆုတောင်းမေတ္တာပို့သခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၉

**နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ဗုဒ္ဓဘာသာဝင်များ၏ နှစ်သစ်ကူး ဆုတောင်းမေတ္တာ ပို့သခြင်း အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဆာနမ်လွှန်မင်္ဂလာ မဏ္ဍပ်၌ ကျင်းပပြုလုပ်သည်။ (ယာပုံ)**

ဆုတောင်းမေတ္တာပို့သခြင်း အခမ်းအနားသို့ မြန်မာနိုင်ငံမှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်ကြီး ၁၆ ပါးနှင့် ဗဟိုဝန်ဆောင်ဆရာတော်များ၊ တိပိဋကဆရာတော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သံဃနာယက ဆရာတော်များ အပါအဝင် သံဃာတော် စုစုပေါင်း ၃၁ ပါးနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အပါအဝင် လူပုဂ္ဂိုလ် ၂၆ ဦး တက်ရောက်ခဲ့ကြသည်။

**ဝတ်ပြုဆုတောင်းခြင်းပြုလုပ်မည်**

နှစ်သစ်အကြို ဆုတောင်းမေတ္တာပို့သခြင်း အခမ်းအနားကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဆာနမ်လွှန် မင်္ဂလာခန်းမတွင် ဒီဇင်ဘာ ၂၉ ရက်မှ ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းအထိ ကျင်းပသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၃၁ ရက် ည ၁၁ နာရီမှ စတင်ကာ နိုင်ငံပေါင်း ၁၂ နိုင်ငံမှ သံဃာတော်များက နှစ်သစ်ကူးအကြို ဝတ်ပြုဆုတောင်းခြင်းကို ပြုလုပ်သွားမည်ဖြစ်သည်။

**လှူဒါန်းခဲ့**

နှစ်သစ် အကြိုဆုတောင်းပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း ဗဟို (ဥက္ကဋ္ဌ)ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေက ကုန်ကျစရိတ်များကို ကျခံလှူဒါန်းခဲ့ခြင်းဖြစ်သည်။



ယမန်နှစ် ၂၀၁၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်သို့ ကူးပြောင်းခဲ့ပြီးဖြစ်သည့် နှစ်သစ်ကူး ဆုတောင်းပွဲအခမ်းအနားကို ရန်ကုန်မြို့ မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ ဇမ္ဗူဥသျှောင် မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံစေတီတော်တွင် နိုင်ငံပေါင်းစုံမှ သံဃာတော်များကို ပင့်ဖိတ်ကာ နှစ်သစ်ကူး ဆုတောင်းမေတ္တာပို့သခြင်း အခမ်းအနားကို Asian Buddhist Community ( ABC) နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းတို့မှ ပူးပေါင်းကာ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေး-မြစ်ကြီးနား-မန္တလေးလမ်းပိုင်းတွင် အမှတ်(၃၃)အဆန်၊ (၃၄)အစုန် လူစီးအမြန်ရထား၌ စက်ခေါင်းသစ်၊ တွဲသစ်များဖြင့် စတင်ပြေးဆွဲ

**မြစ်ကြီးနား ဒီဇင်ဘာ ၂၉**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံချေးငွေဖြင့် တည်ဆောက်သည့် စက်ခေါင်းသစ်များနှင့် လေအိတ်ပါဘိုဂီတပ်ဆင်ထားသည့် လူစီးတွဲသစ်များကို CMC.Co, မှ လွှဲပြောင်းပေးအပ်ခြင်းနှင့် မန္တလေး-မြစ်ကြီးနား-မန္တလေးလမ်းပိုင်း၌ အမှတ်(၃၃)အဆန်၊ အမှတ်(၃၄)အစုန် လူစီးအမြန်ရထားများ စတင်ပြေးဆွဲခြင်း အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် မြစ်ကြီးနားဘူတာ၌ ကျင်းပသည်။ **(ယာပုံ)**



**တိုးချဲ့ပြေးဆွဲပေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်ကြီးထွားစေခြင်းအပြင် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အခွင့်အလမ်းများ တိုးတက်ခံစားရမည်ဖြစ်ကြောင်း၊ ယခုလိုအပ်နေသည့် စက်ခေါင်းနှင့် လူစီးတွဲသစ်များကို မြန်မာ့မီးရထားအနေဖြင့် ကိုယ်တိုင်တည်ဆောက်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချေးငွေ အမေရိကန်ဒေါ်လာ ၉၄ ဒသမ ၅၃ သန်း သုံးစွဲပြီး စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)နှင့် လူစီးတွဲသစ်တည်ဆောက်ရေးစက်ရုံ(မြစ်ငယ်)တို့မှ စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာ့မီးရထားအနေဖြင့် စက်ခေါင်းနှင့် လူစီးတွဲသစ်များကို ကိုယ်တိုင်တည်ဆောက်နိုင်ခြင်းဖြင့် ရထားပို့ဆောင်ရေးလုပ်ငန်းတွင် ခရီးသည်၊ ကုန်စည်ဝန်ဆောင်မှုနှင့် လုံခြုံစိတ်ချရမှုတို့ကို ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ပါကြောင်း၊ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် လူစီးရထား ၂၆ စင်းနှင့် ကုန်ရထား အစုန်/အဆန် ခြောက်စင်း နေ့စဉ် ပြေးဆွဲပေးလျက်ရှိကြောင်း၊ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းအတွင်းရှိသည့် ဒေသခံအများစုမှာ ရထားကိုသာ အဓိကအားထားသွားလာရသည့် ဒေသကြီးဖြစ်သည့်အတွက် မြန်မာ့မီးရထားအနေဖြင့် လူစီးရထားများကို ရထားပြေးဆွဲနိုင်မှု Line Capacity ရနိုင်သမျှ တိုးချဲ့ပြေးဆွဲပေးလျက်ရှိကြောင်း ပြောကြားသည်။

**အမှာစကား ပြောကြား**

ဆက်လက်၍ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် CMC.Co, မှ ဒုတိယဥက္ကဋ္ဌ Mr. Zhao Jun တို့က အမှာစကား ပြောကြားကြသည်။

**လွှဲပြောင်းပေးအပ်**

ထို့နောက် CMC. Co, မှ ဒုတိယဥက္ကဋ္ဌ Mr. Zhao Jun က မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းထံ တည်ဆောက်ပြီး စက်ခေါင်းသစ်များနှင့် လူစီးတွဲသစ်များ၏ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရထားစီးခရီးသည်များကို လိုက်လံနှုတ်ဆက်ကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ယခုပြေးဆွဲပေးမည့် အမှတ်(၃၃)အဆန်၊ (၃၄)အစုန် လေအိတ်ပါ အထူးအမြန်ရထားသည် မန္တလေးဘူတာနှင့် မြစ်ကြီးနားဘူတာတို့မှ စတင်ထွက်ခွာပြီး လမ်းခရီး၌ ရွှေဘို၊ ကောလင်း၊ နဘား၊ မိုးညှင်း၊ မိုးကောင်းဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်သည်။ အထူးအမြန်ရထားသည် မန္တလေးမှ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပြီး မြစ်ကြီးနားသို့ နောက်တစ်နေ့ နံနက် ၆ နာရီတွင် လည်းကောင်း၊ မြစ်ကြီးနားမှ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ထွက်ခွာပြီး မန္တလေးသို့ နောက်တစ်နေ့ နံနက် ၅ နာရီ ၄၅ မိနစ်တွင် လည်းကောင်း ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# (၂၄)ကြိမ်မြောက် ရဲချုပ်ဒိုင်း တောတွင်းခရီးကြမ်း ငါးမိုင် အပြေးတက်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၉

**(၂၄)ကြိမ်မြောက် ရဲချုပ်ဒိုင်း တောတွင်းခရီးကြမ်း ငါးမိုင် အပြေးတက်ပြိုင်ပွဲကို ယနေ့ နံနက် ၅ နာရီတွင် အမှတ်(၂၀)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲ(နေပြည်တော်)၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးက ပြိုင်ပွဲဝင်အသင်းများကို သေနတ်ပစ်ဖောက် တာလွှတ်ပေးသည်။** (ဝဲပုံ)

**ဝင်ရောက်ယှဉ်ပြိုင်**

အဆိုပါပြိုင်ပွဲသို့ နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့၊ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ရဲတပ်ဖွဲ့များ၊ ရဲလေ့ကျင့်ရေးကျောင်းများမှ ပြိုင်ပွဲဝင်အသင်း ၄၂ သင်းက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုပေးပွဲကို ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က ပထမဆုရရှိသည့် အမှတ်(၁၈)လုံခြုံရေးရဲတပ်ဖွဲ့ခွဲအသင်း၊ ဒုတိယရဲချုပ်နှင့် တာဝန်ရှိသူများက ဒုတိယဆုရရှိသည့် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့အသင်း၊ တတိယဆုရရှိသည့် အမှတ်(၇)လုံခြုံရေးရဲတပ်ဖွဲ့ခွဲအသင်းနှင့် နှစ်သိမ့်ဆုရရှိသည့် အသင်း ၁၂ သင်းတို့ကို ဆုများပေးအပ်ကြသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်(၄)ရပ်ကို စွမ်းရည်ထက်မြက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကိုယ်ခန္ဓာကြံ့ခိုင်ကျန်းမာသန်စွမ်းရန်၊ စည်းကမ်းကောင်းမွန်ရန်၊ အရည်အသွေးပြည့်ဝသည့် နိုင်ငံတကာအဆင့်မီ ရဲတပ်ဖွဲ့ဖြစ်ရန် မြှင့်တင်ဆောင်ရွက်နေချိန်တွင် ရဲတပ်ဖွဲ့ဝင်များ၏ လက်ရုံးရည်၊ နှလုံးရည် ပြည့်စုံရန်၊ အမိန့်နာခံမှု၊ စိတ်ဓာတ် စည်းကမ်းကောင်းမွန်မှု၊ လျင်မြန်တက်ကြွစွာလှုပ်ရှားနိုင်မှု၊ ပင်ပန်းဆင်းရဲဒဏ်ခံနိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ အပြည့်အဝရရှိရန်ရည်ရွယ်၍ တောတွင်းခရီးကြမ်း ငါးမိုင် အပြေးတက်ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ရဲပြန်ကြား**

# မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)၏ (၃၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၉

**မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)၏ (၃၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ဇေယျာသီရိ မြို့နယ် ရေဆင်းကျေးရွာရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ရွှေရတုခန်းမဥ္စကျင်းပရာ တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့၊ တိရစ္ဆာန်မဟာ ဆေးသိပ္ပံဘွဲ့၊ ပါရဂူဘွဲ့များအပြင် ယခုနှစ်တွင် ပထမဆုံးအကြိမ်ချီးမြှင့်သည့် မွေးမြူရေးပညာဘွဲ့များအား ပေးအပ်ချီးမြှင့်ခဲ့သည်။**

ယနေ့နံနက်ပိုင်းတွင် ပါရဂူဘွဲ့ (Ph.D) ရရှိသူနှစ်ဦး၊ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ (M.V.Sc)ရရှိသူ ၁၀ ဦးနှင့် တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့(B.V.Sc)ရရှိသူ ၂၁၈ ဦးတို့ကို မွေးမြူရေး ဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)မှ ပါမောက္ခချုပ် ဒေါက်တာ မာမာဝင်းက ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပါမောက္ခချုပ်က အမှာစကားပြောကြားရာ နိုင်ငံတော်၏ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရမည့် မွေးမြူရေးဆေးကုဆရာဝန်ကောင်းများ အားသစ်လောင်းမွေးဖွားလာခြင်းကြောင့် နိုင်ငံတော်အနေဖြင့်လည်း ဂုဏ်ယူဝမ်းမြောက်ရသည့်နေ့ ဖြစ်ပါကြောင်း၊ ယနေ့ခေတ် မွေးမြူရေးဆေးကုဆရာဝန်များ၏ အခန်းကဏ္ဍအနေဖြင့် တိရစ္ဆာန် ကျန်းမာရေးနှင့် တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေး သက်သက်မဟုတ်ဘဲ လူထုကျန်းမာရေး၊ တိရစ္ဆာန်မှတစ်ဆင့် လူသို့ ကူးစက်တတ်သော ရောဂါများကာကွယ်ထိန်းချုပ်ရေး၊ မွေးမြူရေးလုပ်ငန်းထွက် ထုတ်ကုန်များဖြင့် စားနပ်ရိက္ခာဖူလုံရေး၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး စသည့်လုပ်ငန်းများပါ ပါဝင်နေခြင်းကြောင့် မိမိဝါသနာပါရာကို ရွေးချယ်လုပ်ကိုင်ရင်း နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က ထူးချွန်ဆရာမဆုရရှိသည့် ဒေါက်တာရင်ငြိမ်းအေး၊ တိရစ္ဆာန်ဆေးပညာသိပ္ပံဘွဲ့ရရှိသူများထဲမှ တန်းစဉ်အလိုက် စုစုပေါင်းရမှတ်အများဆုံးရရှိကြသည့် မမိုးမြင့်သွယ်၊ မလင်းချယ်ရီစန်းနှင့် မချစ်စုထွေးတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် မွေးမြူရေးပညာဘွဲ့(B.A.Sc) ရရှိသူများအား ပါမောက္ခချုပ် ဒေါက်တာမာမာဝင်းက ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး မွေးမြူရေးပညာဘွဲ့ရရှိသူများထဲမှ တန်းစဉ်အလိုက် စုစုပေါင်းရမှတ်အများဆုံးရရှိကြသည့် မဖြိုးသီတာအောင်၊ မရှုမငြီး၊ မယမင်းနိုင်တို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က ဆုများပေးအပ်ချီးမြှင့်သည်။

ယခုနှစ်တွင်ပေးအပ်သည့် မွေးမြူရေးပညာဘွဲ့(B.A.Sc) သည် အထူးပြုဘာသာရပ်အလိုက် နက်နဲကျယ်ပြန့်စွာသင်ကြားလေ့ကျင့်ပေးနိုင်ခြင်းဖြင့် လက်တွေ့နယ်ပယ်တွင် ထိရောက်စွာ ပြန်လည်အသုံးချနိုင်ပြီး ပြည်တွင်း၊ ပြည်ပ၌ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်၊ အပြည်ပြည်ဆိုင်ရာ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်များနှင့် လိုက်လျောညီထွေဖြစ်စေခြင်းဖြင့် ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုထိရောက်စွာ ပြုလုပ်နိုင်စေရန်ရည်ရွယ်၍ ၂၀၁၄- ၂၀၁၅ ပညာသင်နှစ်မှ စတင်ကာ တိရစ္ဆာန်ဆေးပညာဘွဲ့ ခြောက်နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့လေးနှစ်သင်တန်းအဖြစ် အထူးပြုဘာသာရပ်နှစ်ခုသီးခြားဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ယနေ့တွင် ပထမဆုံးအကြိမ် ဘွဲ့လက်မှတ် အပ်နှင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




ယခုနှစ်တွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ မွေးမြူရေးပညာဘွဲ့ရရှိသူ ၉၂ ဦး၊ ပါရဂူဘွဲ့ (Ph.D) ရရှိသူနှစ်ဦး၊ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့(M.V.Sc) ရရှိသူ ၁၀ ဦးနှင့် တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့(B.V. Sc)ရရှိသူ ၂၁၈ ဦးတို့ကို ဘွဲ့များ ပေးအပ်ချီးမြှင့်ခဲ့သည်။

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သည် စတင်တည်ထောင်ခဲ့သည့် ၁၉၅၇ ခုနှစ်မှ နှစ်ခြောက်ဆယ်ကျော်ကာလအတွင်း ယနေ့ဘွဲ့ယူသူများအပါအဝင် B.A.Sc ဘွဲ့ရ ၉၂ ဦး၊ B.V.Sc ဘွဲ့ရ ၅၄၄၆ ဦး၊ DipLIS ဘွဲ့ရ ၂၂၀၊ DipLPAဘွဲ့ရ ၄၄၉ ဦး၊ MPhil ဘွဲ့ရ ၂၁ ဦး၊ MVM ဘွဲ့ရ ကိုးဦး၊ M.V.Sc ဘွဲ့ရ ၂၇၉ ဦးနှင့် Ph.Dဘွဲ့ရ ၁၉ ဦးတို့ကို မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဇင်ဦး၊ ဝေသူနွယ်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - သီဟစည်သူ**

## တိုင်းပြည်အတွက်လိုအပ်တဲ့ ကျရာတာဝန်တွေကို စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်ကြပါလို့ တပည့်တွေကို တိုက်တွန်းမှာကြားလိုပါတယ်

**ပါမောက္ခချုပ် ဒေါက်တာမာမာဝင်း**


ပါမောက္ခချုပ် ဒေါက်တာမာမာဝင်း


ဒေါက်တာ စည်သူအောင်


ဖြူသန့်ထွန်း


မိုးမြင့်သွယ်


ဒေါက်တာ ရင်ငြိမ်းအေး


ဒေါက်တာ ခိုင်သဇင်နွယ်

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)၏ (၃၂) ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက်က ကျင်းပခဲ့သည်။

အဆိုပါတက္ကသိုလ်အနေဖြင့် မွေးမြူရေးဆိုင်ရာဆေးပညာရှင်များကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိပြီး ယနေ့အခမ်းအနားနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် ဆုရရှိသူများ၏ ဝမ်းမြောက်ပီတိစကားသံများကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ပါမောက္ခချုပ် ဒေါက်တာမာမာဝင်း (မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်)**

ဒီနေ့ကျင်းပတဲ့ အခမ်းအနားကတော့ (၃၂)ကြိမ်မြောက် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ရဲ့ ဘွဲ့နှင်းသဘင် အခမ်းအနား ဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ မွေးမြူရေးပညာဘွဲ့ဆိုတဲ့ B.V.Sc ဘွဲ့ကို ပထမဆုံးအကြိမ် မွေးထုတ်ပေးတာ ဖြစ်ပါတယ်။ အခုလို မွေးထုတ်ပေးတဲ့ ကျောင်းသား ကျောင်းသူတွေကို အစိုးရလုပ်ငန်းတွေဖြစ်တဲ့ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနမှာ သော်လည်းကောင်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှာ သော်လည်းကောင်း၊ တိရစ္ဆာန်ဆေးကုခန်းတွေမှာသော်လည်းကောင်း၊ ပုဂ္ဂလိက တိရစ္ဆာန်ဆေးကုခန်းတွေမှာ သော်လည်းကောင်း၊ တိရစ္ဆာန်ရုံတွေမှာ သော်လည်းကောင်း၊ စည်ပင်သာယာရေးကော်မတီတွေမှာ သော်လည်းကောင်း နေရာအနှံ့အပြားမှာ ဝင်ရောက်လုပ်ကိုင်နိုင်သလို NGO လုပ်ငန်းတွေမှာလည်း ပါဝင်ဆောင်ရွက်နေတာ ရှိပါတယ်။

ကျွန်မတို့အနေနဲ့ တိရစ္ဆာန်မွေးမြူရေးနဲ့ ဆေးကုသရေးတက္ကသိုလ်ဆိုပေမယ့်လည်း တိရစ္ဆာန်တွေကနေ လူကိုကူးစက်တတ်တဲ့ရောဂါတွေကို ကာကွယ်ထိန်းချုပ်ဖို့အတွက်လည်း အရေးကြီးတဲ့ အခန်းကဏ္ဍကနေပါနေတာမို့ အခုခေတ်ရဲ့ တစ်ခုတည်းသောကမ္ဘာ၊ တစ်ခုတည်းသော ကျန်းမာရေး (One World One Health) ဆိုတဲ့ အစီအစဉ်မှာ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်က ကျောင်းဆင်းဘွဲ့ရများနဲ့ အထူးအရေးပါတဲ့ ကဏ္ဍကနေပါဝင်နေတယ်ဆိုတာကို ပြောကြားလိုပါတယ်။ နှစ်တိုင်း တစ်နှစ်ကို ကျောင်းသား ၂၅၀ ခေါ်ပြီးမွေးထုတ်ပေးနေပါတယ်။

ဒီတက္ကသိုလ်တက်ရောက်ဖို့အတွက် အရင်တုန်းက ဝင်ခွင့်စာမေးပွဲတွေလုပ်ပေမယ့်လည်း အခုကတော့ ဆယ်တန်းအောင်မှတ်ကိုမူတည်ပြီး ရွေးချယ်တာ ဖြစ်ပါတယ်။ တက္ကသိုလ်ဝင်ခွင့်ကို အမှတ်နဲ့ရွေးချယ်တာကို ပြီးခဲ့တဲ့သုံးနှစ်ကစပြီး လုပ်ခဲ့ပါတယ်။ တိုင်းပြည်အတွက် လိုအပ်တဲ့ ကျရာတာဝန်တွေကို စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်ကြပါလို့ တပည့်တွေကို တိုက်တွန်းမှာကြားလိုပါတယ်။

**ဒေါက်တာ စည်သူအောင် (လူထုကျန်းမာရေးပညာအထူးပြု ပါရဂူဘွဲ့- Ph.D)**

ကျွန်တော့်ရဲ့အဓိကအထူးပြုတာကတော့ ပြည်သူလူထုကျန်းမာရေးအသိပညာပေးခြင်း ဖြစ်ပါတယ်။ အခု ကမ္ဘာပေါ်မှာဆိုရင် တိရစ္ဆာန်ကနေလူတွေကို ကူးစက်တာ ၇၀ ရာခိုင်နှုန်းကျော်ဖြစ်နေတာကိုသိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့မွေးမြူ/ ဆေးကုဆရာဝန်တွေဟာ တိရစ္ဆာန်ဆေးကုသရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေအပြင် ပြည်သူလူထုရဲ့ ကျန်းမာရေးအတွက် လိုအပ်တဲ့သားငါးကဏ္ဍတွေ၊ တိရစ္ဆာန်ကနေလူကို ကူးစက်နိုင်တဲ့ရောဂါတွေကို ကာကွယ်တားဆီးပေးဖို့အတွက် ဆက်လက်ကြိုးပမ်းသွားမယ်လို့ သန္နိဋ္ဌာန်ချထားပါတယ်။

ပါရဂူဘွဲ့ရဖို့အတွက်ဆိုရင် အမှတ်ကြိမ်နှုန်းတွေမီဖို့ လိုပါတယ်။ စတဲ့ B.V.Sc မှာတင် တစ်ဘာသာကို ၆၅ မှတ်နှုန်းရမှသာ မဟာဘွဲ့ကိုဆက်တက်ရမှာ ဖြစ်ပြီး မဟာဘွဲ့က အဆင့်မီမှသာလျှင် ပါရဂူဘွဲ့ကို တက်လှမ်းနိုင်မှာ ဖြစ်တဲ့အတွက်အခြေခံမှာတင် သေသေချာချာ ကြိုးစားအားထုတ်ဖို့ လိုပါတယ်။

**မိုးမြင့်သွယ် (တိရစ္ဆာန်ဆေးပညာသိပ္ပံဘွဲ့- B.V.Sc) တန်းစဉ်အလိုက်အမှတ်အများဆုံး ပထမဆုရရှိသူ**

ကျွန်မကတော့ တိရစ္ဆာန်ဆေးပညာ သုတေသနလုပ်ငန်းတွေကို စဉ်ဆက်မပြတ်လေ့လာလိုက်စားဖို့လည်း လိုပါတယ်။ နိုင်ငံတကာကို မျက်ခြည်မပြတ်စေဘဲနဲ့ သုတေသနလုပ်ငန်းတွေကနေ ထိထိရောက်ရောက်အကျိုးရှိရှိအသုံးချမယ်ဆိုရင် ကျွန်တော်တို့ တက္ကသိုလ်ကလည်း များစွာပံ့ပိုးပေးပါတယ်။

ဒီပါရဂူဘွဲ့အတွက် ဂျပန်နိုင်ငံ Hokkaido တက္ကသိုလ်နဲ့ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့ ပူးပေါင်းပြီးတော့ သုတေသနလုပ်ငန်းတွေကို Molecular Level အထိ ရောက်အောင်နိုင်ငံတော်ကနေ ပံ့ပိုးကူညီပေးထားတာ ဖြစ်ပါတယ်။ ကျွန်တော်အဓိကလုပ်ခဲ့တဲ့ သုတေသနကတော့ခြင်ကနေ လူကိုကူးစက်တဲ့ နှလုံးသန်ကောင်ပိုးအကြောင်းကို ပြုလုပ်ခဲ့ပါတယ်။ ခြင်က ခွေးတွေ၊ ကြောင်တွေကို ကိုက်ပြီးနောက် လူတွေကိုကိုက်ရာကတစ်ဆင့် နှလုံးသန်ကောင်ရောဂါနဲ့ အဆုတ်ကင်ဆာအထိဖြစ်နိုင်တဲ့ နှလုံးသန်ကောင်ပိုးအကြောင်းကို လေ့လာထားတာ ဖြစ်ပါတယ်။

ခြင်ကနေ လူတွေကို ကူးစက်တတ်တဲ့ ငှက်ဖျားရောဂါ၊ ဆင်ခြေထောက်ရောဂါများအပြင် နှလုံးသန်ကောင်ပိုးကြောင့်ဖြစ်တဲ့ ရောဂါတွေကိုလည်း ဖြစ်တတ်တာကြောင့် သတိထားပြီးတော့ ခြင်မကိုက်အောင် ကျန်းမာရေးအသိရှိဖို့အတွက်လည်း ဒီနေရာကနေ အသိပေးချင်ပါတယ်။

**ဖြူသန့်ထွန်း(တိရစ္ဆာန်ဆေးပညာသိပ္ပံဘွဲ့- B.V.Sc)**

ကျွန်မ အခုရတဲ့ဘွဲ့နဲ့ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနကို ဝင်ပြီးတော့ တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွေ၊ နိုင်ငံတော်ရဲ့ သားငါးကဏ္ဍဖွံ့ဖြိုးမှုလုပ်ငန်းတွေ၊ တိရစ္ဆာန်ကနေတစ်ဆင့် လူကိုကူးစက်ဖြစ်ပွားတတ်တဲ့ ရောဂါတွေ၊ တိရစ္ဆာန်ကနေတစ်ဆင့် လူထုကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့ ဝင်ရောက်လုပ်ကိုင်သွားမှာပါ။ ကျွန်မတက်လာခဲ့တဲ့ကာလတစ်လျှောက် ခန္ဓာဗေဒဌာနမှာလုပ်ရတဲ့ပညာရပ်တွေကတော့ အမှတ်တရဖြစ်ပါတယ်။ အဲဒီဌာနမှာသုတေသနစာတမ်းတစ်ခု ပြုလုပ်ခဲ့ပါတယ်။ ကျွန်မတို့တတ်ထားတဲ့ ပညာထဲမှ တစ်ဆင့် နိုင်ငံတော်တိုးတက်ရေးမှာ တစ်ထောင့်တစ်ကဏ္ဍကနေ ပါဝင်လုပ်ဆောင်ချင်ပါတယ်။

**မိုးမြင့်သွယ် (တိရစ္ဆာန်ဆေးပညာသိပ္ပံဘွဲ့- B.V.Sc) တန်းစဉ်အလိုက်အမှတ်အများဆုံး ပထမဆုရရှိသူ**

ကျွန်မကတော့ တိရစ္ဆာန်ဆေးပညာသိပ္ပံဘွဲ့- B.V.Sc ကို ဒီနေ့မှာ ရရှိခဲ့ပြီး တန်းစဉ်အလိုက် အမှတ်အများဆုံးဆုကို ရရှိခဲ့ပါတယ်။ ဒီဆုကို ရရှိတာကတော့ ညီမ ပထမနှစ်ကတည်းက တစ်နေ့ပေးတဲ့စာကို ပုံမှန်မကျက်ဖြစ်ရင်တောင် ပြန်ဖတ်ဖြစ်ပါတယ်။ တက္ကသိုလ်တက်တယ်ဆိုတာက အမြဲတမ်းစာကျက်နေစရာမလိုဘူး။ အကြောင်းရဲ့ Activity တွေလည်း အားလုံးပါဝင်တယ်။ တစ်နေ့ပေးတဲ့စာကို နည်းနည်းပြန်ဖတ်တယ်။ ပြန်ပြီးတော့လေ့လာတယ်။ စာမေးပွဲတိုင်းမှာလည်း အမှတ်မြင့်မြင့်ရအောင် ကြိုးစားပါတယ်။ စာဆိုတာ တအားတွန်းကျက်စရာ မလိုပါဘူး။ ပုံမှန်လေးပဲ လုပ်ရင် အဆင်ပြေပါတယ်။ နောက်ဆုံးမှာ B.V.Sc ဖြစ်ဖြစ် DVM ဖြစ်ဖြစ်၊ B.A.Sc ဘွဲ့ဖြစ်ဖြစ် ရရမယ်ဆိုတဲ့ ရည်မှန်းချက်လေးတစ်ခုထားပြီး ပုံမှန်လုပ်သွားရင် အဆင်ပြေအောင်မြင်နိုင်ပါတယ်။

**ဒေါက်တာ ရင်ငြိမ်းအေး (လက်ထောက်ကထိက၊ ဆေးပညာဌာန) စံပြသင်တန်းသားဆုရရှိသူ**

ကျွန်မကတော့ အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၅၅)မှာ တက်ရောက်ခဲ့ပြီး စံပြသင်တန်းသားဆုကို ရရှိခဲ့ပါတယ်။

*စာမျက်နှာ ၉ သို့*

# အနာဂတ်ကြယ်ပွင့်များစွာ ပေါ်ထွက်လာဖို့အတွက် ကလေးစာပေပွဲတော်ကို မကြာခဏလုပ်ပေးစေချင်


ဒေါ်လွင်လွင်စိန်


နန်းမေရှင်းသန့်


နန်းစန္ဒီမင်းလွင်


နန်းဝင်းစန္ဒီအေး


စိုင်းသိန်းသန်းဦး

ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (မူဆယ်) ကို ဒီဇင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီ အထိ မူဆယ်မြို့ မင်္ဂလာမူဆယ် (မြို့သစ်စီမံကိန်း အိမ်ရာ) တွင် စည်ကားပျော်ရွှင်စွာ ကျင်းပလျက်ရှိသည်။

ကလေးစာပေပွဲတော် ဒုတိယနေ့အဖြစ် ယနေ့တွင် တက်ရောက်လာသည့် ဒေသခံတိုင်းရင်းသားများ၊ ကျောင်းသားကျောင်းသူများ၊ စာအုပ်ဈေးရောင်းသူများ၊ ပြခန်းပြသသူများက ကလေးစာပေပွဲတော်နှင့်ပတ်သက်၍၎င်းတို့၏ သဘောထားအမြင်များကို တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြပါသည်။

**ဒေါ်လွင်လွင်စိန်**
**လက်ထောက်ညွှန်ကြားရေးမှူး၊**
**ခရိုင်စိုက်ပျိုးရေးဦးစီးဌာန**

ကျွန်မ မူဆယ်မှာ တာဝန်ကျတာ ခြောက်နှစ်ရှိပါပြီ။ ဒီပွဲလေးကတော့ မူဆယ်မြို့မှာ ပထမဦးဆုံးအကြိမ် ကြုံတွေ့ရတာ ဖြစ်ပါတယ်။

လာမယ့် မျိုးဆက်သစ်လေးတွေအတွက် အင်မတန်မှပဲ ကောင်းတဲ့ပွဲလေးဖြစ်ပါတယ် ။

ဒီလိုမျိုးပွဲတွေကို သက်ဆိုင်ရာက ဦးဆောင်ပြီး မကြာခဏ ပြုလုပ်ပေးဖို့ မျှော်လင့်ပါတယ်။ ဒီပွဲလေးပြုလုပ်ပေးတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ဒီမှာရှိတဲ့ ကလေးတွေရော ကလေးမိဘတွေရော သူတို့ရဲ့အနာဂတ်အတွက် သူတို့ရဲ့ အမြင်လေးတွေ ဖွံ့ဖြိုးလာနိုင်ဖို့လုပ်ပေးတဲ့အတွက် သူတို့အနာဂတ်အတွက် အလွန်ကောင်းလာမယ်လို့ မျှော်လင့်ပါတယ်။

**နန်းမေရှင်းသန့်**
**ရှမ်းပြည်နယ်မြောက်ပိုင်း**
**ကိုယ်စားပြုအလှမယ်တစ်ဦး**

ကလေးစာပေပွဲတော် လုပ်ပေးခြင်းအားဖြင့် ကလေးတွေ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်လာမယ်။ အခုခေတ်ဆိုရင် မိဘတွေက သားသမီးတွေအတွက် အချိန်မပေးနိုင်ဘူးဆိုရင် ကလေးတွေက ဖုန်းတွေနဲ့ အချိန်ကုန်နေကြတယ်။ ဒီလိုစာပေပွဲတော် လုပ်ပေးခြင်းအားဖြင့် ကလေးတွေ စာဖတ်တာတွေပိုပြီး အားသန်လာမယ်။ စာပေနဲ့ပတ်သက်တဲ့ ဂိမ်းကစားနည်းတွေလည်း လုပ်ထားပေးတဲ့အတွက်ကလေးတွေလည်း တော်တော်ပျော်ကြတယ်။ နောက်ပြီးဉာဏ်ရည်ကိုဖွံ့ဖြိုးတိုးတက်စေတဲ့ ကစားနည်းလေးတွေလည်း ထည့်သွင်းထားတဲ့အတွက် ကလေးတွေအတွက် များစွာအကျိုးရှိပါတယ်။ ညီမခံစားချက်ကတော့ မူဆယ်မြို့မှာ ကလေးစာပေပွဲတော်ကို များများလုပ်ခိုင်းစေချင်တယ်။ ဂိမ်းတွေကစားတာထက် စာပေနဲ့ပတ်သက်တဲ့ အားကစားနည်းလေးတွေလုပ်ပေးတာပိုပြီး သဘောကျတယ်။ မူဆယ်မြို့ရဲ့အနာဂတ်ကြယ်ပွင့်လေးတွေများစွာ ပေါ်ထွက်လာဖို့အတွက် ကလေးစာပေပွဲတော်ကို မကြာခဏလုပ်ပေးစေချင်ပါတယ်။

**နန်းစန္ဒီမင်းလွင်**
**ရွှေရုပ်ကလေးသင်ထောက်ကူပစ္စည်း**
**အရောင်းဆိုင်**

မူဆယ်မှာ ကလေးစာပေပွဲတော်ပြုလုပ်ပေးတဲ့အတွက် အလွန်ကောင်းပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့မူဆယ်မှာက စာဖတ်အားနည်းကြတယ်။ အခုဒီလိုကလေးစာပေပွဲတော် လာလုပ်ပေးတော့ ကလေးတွေလည်း တစ်နေရာတည်းမှာ စာပေများစွာ လေ့လာနိုင်တာမို့ ကလေးတွေအတွက် အများကြီးကောင်းတယ်။ ဒီမြို့မှာ စာအုပ်ဆိုင်တွေနည်းတော့ လူကြီးတွေအတွက်ရော ကလေးတွေအတွက်ပါ စာအုပ်တွေကို တစ်နေရာတည်းမှာ ရှာလို့ရတော့ အတော်ကောင်းတယ်။

**နန်းဝင်းစန္ဒီအေး**
**ပန်းစုံရွှေပြည်**
**ကိုယ်ပိုင်အထက်တန်းကျောင်း**

ကလေးစာပေပွဲတော် ကျင်းပပေးတဲ့အတွက် အလွန်ပျော်ပါတယ်။ အခု ဒီပွဲလေးက မူဆယ်မှာ ပြုလုပ်ပေးတာ ပထမဆုံးအကြိမ်လို့ သိရပါတယ်။ သမီးတို့အတွက်စာအုပ်တွေလည်း အများကြီး လေ့လာလို့ရတယ်။ ဂိမ်းကစားပွဲတွေလည်း အများကြီးပါတော့ ပျော်ဖို့ အင်မတန်ကောင်းပါတယ်။ သမီးတို့အတွက် တိုင်းရင်းသားယဉ်ကျေးမှု ပြခန်းတွေ အများကြီးလေ့လာရတယ်။ ဌာနဆိုင်ရာ ပြခန်းတွေကနေ အသိပညာ ဗဟုသုတတွေ အများကြီးရတယ်။ နောက်လည်း အမြဲဒီလိုပွဲမျိုးလုပ်ပေးစေချင်ပါတယ်။

**စိုင်းသိန်းသန်းဦး**
**ရှမ်းစာပေနှင့်ယဉ်ကျေးမှုပြခန်းတာဝန်ခံ**

ကလေးတွေဆိုတာ နောင်လာမယ့် လူကြီးတွေရဲ့ အနာဂတ်ဖြစ်ပါတယ်။ ကလေးတွေကြိုးစားပြီး တိုးတက်လာမယ်ဆိုရင် နောင်လာမယ့် အနာဂတ်တိုင်းပြည်အတွက် အင်မတန်ကောင်းတဲ့ကြယ်ပွင့်လေးတွေ ဖြစ်လာမယ်လို့ ယုံကြည်မိပါတယ်။ တိုင်းရင်းသားပြခန်းတွေ ခင်းကျင်းပြသရတဲ့အတွက် သမိုင်းဆိုင်ရာ အကြောင်းအရာတွေကို ကလေးတွေ သိခွင့်ရမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်က ကလေးတွေ တစ်စုတစ်စည်းတည်း ပျော်မြူးရွှင်မြူးလုပ်ရတဲ့အတွက် အမှတ်တရဖြစ်စေပါတယ်။ ပြခန်းတွေမှာ ဓာတ်ပုံတွေ ရိုက်သွားကြတဲ့အတွက် ပြည်ထောင်စုစည်းလုံးညီညွတ်ရေးကို ပိုပြီးနားလည် သိရှိစေပါတယ်။ ဒီပွဲလေးအတွက် အင်မတန်ပီတိဖြစ်မိပါတယ်။ အရင်က မရှိဖူးခဲ့တဲ့ ဒီပွဲလေးအတွက် ရွှေလီမြစ်ကမ်းတစ်ဝိုက်က ကလေးတွေအတွက် အချင်းချင်းစည်းလုံးညီညွတ်ပြီး ပျော်ရွှင်မှုကို ဖြစ်စေပါတယ်။

**တွေ့ဆုံမေးမြန်းနှင့်ဓာတ်ပုံ**
**စိုင်းထွန်းနေလှိုင်**

*စာမျက်နှာ ၈ မှ*

ဒီသင်တန်းကို တက်တဲ့အခါ ဝန်ကြီးဌာနပေါင်းစုံကသူ့နေရာအလိုက် အကြောင်းအရာတွေ ဆွေးနွေးကြတဲ့အခါ ဗဟုသုတတွေလည်း အများကြီးရကြတယ်။ သူတို့က တင်ပြပြောဆိုမှုတွေ ပေးတဲ့အခါကျတော့ ဗဟုသုတတွေ အများကြီးရပါတယ်။ အမှတ်ပေးတာ ကျတော့ စာမေးပွဲတစ်ခုတည်းကို မဟုတ်ဘူး။ တစ်ယောက်နဲ့ တစ်ယောက်လည်း အမှတ်ပေးရပါတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း အမှတ်ပေး ရပါတယ်။ တစ်ယောက်နဲ့တစ်ယောက် သုံးသပ်ပြီး ဆယ်ယောက်တစ်ဖွဲ့ ဖွဲ့ပြီး အမှတ်တွေ ပေးရတာပါ။ စာတစ်ခုတည်း မဟုတ်ပါဘူး။ Presentation အမှတ်တွေရှိတယ်။ စာတမ်းရေးတဲ့အမှတ်တွေ စုပေါင်းပြီးတော့ ကျွန်မကအမှတ်အများဆုံးနဲ့ စံပြဆုကိုရရှိခဲ့တာ ဖြစ်ပါတယ်။

**ဒေါက်တာခိုင်သဇင်နွယ် (တိရစ္ဆာန်ဆေးပညာမဟာသိပ္ပံဘွဲ့- M.V.Sc)**

ကျွန်မကတော့ ၂၀၁၄ ခုနှစ်မှာ တိရစ္ဆာန်ဆေးပညာသိပ္ပံဘွဲ့ကို ရရှိခဲ့ပြီးတော့ အခု ၂၀၁၈ ခုနှစ်မှာတော့ တိရစ္ဆာန်ဆေးပညာ မဟာသိပ္ပံဘွဲ့ကို ရရှိခဲ့တာ ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှာ ဒုတိယဦးစီးမှူး တာဝန်ထမ်းဆောင်နေရင်းနဲ့ မဟာဘွဲ့ကို ဆက်တက်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်မကတော့လူထုကျန်းမာရေးပညာအထူးပြု ယူထားတာဖြစ်တဲ့အတွက် တိရစ္ဆာန်ကနေ လူကိုကူးစက်တဲ့ ရောဂါတွေအကြောင်းကို လေ့လာရတာ ဖြစ်ပါတယ်။ ဒီလိုလေ့လာထားတဲ့အတွက် မသိသေးတဲ့သူတွေကိုလည်း မျှဝေလို့ရတယ်။ လူတွေအတွက်ရော တိရစ္ဆာန်တွေအတွက်ပါ အထောက်အကူပေးနိုင်တဲ့အတွက် ဒီမေဂျာကို လေ့လာဖြစ်တာပါ။

**တွေ့ဆုံမေးမြန်း - ဝေသူနွယ်**
**ဓာတ်ပုံ - ဇင်ဦး(မြန်မာ့အလင်း)**

# ကလေးစာပေပွဲတော် (မူဆယ်) ဒုတိယနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မူဆယ် ဒီဇင်ဘာ ၂၉**

မူဆယ်တွင် ကျင်းပလျက်ရှိသော ကလေးစာပေပွဲတော်(မူဆယ်) ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိကျင်းပရာ မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ မန့်ဟီးရိုးမြို့နယ်နှင့် ပန်ဆိုင်း(ကျူကုတ်)မြို့နယ်များမှ ပွဲတော်လာကျောင်းသား ကျောင်းသူများ၊ စာပေဝါသနာရှင်များ၊ မိဘပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

မူဆယ်ကလေးစာပေပွဲတော်တွင် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဂိမ်းပြိုင်ပွဲတို့ ကျင်းပလျက်ရှိပြီး စာပေဆွေးနွေးပွဲတွင် အနာဂတ်အတွက် ကလေးစာပေ ခေါင်းစဉ်ဖြင့် ဆရာမောင်လင်းရိပ်က ဦးဆောင်၍ ဆရာမင်းထက်မောင်၊ ဆရာနှင်းခါးမိုး၊ ဦးဝင်းချို့နှင့် ဆရာမဒေါ်ကြည်မွေ့အိမ်တို့က လည်းကောင်း၊ ကလေးများအတွက် စာဖတ်ရှိန်မြှင့်တင်ရေး ခေါင်းစဉ်ဖြင့် မောင်ကြည်ဝင်းက ဦးဆောင်၍ မောင်ခိုင်လတ်၊ ဦးကျော်လှိုင်၊ ကိုလေးမြတ်နှင့် လဲ့ဝင်းကြည်(ချို) တို့ကလည်းကောင်း ပညာပေးဆွေးနွေးခဲ့ကြသည်။

အသိပညာပေးပြခန်းများအနေဖြင့် ရှမ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းများ ပြခန်း၊ ဗမာတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအသုံးအဆောင်ပစ္စည်းများ ပြခန်း၊ ရခိုင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းများ ပြခန်း၊ လီဆူတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအသုံးအဆောင်ပစ္စည်းများ ပြခန်း၊ ကရင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းများ ပြခန်း၊ မူးယစ်ဆေးဝါးအသိပညာပေး ပြခန်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးပြခန်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးပြခန်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးပြခန်း၊ ကျန်းမာရေးအသိပညာပေးပြခန်း၊ အခြေခံပညာကျောင်းများ ပြခန်းနှင့် ICTC ကိုယ်ပိုင်ကျောင်း ပြခန်းများကို ခင်းကျင်းပြသရာ ပွဲတော်လာညီ့ ပရိသတ်များဖြင့် စည်ကားလျက်ရှိသည်။


ကလေးစာပေပွဲတော်(မူဆယ်) ဒုတိယနေ့တွင် စာအုပ်များရွေးချယ်ဝယ်ယူနေကြသည်ကို တွေ့ရစဉ်။


လီဆူတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းပြခန်းကို တွေ့ရစဉ်။

ပွဲတော်တွင် ဖျော်ဖြေရေးအစီအစဉ်များအနေဖြင့် အခြေခံပညာအထက်တန်းကျောင်းများ၊ ICTC ကိုယ်ပိုင်ကျောင်းမှ ကျောင်းသား ကျောင်းသူများက အာဆီယံမြန်မာတေးသီချင်း၊ ကဗျာလွတ်အက၊ ယပ်တောင်ယိမ်းအက၊ ရှမ်းရိုးရာယဉ်ကျေးမှုအက၊ ကရင်ဒုံးယိမ်းအက၊ ကချင်ရိုးရာယဉ်ကျေးမှုအက စသည့်အစီအစဉ် ၂၀ ဖြင့် ကပြဖျော်ဖြေပြီး၊ ကလေးသူငယ် ဉာဏ်ရည်မြင့်မားစေရန်အတွက် အထောက်အကူဖြစ်စေမည့် စာအုပ်အရောင်းဆိုင်များတွင်လည်းဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ပွဲတော်သို့ လာရောက်သူများကိုလည်း နယူးစတားလိုက် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ သာဂူကျိုဖြင့် စေတနာရှင်ညှော့ခံကျွေးမွေးခဲ့သည်။

ကလေးစာပေပွဲတော်များကို နိုင်ငံ၏ နောင်အနာဂတ်တွင် ခေါင်းဆောင်များဖြစ်လာကြမည့်ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးများနှင့် အယူအဆများ ထက်မြက်လာစေရန်၊ ကလေးများ၏ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်နှင့် နှုတ်မှုရေးရာ ပြောဆိုနိုင်သည့် စွမ်းရည်များမြင့်မားလာစေရန်၊ ကလေးစာပေနှင့် ထိတွေ့ရင်းနှီးခွင့်ရပြီး စာဖတ်ဝါသနာပါလာစေရန်နှင့် ကလေးများ၏ ပျော်ရွှင်မှုကို ဖန်တီးပေးနိုင်ရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာဂန္ထဝင်အတွဲ (၁၀၀) စာစဉ် အတွဲ -၃ ထုတ်ဝေဖြန့်ချိ

## နေရီရီ၊ တနန်းပျော်၊ မှာတော်ပုံ

မြန်မာဂန္ထဝင်အတွဲ (၁၀၀) စာစဉ်၊ အတွဲ (၃) တွင် ဝတ္ထုရှည်သုံးပုဒ် ပါဝင်သည်။ ၎င်းတို့မှာ ပီမိုးနင်း၏ "နေရီရီ"၊ ဦးလတ်၏ "တနန်းပျော်ရင်သွေးတော်" နှင့် သခင်ကိုယ်တော်မှိုင်း၏ "မှာတော်ပုံ" ဝတ္ထုတို့ ဖြစ်သည်။

"နေရီရီ" နှင့် "တနန်းပျော်ရင်သွေးတော်" ဝတ္ထုတို့သည် ၁၉၂၀ ပြည့်နှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သော ဝတ္ထုများဖြစ်သည်။ "မှာတော်ပုံ" ဝတ္ထုသုံးအုပ်ကို ၁၉၁၆၊ ၁၉၁၉၊ ၁၉၂၁ ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေသည်။ ထို့ကြောင့် ထိုဝတ္ထုများသည် ၁၉၂၀ ပြည့်နှစ် ပတ်ဝန်းကျင်အတွင်း ထုတ်ဝေခဲ့သော ဝတ္ထုများဟု ဆိုနိုင်သည်။ မြန်မာဝတ္ထုများသည် ၁၉၂၀ ပြည့်နှစ်မှစ၍ ဝတ္ထု ပုံသဏ္ဌာန် ပို၍ပီပြင်လာသည်ဟု သုတေသီများက မှတ်ချက်ချကြရာ ဝတ္ထုပုံသဏ္ဌာန် ပို၍ပီပြင်လာသော ခေတ်၌ ပုံနှိပ်ထုတ်ဝေခဲ့သော ယခုထုတ်ဝေသည့် ဝတ္ထုသုံးပုဒ်သည် သုတေသီတို့၏ မှတ်ချက်ပြုလောက်စရာ အခြေခံများ ဖြစ်နေကြသည်ကို တွေ့နိုင်ပါသည်။




### နေရီရီ

"နေရီရီ" ဝတ္ထုတွင် အဓိကဇာတ်ဆောင် သုံးဦးရှိသည်။ မောင်နေဝင်း၊ ရီရီနှင့် မြို့အုပ်မောင်ဖုန်းကျော်တို့ ဖြစ်သည်။ ဇာတ်လမ်း အကျဉ်းချုပ်မှာ မောင်နေဝင်းသည် မိဘမဲ့ကလေးဖြစ်သည်။ ဦးလေးဖြစ်သူ၏ စောင့်ရှောက်မှုအောက်တွင် နေရသော်လည်း ဦးလေး၏ဇနီးက ကြည်ကြည်ဖြူဖြူ မရှိ၊ မောင်နေဝင်းသည် ချို့ချို့ငဲ့ငဲ့နှင့် ကျောင်းနေရသူဖြစ်သည်။ ရီရီ၏ဖခင်သည် ထားဝယ်မြို့အုပ်ဖြစ်၍ ထားဝယ်၌ နေရသူဖြစ်၏။ မိခင်ကွယ်လွန်သွားသောအခါ အဘွားနှင့် ရန်ကုန်၌ လာရောက်နေသည်။ ရီရီနှင့် မောင်နေဝင်းသည် တစ်ကျောင်းတည်းတက် စာသင်ဖက်များဖြစ်သောကြောင့် ခင်မင်ရင်းနှီးကြသည်။ မောင်နေဝင်းက ချို့တဲ့သောကြောင့် ရီရီက တတ်နိုင်သမျှ ပံ့ပိုးကူညီသည်။ ရီရီ၏ ဖခင်နေထိုင်မကောင်းသောအခါ ရီရီကိုပြန်ခေါ်သောကြောင့် ရီရီ ထားဝယ်သို့ ပြန်သွားရသည်။

ရီရီထားဝယ်ပြန်သွားသည့်အခါ မောင်နေဝင်းက သင်္ဘောဆိပ်ကို လိုက်ပို့သည်။ ရီရီသည် သင်္ဘောဆိပ်ဆင်းမည့် မြင်းရထားရှိရာကို ပြေးသွားသည့်အခါ လက်ကိုင်ပဝါလေးကျသွားသည်။ မောင်နေဝင်းသည် ထိုလက်ကိုင်ပဝါလေးကို ကောက်ယူပြီး ရီရီကိုမပေးဘဲ မိမိအင်္ကျီအိတ်ထဲထည့်၍ သိမ်းထားလိုက်လေ၏။ ရီရီသည် ထားဝယ်သို့ရောက်ပြီး ခြောက်လခန့်ကြာသောအခါ မောင်နေဝင်းထံကို ချောကလက်များနှင့် သကြားလုံးများပို့ပေးလိုက်၏။ မောင်နေဝင်းသည် ရီရီ၏လက်ကိုင်ပဝါနှင့်ချောကလက်များ၊ သကြားလုံးများကို ဖာကလေးတစ်လုံး၌ ထည့်ကာ သိမ်းထားလေ၏။


တစ်နှစ်ခန့်အကြာ မောင်နေဝင်း၏ဦးလေး ကွယ်လွန်သွား၏။ ဦးလေးဇနီးက မောင်နေဝင်းကို ကျောင်းဆက်မထားဘဲ အိမ်အလုပ်များ လုပ်နေရစဉ် ဈေးဖိုးပိုက်ဆံခိုးသည်ဟု စွပ်စွဲပြီး ရိုက်နှက်၏။ အမျိုးမျိုး ညှဉ်းပန်း၏။ မောင်နေဝင်း လူပျိုကလေးဖြစ်လာသောအခါ အိမ်မှထွက်လာခဲ့၏။ မောင်နေဝင်းသည် မိမိကဲ့သို့ လေလွင့်နေသူများဖြစ်သော ဘသော်၊ ဘကျော်တို့နှင့် ပေါင်းမိကာ လုယက်မှုများပြုလုပ်၍ အသက်မွေးဝမ်းကျောင်းပြုနေ၏။ ထိုအလုပ်ကို မောင်နေဝင်း မလုပ်လိုသောကြောင့် ထိုသူနှစ်ယောက်နှင့် လမ်းခွဲကာ ပန်းထိမ်ဆရာကြီး ဦးကင်းထံတွင် ပန်းထိမ်ပညာသင်၏။ မောင်နေဝင်းသည် သေသေဝပ်ဝပ်နေထိုင်ပြီး ပညာကို ကြိုးစားသင်ယူလာရာ ဦးကင်း၏ ယုံကြည်စိတ်ချခံရသူ ဖြစ်လာ၏။

တစ်နေ့တွင် ဦးကင်းသည် မောင်နေဝင်းကို စိန်ဝယ်လိုသူ မင်းကတော် တစ်ယောက်ထံ ကျပ်သုံးထောင်ခန့်တန်သည့် စိန်များနှင့် လွှတ်လိုက်၏။ မောင်နေဝင်းသည် လမ်းတွင် ဘသော်၊ ဘကျော်တို့နှင့် ပြန်တွေ့ရ၏။ ဘသော်၊ ဘကျော်တို့က မောင်နေဝင်း၏မျက်နှာကို မေ့ဆေးရည်သုတ်ထားသော လက်ကိုင်ပဝါဖြင့်အုပ်၍ မေ့သွားစေ၏။ မောင်နေဝင်း သတိရလာသောအခါ သူ၏ဆရာ ဦးကင်းက ရောင်းရန်ပေးလိုက်သော စိန်များကို ဘသော်နှင့် ဘကျော်တို့ လုယူသွားကြောင်း သိရသဖြင့် ဆရာကင်းထံမပြန်ဝံ့တော့ဘဲ တစ်ဖန်လွင့်မျောရပြန်ရှာသည်။

တစ်ခုသော မိုးဉတုတွင် ထန်းတပင်ကွေ့၌ သင်္ဘောတစ်စင်း မိုးသက်လေထဲနစ်သွားလေ၏။ လူငယ်တစ်ဦးသည် သင်္ဘောနစ်ရာ ပါသူများ၏အသက်ကိုကယ်ရာ အမျိုးသမီးငယ်တစ်ဦးကိုလည်း ကယ်မိလေ၏။ ထိုအမျိုးသမီးငယ်မှာ ရီရီဖြစ်နေ၏။ ရီရီသည် ဖခင် ကွယ်လွန်သွား၍ ထန်းတပင်တွင် နေထိုင်သော ဖခင်၏အစ်ကို အငြိမ်းစားတိုက်သူကြီး ဦးရန်ကျော်ထံ သွားရင်း သင်္ဘောနစ်ခြင်း ဖြစ်သည်။

ရီရီသည် ဘကြီးအိမ်မှာ ဘကြီး၏ သမီးများဖြစ်သော မမကြီး၊ မမလေးတို့နှင့်အတူနေရင်း မိမိကိုကယ်သူမှာ မည်သူဖြစ်ကြောင်း စုံစမ်းလေ၏။ ထန်းတပင်မြို့အုပ်ကလေး မောင်ဖုန်းကျော်သည် ဦးရန်ကျော်အိမ်သို့လာရင်း ရီရီကို တွေ့သောအခါ ကြိုက်နှစ်သက်သွားပြီး ရီရီကို လက်ထပ်နိုင်ရန် ကြိုးစားတော့၏။ နောင်တွင် ရီရီသည် မိမိရေနစ်စဉ်က ကယ်သူမှာ မောင်နေဝင်းဖြစ်ကြောင်း သိသွားသည်။ ထိုအခါ ရီရီသည် မောင်နေဝင်းကို ပို၍ ကရုဏာသက်သွားသည်။ မြို့အုပ်ကလေး မောင်ဖုန်းကျော်ကလည်း ရီရီကိုအမျိုးမျိုး ချစ်ရေးဆိုသော်လည်း ရီရီက မောင်ဖုန်းကျော်၏ ချစ်ရေးဆိုမှုကို လက်မခံဘဲ မောင်နေဝင်းနှင့် လက်ထပ်ရန်စီမံလေ၏။ ရီရီသည် မောင်နေဝင်းနှင့် လက်ထပ်နိုင်ရန် ရန်ကုန်ရှိ သူ၏နေအိမ် ကန်တော်မင်သို့ ပြန်သွား၏။ မောင်နေဝင်းကိုလည်း လက်ဝတ်ရတနာများ၊ ငွေများပေးထားခဲ့ကာ ရန်ကုန်သို့ လိုက်လာရန် စီစဉ်ခဲ့၏။ ရီရီမရှိသောအခါ မောင်ဖုန်းကျော်သည် လူမိုက်များ ငှားရမ်း၍ မောင်နေဝင်းကို ရိုက်နှက်ကာ ရေထဲတွန်းချလိုက်၏။ မောင်နေဝင်းကို သူ၏သူငယ်ချင်း ယခင်က ဆိုးဖော်ဆိုးဖက် ဘကျော်က ရေထဲမှ ကယ်ဆယ်လိုက်၏။

ရီရီသည် မောင်နေဝင်းမလာနိုင်သောကြောင့် ထန်းတပင်သို့ လိုက်ပြန်၏။ မတွေ့ပြန်သောအခါ ရန်ကုန်ရှိ မိမိအိမ်ပြန်လာ၏။ ရီရီသည် မကျန်းမမာဖြစ်ပြီး အိပ်ရာထဲလဲနေ၏။ ထိုအခါ မြို့အုပ်မောင်ဖုန်းကျော်နှင့် မမလေးတို့က ရီရီကို သေစေရန် ဆေးထဲ၌ အဆိပ်ခတ်ပြီးတိုက်ရန် စီစဉ်ကြ၏။ မောင်ဖုန်းကျော်တို့ စီစဉ်သည့်အသံကို ရီရီ၏ အိမ်အတွင်း၌ ခိုးရန်ခိုအောင်းနေသူ ဘကျော်က ကြားလေ၏။ ဘကျော်သည် ရီရီအား မောင်ဖုန်းကျော်တို့ အစီအစဉ်ကို ပြောပြ၏။ ရီရီသည် မောင်ဖုန်းကျော်နှင့် မမလေးတို့ တိုက်သောဆေးကို မသောက်ဘဲ အော်ဟစ်ကာ အကူအညီတောင်းလေ၏။ အိမ်နီးချင်းများရောက်လာသောအခါ အကျိုးအကြောင်း ပြောပြလေ၏။ မောင်ဖုန်းကျော်သည် ရီရီကို သတ်ရန်ကြံစည်ကြောင်းထင်ရှားသောကြောင့် ထောင်ငါးနှစ်ကျသွားလေ၏။ မောင်နေဝင်းနှင့်ရီရီတို့လည်း ပျော်ရွှင်စွာပေါင်းသင်းကြလေသည်။




နေရီရီဝတ္ထုသည် မောင်နေဝင်း၊ ရီရီနှင့် မောင်ဖုန်းကျော်၊ မမလေးတို့၏ လေးပွင့်ဆိုင်အချစ်ဇာတ်လမ်းဟုဆိုရပေမည်။ သို့ရာတွင် မောင်နေဝင်းနှင့် ရီရီတို့သာလျှင် ငယ်စဉ်ကာလ ကျောင်းနေစကတည်းက ချစ်လာခဲ့ကြသော ငယ်ချစ်များဖြစ်သည်။ မောင်ဖုန်းကျော်က ရီရီကို တစ်ဖက်သတ်ချစ်သည်။ ရီရီက မောင်ဖုန်းကျော်အပေါ် ချစ်တုံ့မပြန်။ မမလေးက မောင်ဖုန်းကျော်ကို သူမသိငါပိုးချစ်ဖြင့် ချစ်၏။ မောင်ဖုန်းကျော်ကမူ ရီရီ၏အချစ်ကို လုံးဝစွန့်လွှတ်လိုက်ရကြောင်း သိချိန်တွင်မှ မမလေးကို မိမိအသုံးချလိုသည့် ကိစ္စရပ်များ၌ အသုံးချနိုင်ရန် လက်တွဲချစ်ဖြင့်ချစ်ကြောင်း ပြ၏။

နေရီရီဝတ္ထုသည် တွေ့ချစ်၊ ကွဲ၊ ပြေလည်၊ ညား၊ ချမ်းသာ ကျောရိုးကို အခြေခံသောဝတ္ထုသာဖြစ်သည်။ ဝတ္ထု၌ အားပြိုင်မှုသဘော တွေ့နိုင်သည်။ အားပြိုင်မှုတွင်လည်း ပြင်ပအားပြိုင်မှုနှင့် အတွင်းအားပြိုင်မှု နှစ်မျိုးလုံးပါသည်။ ပြင်ပအားပြိုင်မှုမှာ မောင်နေဝင်းနှင့် မောင်ဖုန်းကျော်တို့၏ ဘဝအားပြိုင်မှု သဘောဖြစ်သည်။ အတွင်းအားပြိုင်မှုမှာ မောင်နေဝင်းက ရီရီကို ကယ်ပြီးနောက် ရီရီကို ကယ်သူမှာ မိမိဖြစ်ကြောင်း၊ မိမိသည် မောင်နေဝင်းဖြစ်ကြောင်း ဖွင့်ပြောသင့်မပြောသင့် အတွင်းစိတ် အားပြိုင်မှုမျိုးဖြစ်သည်။ ဇာတ်လမ်း၏ အတက်အဆင်း သဘောမျိုးကိုလည်း မြင်ရနိုင်သည်။ မောင်နေဝင်းသည် လူလားမြောက်ပြီးနောက် အရီးအိမ်မှ ဆင်းလာသောအခါ ဘသော်၊ ဘကျော်တို့နှင့် ပေါင်းမိပြီး ခိုးဆိုးလုယက်ဘဝနှင့် ရပ်တည်နေရာမှ စိတ်ပြောင်းကာ ပန်းထိမ်ပညာသင်အဖြစ် ရောက်ခဲ့ပုံ။ ဆရာကင်း၏ ယုံစားမှုကို ခံရပြီးမှ ဆရာရောင်းခိုင်း သည့် စိန်များကို ဘသော်၊ ဘကျော်တို့ ပြန်လုသွားပုံ။ ဘသော်၊ ဘကျော်တို့သည် ယခင်က မိမိခေတ္တမှီခိုရဖူးသူ လူဆိုးများဖြစ်၍ ဤကျေးဇူးကို ထောက်ထားပြီး မိမိထံမှ စိန်များ လုယူသွားသော ဘသော်၊ ဘကျော်တို့ကို ရဲထံမတိုင်ကြားရက်ရှာပဲ မိမိနာမည်ပျက်ဘဝနှင့် ရှောင်တိမ်းနေရပုံများ ဖြစ်သည်။

### တနန်းပျော် ရင်သွေးတော်

ဦးလတ်၏ " တနန်းပျော်ရင်သွေးတော် " ဝတ္ထုသည် အပြီးသို့ မရောက်ခဲ့ပေ။ ပြီးဆုံးအောင် မရေးသည်မှာ ဦးလတ်က မော်ပီ ဆရာသိန်းထံသို့ ပေးပို့သော တေးထပ်တွင် " ရင်သွေးတော် သန့်မျက်ဖျော်ကို၊ ကန့်ကွက်တော်မူသဖြင့်။ လန့်ချက်နော်မြူ မသင့်တယ်လို့၊ မြူဆင့်ဆင့်ခွင့်ပန်။ ဇာတ်လိုက်မယ်အခွင့်ပေးပါမှ ဖင့်မနေးရေးမယ်လို့ကြံ" ဟူ၍ ပါရှိရာ ဝတ္ထုထဲတွင် ပါဝင်သော အမျိုးသမီးဇာတ်ဆောင် မသန့်နှင့် ပတ်သက်ပြီး ကန့်ကွက်မှုများပေါ်၍ ရပ်ဆိုင်းရကြောင်း ရေးသည်။ ဇာတ်လိုက်မယ် အခွင့်ပေးပါက ဆက်ရေးမည်ဟုလည်းဆိုသည်။ သို့ရာတွင် ဦးလတ်ကွယ်လွန်သွားသည့်တိုင် ဆက်မရေးဖြစ်တော့ပေ။

တနန်းပျော်ရင်သွေးတော်ဝတ္ထုထဲက တွင်းစားကြီး ဦးသာဘော၏စရိုက်ကို ဖော်ရာ၌ ဦးသာဘော၏ မသတီစရာအမူအရာကို ဦးသာဘော၏ ပြောစကားဖြင့် ဖွင့်ပြထားသည်။

ဦးသာဘောသည် တွင်းစားကြီးဖြစ်၏။ လောဘကြီးသူလည်းဖြစ်၏။ အသက်မှာ ၆၇ နှစ်ခန့်ရှိပြီ။ အသက် ၁၇ နှစ်အရွယ် မသိန်းကြွယ်ကို ဇနီးအဖြစ် ယူထားသည်။ အဓိကဇာတ်ဆောင်မောင်သော်သည် မယ်သန့်၏ မိခင်ကို မိမိ ရန်ကုန်သို့ သွားရမည့်အကြောင်း ပြောဆိုနှုတ်ဆက်၏။ မယ်သန့်၏ မိခင်က မည်သည့်ကိစ္စနှင့် သွားမည်နည်း။ အလည်အပတ်လားဟု မေးမြန်းရာ မောင်သော်က ရန်ကုန်မှာ ရေနံတွင်းကိစ္စအတွက် ဝတ်လုံတော်ရများနှင့် ဆွေးနွေးရန် သွားမည့်အကြောင်း ဆိုသည်။ ဆက်လက်၍ ပြောကြသည်မှာ-

"တစ်နေ့က ဒေါ်ဒေါ်ကို ကျွန်တော်ပြောတဲ့ တွင်းကိစ္စကလေးပါ"

"သြော်--- ဦးသာဘောတို့နဲ့ တွင်းကိစ္စလား"

"မှန်လှပါတယ် ဒေါ်ဒေါ်"

"သည်ကိစ္စကလည်း ယခုထက်တိုင် မပြီးကြသေးပဲကိုး။ ဦးသာဘောကလည်း လောဘကြီးရန် မကောတော်၊ တွင်းတွေ အများသားနဲ့"

ဤပြောစကားများကိုကြည့်လျှင် ဦးသာဘောကို အရပ်ကပင် လောဘသားအဖြစ် ပြောကြဆိုကြရသည်။

တစ်နေ့၌ ဦးသာဘော စာဖတ်နေ၏။ သူစာဖတ်နေလျှင် မည်သူမျှမလာရဟု စည်းကမ်းထုတ်ထား၏။ ဦးသာဘော စာဖတ်နေရာသို့ ဇနီးမသိန်းကြွယ် ရောက်လာပြီး စကားပြောကာ ခါးကို ပုတ်လိုက်၏။ ဦးသာဘော စိတ်ဆိုးသွားလေ၏။ ထိုအခါ မသိန်းကြွယ်နှင့် ဦးသာဘောတို့ ပြောစကားကို ဦးလတ် ဤသို့ ဖွဲ့သည်။

"အကြောင်းကိစ္စအရေးတကြီးရှိလို့မှ လာမပြောရဘူးလား။ အရင်တုန်းက ပြောတဲ့စကားတွေ မှတ်မိသေးရဲ့လား။ ယခုတော့ ဘယ်မှတ်မိလိမ့်မလဲ။ အရပ်သိအောင် အော်လိုက်စမ်းချင်လှသနော်။ အရင်က စကားပြောရင် ဘောပြောမယ်။ ဘောဘောပြောမယ်နဲ့ မျက်နှာကို သကြားပက်ထားသလို..."

"ဟဲ့... လုံကလေး ဘာပြောမလို့တုံး။ လာပါ လာပါ ဘောဘော စာဖတ်ပြီးပါပြီ"

"ဘောဘော ပြောတာ ဘာသည့်လောက်တောင် လွန်လို့ စိတ်ဆိုးရသလဲ ဟင်။ တကယ်ပဲ ဘောဘောပြောတာက လွန်ပလေစေကာ၊ သည့်လောက်များတော့ သည်းခံဖို့ကောင်းပါရဲ့။ ဘောဘောကတော့ သည်းခံလိုက်ရတာ။ ဟိုတစ်နေ့ကသည် ဘောဘော နှုတ်ခမ်းမွေးကြီးဟာ ရှုပ်ရန်မှာ ကောတော်လို့ဆိုပြီး ကတ်ကြေးနဲ့ ကိုက်လိုက်တာကို ဘောဘောက စိတ်ဆိုးသလား။ စိတ်ကောက်သလား။ ဘာများပြန်လို့ကော ပြောသေးသလဲ"





ထိုအပြောအဆိုများကို ကြည့်ပါ။ ဦးသာဘောသည် တွင်းစားဟူသော ဂုဏ်ရှိ၏။ ငွေကြေးဥစ္စာပြည့်စုံ၏ ။ သို့သော် လောဘကြီးသူဖြစ်ကြောင်း အရပ်က ကင်ပွန်းတပ်သည်။ ကလေးကလား အမူအရာများကြောင့် မသတီစရာပုဂ္ဂိုလ်အဖြစ် သရုပ်ပေါ်အောင် ဖော်နိုင်သည်။

*စာမျက်နှာ ၁၁ သို့*

**"နေရီရီဝတ္ထုသည် တွေ့ချစ်၊ ကွဲ၊ ပြေလည်၊ ညား၊ ချမ်းသာ ကျောရိုးကို အခြေခံသော ဝတ္ထုသာဖြစ်သည်။ ဝတ္ထု၌ အားပြိုင်မှုသဘော တွေ့နိုင်သည်။ အားပြိုင်မှုတွင်လည်း ပြင်ပအားပြိုင်မှုနှင့် အတွင်းအားပြိုင်မှု နှစ်မျိုးလုံးပါသည်။ ပြင်ပအားပြိုင်မှုမှာ မောင်နေဝင်းနှင့် မောင်ဖုန်းကျော်တို့၏ ဘဝအားပြိုင်မှု သဘောဖြစ်"**

*စာမျက်နှာ ၁၀ မှ*

## မှာတော်ပုံ




မှာတော်ပုံဝတ္ထုတွင် ကိုပေါဆိုသူသည် ညောင်ကန်ရွာသား မုဆိုးဖိုဖြစ်သည်။ ငွေကြေး အတော်အသင့်ရှိသူ ဖြစ်သည်။ မန္တလေးသို့ အလည်အပတ်လာစဉ် ဘုရားဒါယကာ ဦးကြာညွန့်၏ အိမ်၌ တည်းခိုသည်။

တစ်နေ့သ၌ ဦးကြာညွန့်၏ မိတ်ဆွေများဖြစ်သော ဝန်စာရေး မောင်မောင်ရွှေနှင့် သင်္ဂြိုဟ်ဆရာကလေး မောင်တော့သည် ဦးကြာညွန့်၏အိမ်သို့ ရောက်လာ၊ စကားစမြည်ပြောကြပြီးလျှင် ကိုပေါကိုပါခေါ်၍ ဗားကရာလူထွက် ဦးကျော်ဒွေး၏ အိမ်သို့သွားကြသည်။ ရောက်သောအခါ အဘိုးအိုဦးကျော်ဒွေးနှင့် သမီးအရွယ်၊ မြေးအရွယ်ဖြစ်သော ဇနီးသည် ခင်အုံတို့ ရန်ဖြစ်နေကြသည်ကို တွေ့ကြသည်။ ဦးကြာညွန့်တို့ လူစုသည် ကိုပေါထံမှ ငွေစကြေးစ ချေးလိုဖြင့် ဦးကျော်ဒွေးနှင့် ခင်အုံတို့ ကွဲအောင်ပြုပြီးလျှင် ခင်အုံကို ကိုပေါနှင့် တို့ပေးသည်။ နောက်ဆုံးတွင် ဦးကျော်ဒွေးမှာလည်း ဒုက္ခဖြစ် ကျန်ရစ်ခဲ့၍ ကိုပေါမှာလည်း ဒုက္ခသစ်နှင့် ရင်ဆိုင်တိုးနေရရှာသည်။ ဤကားမှာတော်ပုံဝတ္ထု၏ ဇာတ်လမ်းအချုပ်ဖြစ်သည်။

ဤဇာတ်လမ်းတွင် အသည်းထိတ်စရာလည်း မပါ။ ပျို့ရွယ်နုနယ်သူတို့ လွမ်းချင်ကြသော မယ်ဘွဲ့မောင်ဘွဲ့ အလွမ်းမျိုးလည်း မပါ။ အထူးအဆန်းဟူ၍ အလျှင်းမပါ။ အရိုးခံသက်သက် မျှသာဖြစ်သည်။ သို့ရာတွင် ဤဇာတ်လမ်း၌ လောကီဘုံဝလေ့ ကြုံတွေ့ရတတ်သော သဘောတို့ ပါရှိလေသည်။ လောကသဘာဝ၊ လူ့သဘာဝတို့ကို ကြားတတ် မြင်တတ် ဆင်ခြင်တတ်၍ ကရုဏာ မေတ္တာထားတတ်သော ညဏ်ရှင် စာရေးဆရာတို့တွင် လောကအကြောင်း၊ လူ့အကြောင်းတို့ကို ဇာတ်ဆင်၍ သနားဖွယ်၊ ချစ်ခင်ဖွယ်ဖြစ်အောင် ဖန်တီးဖွဲ့ဆိုနိုင်သော စွမ်းရည်ရှိသည်။ ဆရာကြီး၌ ထိုစွမ်းရည်ရှိသည်။ ရှိသည်ကို မှာတော်ပုံဝတ္ထုတွင် အထင်အရှားပြခဲ့သည်။

ကိုပေါက ရိုးသလောက် ခင်အုံ ဆန်ပြား မာယာများလှ၍ ဗားကရာလူထွက် ဦးကျော်ဒွေး တဲ့တိုးနိုင်လှပုံကို ဤဝတ္ထု၌ သိမြင်နိုင်သေးသည်။

ခင်အုံသည် လက်ယာဝင်းတော်မှူး၏ မယားအငယ်ဆုံး ဖြစ်ခဲ့ဖူးသည်။ ဝင်းတော်မှူးသေဆုံးသောအခါ ခင်အုံ အသက် ၂၀ ခန့်မျှသာ ရှိသေးသည်။ ယခု အသက် ၃၆ နှစ်မျှ ရှိပြီ။

ရုပ်ဆင်းသဏ္ဌာန်မှာ မဖြူမညို အသားလတ်ဖြစ်၍ ချစ်ကြိုက်ဖွယ်ရာ ပျူငှာသော လောကဝတ်တို့နှင့် ပြည့်စုံသည်ဟု ဆိုသည်။ လက်ပါးစေ အပျိုတော်အဖြစ် လေးငါးနှစ်ခန့် ရွှေနန်းတော်ကြီးအတွင်း ခစားဖူးသူ ဖြစ်သဖြင့် ထီးမှုနန်းရာ အယဉ်အကျေး အသိမ်အမွေ့ကို သိသည်ဟု ဆိုသည်။ ပျို့လင်္ကာတို့၌ ဝါသနာထုံ၍ စကားအရာ အင်္ဂါလေးတန် ကျေပွန်တတ်မြောက်သည်ဟု ဆိုသည်။ ခင်အုံ၏ မျက်နှာတွင် မျက်ရည်ခံမဲ့တစ်လုံးပါသည့်ပြင် လင်ပေါ်သားပေါ်၌ မြည်တွန်တောက်တီးတတ်သော အလေ့ရှိသည်ဟု ဆိုသည်။

ဝင်းတော်မှူး သေဆုံးပြီးသည့်နောက် ခင်အုံသည် ဆင်းရဲရှားပါး၍ အမရပူရမှ မန္တလေးသို့ ရွှေ့ပြောင်းနေထိုင်သည်။ မိမိ၏ ရုပ်ရည်ရူပကာယကို အားကိုးအားထားပြု၍ မင်းကတော်ဟူသော အမည်တစ်လုံးနှင့် ဟိတ်ဟန်ထုတ်၍ နေသည်။ ထိုအခိုက်တွင် မောင်မောင်ရွှေတို့က ကြားက ဝင်လှော်သဖြင့် ဖအေအရွယ် ဗားကရာလူထွက် ဦးကျော်ဒွေးနှင့် အကြောင်းပါသည်။ ပထမသော် ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် နေရမည် အမှတ်ဖြင့် အဘိုးအိုကို ယူလိုက်သည်။ နောင်အခါမှာမူ တစ်ပတ်ရိုက်ခံရမှန်းကို သိသည်။ ထိုသို့သိသည့်နေ့မှစ၍ ခင်အုံသည် အဘိုးအိုကို ရန်ထောင်တော့သည်။ ထိုအခိုက် ဦးကြာညွန့်တို့ကပင် အလုံသား မုဆိုးဖို ကိုပေါနှင့် ဆွယ်လာကြပြန်သဖြင့် အဘိုးအို၏ အိမ်မှ ဆင်းလေသည်။ ထို့နောက် ကိုပေါနှင့် တွေ့ပြန်သောအခါမှာလည်း စိတ်ထင်တိုင်းမပေါက် ဖြစ်ရရှာပြန်သည်။ ဤကား ခင်အုံ၏ အကြောင်းဖြစ်သည်။

ခင်အုံသည် ချောသလောက်၊ လှသလောက် ကံမကောင်းရှာချေ။ ခင်အုံသည် အလွင်အကြော့ နေလို၏။ နေလိုက်ရာပါ၏။ သို့ရာတွင် ခဏမျှသာတည်း။ နောင်အဖို့၌ကား ရေလိုက်လွဲသဖြင့် အဘိုးအိုနှင့် နွဲ့ရ၍ အလိုမပြည့်နိုင်ဖြစ်ရသည်။ တစ်ဖန် မုဆိုးဖို ကိုပေါနှင့် တွေ့ရပြန်ပါသော်လည်း ထင်တိုင်းမပေါက် ဖြစ်ရပြန်၏။ ခင်အုံ၏ ဘဝသည် သနားဖွယ်ပင် ဖြစ်သည်။ ခင်အုံ၏ ဒုက္ခသည် မြက်မြက်ကို အစွဲမပြေနိုင်သော အထည်ကြီး ပျက်တို့၏ ဒုက္ခမျိုးဖြစ်သည်။ ဆရာကြီး ဦးလွန်းသည် ထိုသဘောကို ကောင်းစွာ ဆင်ခြင်မိဟန်တူသည်။ ခင်အုံ ဗားကရာလူထွက်ကို စွန့်ခန်းနှင့် ကိုပေါကို အမိဖမ်းခန်းတို့တွင် ထိုသဘောကို ထင်ရှားစွာ ဖွဲ့ခဲ့သည်။

ဘုရားဒါယကာညွန့်တို့က ကိုပေါနှင့် ဆွယ်ပေးမှန်း သိသောအခါ ခင်အုံသည် အဘိုးကြီးအိမ်မှ ဆင်းလိုသည်။ ဇွတ်ဆင်းသော် မိမိမတရားသဖြင့် ပြုသောအရာကို မတရားပြုသော အရာဟူ၍ အရပ်က ထင်မည်စိုးသေးသည်။ ခင်အုံသည် စာတတ်ပေတတ်ဖြစ်သဖြင့် အရပ်မျက်စိတွင် အရုပ်ဆိုးမည့် အလုပ်ကို မလုပ်လို။ အိမ်မှ မိမိ ဆင်းခြင်းသည် ကောင်းသော ဆင်းခြင်း။ မှန်သောဆင်းခြင်း၊ တရားသော ဆင်းခြင်း ဖြစ်သည် ဟူ၍ အရပ်မျက်စိ၌ ထင်ရှားစေလို၏။ သို့မှသာ အဘိုးအိုက အတင်းတားလျှင် အဘိုးအိုကို အရပ်က ဝိုင်း၍ လက်ညှိုးထိုးကြမည်ဖြစ်သည်။ အဘိုးအိုက စိုက်မည့်လုံသည် အဘိုးအိုကိုပင် ပြန်၍ စူးမိအောင်ပြုရမည်ဖြစ်လေသည်။ ထို့ကြောင့် ခင်အုံ သည် မာယာကို သုံးလေသည်။

ဗားကရာလူထွက် အဘိုးအိုဦးကျော်ဒွေး အဖွဲ့သည်လည်း မှာတော်ပုံ ဝတ္ထုတွင် အမှတ်တရ လွမ်းလောက်သော အဖွဲ့ပင် ဖြစ်သည်။ ဦးကျော်ဒွေး ဆိုသူမှာ ပုခန်းကြီးမြို့ဇာတိ၊ ရဟန်းလူထွက်ဖြစ်သည်။ ရဟန်းဘဝ၌ ရှိစဉ် ပိဋကတ်တတ်၊ စာတတ်ပေတတ်၊ လောကီ လောကုတ္တရာ နှစ်ဖြာ နှံ့စပ်သူဖြစ်သဖြင့် မကွေးမြို့စား အတွင်းဝန်ကြီးက အင်းဝမှ အမရပူရသို့ ပင့်ခဲ့သည်။ အမရပူရတွင် ဗားကရာတိုက်၌ သီတင်းသုံးနေစဉ် ဘိုးတော်မင်းတရားနှင့် အမှုမျိုးကို တော်သင့်အောင် လိုက်၍ အကြိုက်ကို မငဲ့ဘဲ မိန့်တော်မူတတ်သည်။ ဘိုးတော်မင်းတရား အမျက်ရှိသဖြင့် မဟာဒါန်ဝန် မဟာဒါန်စာရေးများအား ဗားကရာဆရာတော်၏ သင်္ကန်းကို အတင်းချွတ်၍ အဝတ်ဖြူလဲစေရမည်ဟု အမိန့်တော်မှတ်ရာ ဗားကရာဆရာတော်မှာ အမိန့်တော်အတိုင်း လူထွက်ရရှာလေသည်။ ထို့နောက် မန္တလေးမြို့ တပည့်များ၏ အိမ်၌နေစဉ် မောင်မောင်ရွှေတို့ အလှော်ကောင်းသဖြင့် သမီးအရွယ်၊ မြေးအရွယ်လောက်ရှိသော ခင်အုံနှင့် အကြောင်းဆက် ပေါင်းဖက်မိကြသည်။

မှာတော်ပုံဝတ္ထု ပထမတွဲကို ၁၉၁၆ ခုနှစ်၌ ထုတ်ဝေခဲ့ပြီး ဒုတိယတွဲကို ၁၉၁၉ ခုနှစ်၌ လည်းကောင်း၊ တတိယတွဲကို ၁၉၂၁ ခုနှစ်၌လည်းကောင်း ထုတ်ဝေခဲ့သည်။ တတိယတွဲ အဆုံး၌ စတုတ္ထတွဲကို ဆက်၍ ထုတ်ဝေဦးမည်ဟု မျှော်လင့်ချက်ပေးခဲ့သည်။ သို့ရာတွင် စတုတ္ထတွဲ ထွက်မလာတော့ချေ။ ထို့ကြောင့် ဆရာကြီးဦးလွန်းသည် မှာတော်ပုံဝတ္ထု၏ ဇာတ်လမ်းကို အဆုံးသတ်ခြင်း မပြုခဲ့ဟု ဆိုရာသည်။ မှာတော်ပုံဝတ္ထုသည် ဇာတ်လမ်းထက် လူ့သဘာဝအဖွဲ့ကို ပို၍ ပဓာနထားသော ဝတ္ထုဖြစ်သဖြင့် ဇာတ်လမ်းမဆုံးသော်လည်း လူ့သဘာဝ အဖွဲ့သည် ပြီးပြည့်စုံသလောက် ဖြစ်၏ဟု ဆိုနိုင်ပါသည်။

ဒုတိယတွဲနှင့် တတိယတွဲတို့၏ ဇာတ်လမ်းအချုပ်သည် ဤသို့ ဖြစ်သည်။ ခင်အုံသည် မိမိ၏ အိမ်မှ ဇွတ်အတင်းဆင်း၍ ဦးကြာညွန့်၏ အိမ်သို့ သွားသည်။ နောက်တစ်နေ့တွင် ဦးကြာညွန့်တို့က တမင်ရှောင်ပေးသဖြင့် အိမ်တွင် ခင်အုံနှင့် ကိုပေါတို့နှစ်ဦးသာ ကျန်ခဲ့ကြသည်။ ထိုအခါ ခင်အုံသည် ကိုပေါကို နှူးရရှာသည်။ နောက်ဆုံး၌ ကိုပေါသည် ခင်အုံ၏ အလိုဘက်သို့ ပါသွားသည်။ ထိုအခိုက် မန္တလေးမြို့တွင် အမှုတစ်ခုပေါ်လာ၍ ဦးကြာညွန့်ကို မြို့ဝန်က မသင်္ကာဖြစ်လာရာ ဦးကြာညွန့်သည် အောက်ပြည်သို့ ဆင်း၍ ရှောင်ရသည်။ ကိုပေါသည် အလုံသို့ ပြန်ရသည်။ ခင်အုံသည် ရွှေဘိုသို့ သွား၍ မိုးခိုသည်။ ရွှေဘိုတွင် ခင်အုံသည် လူပျိုပေါက်တစ်ယောက်ကို မျက်စိကျ၍ မုန့်ပေးကြိုက်သည်။ ညားကြသည်။ တစ်ဖန် ထိုကာလအတွင်း၌ပင် ကြာသမားတစ်ယောက်နှင့် တွေ့၍ ညားကြပြန်သည်။ လူပျိုပေါက်နှင့် ကြာသမားတို့ သတ်မောင်းပုတ်မောင်း ဖြစ်လာသောအခါ ခင်အုံထိတ်လန့်၍ အင်းဝသို့ ပြေးသည်။ အင်းဝမြို့ဘိုးရွှေအိတ်အိမ်၌ တည်းခိုနေစဉ် ပုခန်းမြို့ မြိုင်ရွာသို့ ပြန်သွားသော ဗားကရာလူထွက် ဦးကျော်ဒွေး အနိစ္စရောက်ကြောင်း ကြားသည်။ ထိုအခါ ခင်အုံသည် ဦးကြာညွန့်တို့ လူစုနှင့်အတူ မြိုင်ရွာသို့ သွား၍ အသုဘပို့ကြသည်။ အသုဘအိမ်၌ ခင်အုံ ဆွေးလိုက်သေးသည်။ ဤတွင် ဇာတ်လမ်းကို ဖြတ်ထားလိုက်သည်။

စတုတ္ထတွဲကို မမျှော်လင့်နိုင်တော့သဖြင့် မင်းကတော် ခင်အုံ၏အကြောင်းကို အပြည့်အစုံ မသိနိုင်တော့ပြီ။ မြိုင်ရွာသူရွာသားတို့ အမျိုးမျိုးအဖုံဖုံ ပြောဆိုကြသည့်အတိုင်း ခင်အုံသည် နောက်ဆုံးတွင် တစ်ခုခုဖြစ်လာနိုင်ပါသည်။ သို့ရာတွင် မကောင်းမှန်း သိပါလျက် စိတ်အလိုလိုက်၍ မိုက်တတ်သော ခင်အုံ၏ လူ့သဘာဝကိုကား နောက်ဖြစ်လာမည့် ဇာတ်လမ်းသည် ဖုံးကွယ်၍ ရမည်မဟုတ်ဟု ထင်သည်။ ထို့ကြောင့် အဆုံးမသတ်ခဲ့သော မှာတော်ပုံဝတ္ထုသည် ကျေနပ်စရာပင် ဖြစ်တော့သည်။ တစ်ဖန် စိတ်အလိုလိုက်၍ မိုက်တတ်သော လူ့သဘာဝကို ခင်အုံ၏ အမူအရာတို့ဖြင့် တင်စား၍ စာရေးသူက ဖွဲ့ပြရာတွင် သနားစရာ အလွန်အကျွံဟူ၍လည်း မပါ။ အံ့ဩစရာ အလွန်အကျွံ ဟူ၍လည်းမပါ။ အထူးအဆန်းဟူ၍ လုံးဝမပါ။ ဖြစ်တတ် ပျက်တတ်ပုံတို့၏ သဘောသည် စဉ်းစားစရာဖြစ်ရုံလောက်မျှသာပါသဖြင့် မှာတော်ပုံဝတ္ထုကို ယထာဘူတ ဝတ္ထုမျိုး၌ ထည့်ရလျှင် ရနိုင်သည်ဟု ယူဆကြောင်း ဆရာဇော်ဂျီက မှာတော်ပုံဝတ္ထုနှင့် ပတ်သက်၍ သုံးသပ်ရေးသားထားသည်။ ။

# မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ကြီးမှူး၍ ၁၃၈၀ ပြည့်နှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ကန်တော့ခံ သက်ကြီးစာပေပညာရှင်များအတွက် အလှူငွေ ပေးအပ်လှူဒါန်းရာ နိုင်ငံတော်သမ္မတရုံးမှ လှူဒါန်းငွေကျပ် ၇၃ သိန်း ငါးသောင်းကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က လည်းကောင်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ လှူဒါန်းငွေကျပ် ၄၉ သိန်းနှင့် အဝတ်အထည်တန်ဖိုးငွေကျပ် ၄၃ သိန်း ရှစ်သောင်း နှစ်ရာငါးဆယ်၊ စုစုပေါင်း ငွေကျပ် ၉၂ သိန်း ရှစ်သောင်းနှစ်ရာ့ငါးဆယ်ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံက လည်းကောင်း၊ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းငွေကျပ် ၁၀ သိန်းကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက လှူဒါန်းငွေကျပ် ငါးသိန်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုးက လည်းကောင်း၊ Sky Net ရုပ်သံမှ လှူဒါန်းသော ငွေကျပ် ၃၁၇ သိန်း လေးသောင်းတန်ဖိုးရှိ ရုပ်သံဖမ်းစက်အစုံကို Sky Net ရုပ်သံ မန်နေဂျင်းဒါရိုက်တာ ဦးမင်းမင်းက လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မှဒိတာ စကားပြောကြားသည်။

ယင်းနောက် အလှူရှင်စာရင်းကို မြန်မာနိုင်ငံ စာရေးဆရာအသင်း ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က ဖတ်ကြားပြီး ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ကြသည်။

ထို့နောက် ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (ကိုယ်စား) ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက ကန်တော့ပစ္စည်းနှင့် အလှူငွေများပေးအပ်သည်။

ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများကိုယ်စား ဆရာကြီး ဒေါက်တာသန်းဦး (ဦးသန်းဦး-ပြည်စိုးမင်း)က ဩဝါဒစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၁၃၈၀ ပြည့်နှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင် ၂၄၅ ဦးအား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းခွဲစီ ၊ Sky Net ရုပ်သံဖမ်းစက်၊ အဝတ်အထည်၊ ဆေးဝါးများ လှူဒါန်းကြပြီး သက်ကြီးစာပေပညာရှင်များအတွက် ငွေသားအလှူရှင် ၁၂၂ ဦးက အလှူငွေကျပ် ၃၇၉၄၆၀၀၀ နှင့် ပစ္စည်းအလှူရှင် ၁၆ ဦးက ပစ္စည်းတန်ဖိုးငွေ ကျပ် ၁၀၂၀၇၅၀ ၊ အလှူငွေ စုစုပေါင်း ငွေကျပ် ၄၈၁၇၆၈၅၀ ရရှိကြောင်း သိရသည်။

**ဥမ္မာသန့်**



# စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ကလေးမြို့အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

**ကလေး ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်သည် စစ်ကိုင်းတိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ ခရိုင်တရားသူကြီး၊ မြို့နယ်တရားသူကြီးတို့နှင့်အတူ ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက ကလေးမြို့ရှိ ကလေး အကျဉ်းထောင် အမှတ်(၁) စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း၊ မြို့မရဲစခန်း၊ အချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် အကျဉ်းသားများ၊ အချုပ်သားများနှင့် တွေ့ဆုံ၍ ဥပဒေပါ အခွင့်အရေးများရရှိခြင်း ရှိ၊ မရှိ။ နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိမရှိ။ အစာအာဟာရသင့်တင့်မျှတမှု ရှိ၊ မရှိ။ အမျိုးသမီးများကို လုံခြုံရေးအဖော် အစောင့်အရှောက်များထားရှိခြင်း ရှိ၊ မရှိတို့ကို မေးမြန်းကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ အကြံပြုညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်သည် ကလေးခရိုင်နှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ တရားစီရင်ရေးဆိုင်ရာ၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သိရသည်။ **ဝင်းနိုင်(တမူး)**

## နေရာကွက်ကျား မိုးရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **မိုး/ဇလ**

# သတို့သမီးရုပ်ရှင်ဇာတ်ကား ဒီဇင်ဘာ ၂၈ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသ

ရန်ကုန် ဒီဇင်ဘာ ၂၉

**“ထားဝယ်”ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာဝိုင်း ရိုက်ကူးထားသည့် “သတို့သမီး”ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းမှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသလျက်ရှိပြီး အထူးပွဲအဖြစ် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသခဲ့သည်။**



အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သော သရုပ်ဆောင်များနှင့် ဒါရိုက်တာတို့က အထူးပွဲပြသမှုအပြီးတွင် ပရိသတ်များအား အမှတ်တရ လက်မှတ်ရေးထိုးပေးကြသည်။ **(ယာပုံ)**

ဒါရိုက်တာဝိုင်းက “ဒီဇာတ်ကားလေးက ပရိသတ်အတွက် ကြည့်လို့လည်း ကောင်းမယ်။ စိတ်ဝင်စားမှုရှိပြီး ကိုယ်ပေးချင်တဲ့ အကြောင်းအရာလေးတွေလည်း ရှိတဲ့အတွက် ရိုက်ဖြစ်ခဲ့တာပါ။ သရဲကားလို ကြောက်စရာတွေကောင်းပြီး ကြေကွဲစရာတွေလည်းပါတယ်။ ရသတွေစုံတယ်”ဟု ပြောသည်။

တာမွေမြို့နယ်မှ မမိုးမိုးက“အလင်းရောင်ရဲ့ Fan အနေနဲ့ လာရောက်ကြည့်ရှုခွင့်ရတာပါ။ ဦးဝိုင်းက ဇာတ်ကားတွေကို တစ်ကားနဲ့တစ်ကား မတူအောင် ရိုက်ပြထားတဲ့အတွက် ကြည့်လို့ကောင်းတယ်။ ရသတွေလည်း စုံပါတယ်။ ပုံမှန်ကားတွေနဲ့ ကွဲထွက်နေတဲ့ ဇာတ်ကားလေးပါ။ ဒီဇာတ်ကားလေးမှာ မက်ဆေ့ချ်တွေ ပေးထားတာတွေလည်း ပါတယ်။ သရဲကားဆိုပေမယ့် အိမ်ထောင်ရေး၊ အချစ်ရေးအကြောင်း ပညာပေးတွေလည်းပါတဲ့အတွက် ကြည့်သင့်ပါတယ်”ဟု ပြောသည်။

အဆိုပါ ဇာတ်ကားတွင် သရုပ်ဆောင် အလင်းရောင်၊ ဖွေးဖွေး၊ မေနှင့်အတူ အခြားသော အနုပညာရှင်များစွာ ပါဝင်ထားပြီး အိမ်ထောင်ရေး ဖောက်ပြန်မှုကြောင့် ဆိုးကျိုးများနှင့် နောက်ဆက်တွဲ အကြောင်းအရာများကို ပညာပေးရိုက်ကူးထားသော ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

**ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# အမျိုးသားတံခွန်စိုက် ကြက်တောင်ပြိုင်ပွဲများ ဆုချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၁၈ ခုနှစ် တတိယအကြိမ်မြောက် အမျိုးသားတံခွန်စိုက်ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယမန်နေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အနော်ရထာလမ်းရှိ အမျိုးသားကြက်တောင် အားကစားခန်းမ၌ကျင်းပသည်။




ဗိုလ်လုပွဲများအပြီး ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင်၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ အမှုဆောင်များနှင့် တာဝန်ရှိသူများက အသက် ၁၁ နှစ်၊ ၁၃ နှစ်၊ ၁၅ နှစ်၊ ၁၇ နှစ်၊ ၁၉ နှစ်အောက်ပြိုင်ပွဲများ၌ တစ်ဦးချင်း၊ အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲများ၊ သာမန်တန်း၊ အမျိုးသားအသက်ကြီးတန်း နှစ်ယောက်ပေါင်း ၉၀၊ ၁၀၀၊ နှစ်ယောက်တွဲ ၁၁၀ ပြိုင်ပွဲနှင့် အကြီးတန်းတစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများတို့တွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယရရှိကြသူများအား ဆုများအသီးသီးချီးမြှင့်ခဲ့ကြသည်။

“ဒီပြိုင်ပွဲကြီးမှာ မြန်မာ့လက်ရွေးစင်တွေ၊ လူငယ်လက်ရွေးစင်တွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက လက်ရွေးစင်မောင်မယ်တွေ၊ ကလပ်အသင်းတွေက မျိုးဆက်သစ်လူငယ်အားကစားသမားတွေ၊ ဝါသနာရှင်တွေ စုစုပေါင်း အားကစားသမား ၄၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြတာဖြစ်လို့ မြန်မာနိုင်ငံမှာ အဆင့်မြင့်ဆုံးကြက်တောင်ပြိုင်ပွဲကြီး ဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင်က ပြောသည်။

မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်သည် ၂၀၁၈ ခုနှစ်အတွင်း နိုင်ငံတကာ ကြက်တောင်အားကစားပြိုင်ပွဲများမှ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်ရှစ်ခု စုစုပေါင်း ဆုတံဆိပ် ၁၂ ခု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**အာကာစိုး**

# လက်ရွေးစင်တိုက်စစ်မှူး သန်းထက်အောင် ဆာမတ်ဆာခွန်အသင်းသို့ ပြောင်းရွှေ့

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ဇွဲကပင်အသင်း၏ မြန်မာ့လက်ရွေးစင်တိုက်စစ်မှူး သန်းထက်အောင်သည် ထိုင်းလိဂ်-၂ ကလပ် ဆာမတ်ဆာခွန်အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့သွားပြီဖြစ်သည်။ သန်းထက်အောင်သည် ပြီးခဲ့သည့်ရာသီတွင် ဇွဲကပင်အသင်း၌ ခြေစွမ်းပြကစားခဲ့သောကြောင့် ထိုင်းလိဂ်ကလပ်အသင်းများ၏ စိတ်ဝင်စားမှုခံခဲ့ရပြီး ပုံမှန်ပွဲထွက်ခွင့်ရမည့်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

သန်းထက်အောင်ကို ခေါ်ယူရန် ထိုင်းလိဂ်-၁ ကလပ်အသင်းများ အပါအဝင် အသင်းအများစု ကမ်းလှမ်းခဲ့သော်လည်း သန်းထက်အောင်အနေဖြင့် ပုံမှန်ပွဲထွက်ခွင့်ရမည့် ဆာမတ်ဆာခွန်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ သန်းထက်အောင်သည် ပြီးခဲ့သည့်ရာသီတွင် ဇွဲကပင်အသင်းနှင့်အတူ ခြေစွမ်းပြခဲ့ပြီး မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ၏ လအလိုက်အကောင်းဆုံးဆု သုံးကြိမ်အထိ ရရှိခဲ့သူဖြစ်သည်။

ထိုင်းလိဂ်ကလပ်အသင်းများသည် လာမည့်ရာသီအတွက် မြန်မာကစားသမားများကို ဆက်တိုက်ခေါ်ယူလျက်ရှိပြီး ထိုင်းလိဂ်-၁ ကလပ်အသင်းများဖြစ်သည့် ချောင်ဘူရီအသင်းက စည်သူအောင်နှင့် ဇော်မင်းထွန်း၊ မြောင်တောင်အသင်းက အောင်သူ၊ ဆာမတ်ပရာခန်အသင်းက ကျော်ကိုကိုတို့ကို ခေါ်ယူထားပြီး ရတ်ချာဘူရီအသင်းမှာလည်း သိန်းသန်းဝင်းကိုခေါ်ယူရန် သဘောတူညီမှုရထားသည်။ **ရဲရင့်ရှိုင်း**


# MNL-2 ပြိုင်ပွဲတွင် အသင်းရှစ်သင်း ယှဉ်ပြိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

၂၀၁၉ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲတွင် အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဇန်နဝါရီ ၂၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

ဒီဇင်ဘာ ၂၇ ရက်က ပြုလုပ်သည့် မြန်မာနေရှင်နယ်လိဂ်ကော်မတီ အစည်းအဝေးတွင် ပထမတန်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် အသင်းများကို အတည်ပြုခဲ့ပြီး ထပ်တိုးအသင်းများရှိသလို အချို့အသင်းများမှာလည်း ဆက်လက်ယှဉ်ပြိုင်ခြင်းမရှိသောကြောင့် ပြိုင်ပွဲဝင် ရှစ်သင်းသာရှိခြင်းဖြစ်သည်။ ပထမတန်းပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှိုင်ရယ်သန်လျင်အသင်း အပါအဝင် ချင်းယူနိုက်တက်၊ အား/ကာသိပ္ပံ၊ ကချင်ယူနိုက်တက်၊ မောရဝတီ၊ မြဝတီ၊ ငွေကြယ်ပွင့်နှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ရှိုင်ရယ်သန်လျင်အသင်းသည် ပြီးခဲ့သည့်ရာသီတွင် ချန်ပီယံဆုရကာ တန်းတက်ခွင့်ရသော်လည်း MNL တွင် ယှဉ်ပြိုင်နိုင်သည့် ဘတ်ဂျက်အနေအထားမရှိသောကြောင့် ပထမတန်းတွင် ယှဉ်ပြိုင်ခဲ့ရပြီး ယင်းအသင်းအစား MNL မှ တန်းဆင်းလာရသည့် Chinland အသင်းက အစားထိုး ယှဉ်ပြိုင်ခွင့်ရခဲ့သည်။

ချင်းယူနိုက်တက် အသင်းသည် ၂၀၁၇ ရာသီကုန်တွင် အသင်းဖျက်သိမ်းခဲ့သော်လည်း ၂၀၁၈ ခုနှစ်ကုန်တွင် ပြန်လည်ဖွဲ့စည်းကာ ပထမတန်း၌ ယှဉ်ပြိုင်ခြင်းဖြစ်သည်။ အား/ကာသိပ္ပံအသင်းမှာမူ ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ **ရဲရင့်ရှိုင်း**




**တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိုက်ပျိုးရေပေးဝေနိုင်သည့် ဧရိယာနှင့် ရေဘေးကာကွယ်နိုင်သည့် စိုက်ပျိုးမြေဧရိယာစာရင်း (၂၀၁၇-၂၀၁၈)** **(ဧက)**

**ဇာစ်မြစ်။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။**

○ *ကျောဖုံးမှ*

ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပထမပိုင်းမှာပင် သုံးဂိုးသွင်းယူနိုင်ခဲ့သည်။ ရန်နိုင်ဦးနှင့် မေကွန်က ရှမ်းယူနိုက်တက်အတွက် ဂိုးစတင်သွင်းယူပြီး ကျန်တစ်ဂိုးမှာ ဇွဲကပင်ကစားသမား ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းတွင် ဇွဲကပင်အသင်း ချေပဂိုးတစ်ဂိုးပြန်ရခဲ့ပြီး စစ်မုန်းက သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး နာကာမူရာနှင့် ဇင်မင်းထွန်းတို့က အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ရာသီကြိုခြေစမ်းပွဲ သုံးပွဲကစားခဲ့ပြီး ယခုပွဲမတိုင်မီက ဒဂုံနှင့် ရောဝတီကို နှစ်ပွဲစလုံး နှစ်ဂိုးစီသရေကျခဲ့သည်။ ဇွဲကပင်အသင်းမှာလည်း ယခုခြေစမ်းပွဲမတိုင်မီ ရောဝတီ၊ မကွေး၊ တက္ကသိုလ်လက်ရွေးစင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့သည်။



ရှမ်းယူနိုက်တက်နှင့် ဇွဲကပင်အသင်း အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

ယနေ့နံနက်ပိုင်းက ကစားခဲ့သည့် ခြေစမ်းပွဲများတွင် ရောဝတီနှင့် ဟံသာဝတီအသင်းတို့ ရလဒ်ကောင်းခဲ့ပြီး MNL တန်းတက်ကလပ် ဒဂုံအသင်းသည် ပထမတန်းကလပ် ချင်းယူနိုက်တက်အသင်းကို အရေးနိမ့်ခဲ့သည်။

**ညီမြတ်သော်တာ**




**မြန်မာ ယူ-၂၂ အသင်းတွင် ထပ်မံရွေးချယ်ခံရသည့် တိုက်စစ်မှူး ထက်ဖြိုးဝေ။** ဓာတ်ပုံ-စိုးညွန့်

● *ကျောဖုံးမှ*

သမား လွင်မိုးအောင်၊ နောက်ခံလူများဖြစ်သည့် ရဲရင့်အောင်နှင့် ဝင်းမိုးကျော်တို့ကို အားဖြည့်ရွေးချယ်ထားသည်။ မြန်မာ ယူ-၂၂ အသင်းသည် ၂၀၁၉ အာဆီယံ ယူ-၂၂ ပြိုင်ပွဲမတိုင်မီ အကြိုပြင်ဆင်မှုအဖြစ် ဇန်နဝါရီ ၇ ရက်တွင် အိုမန် ယူ-၂၂ အသင်း၊ ဇန်နဝါရီ ၁၀ ရက်တွင် ကာတာ ယူ-၂၂ အသင်း တို့ နှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းတွင် **နည်းပြချုပ်** - ဦးကြည်လွင်၊ **လက်ထောက်နည်းပြ**- ဦးချစ်နိုင်၊ ဦးကျော်လွင်၊ **ဂိုးနည်းပြ** - ဦးမျိုးကျော်အောင်၊ **ဂိုး** - ဘုန်းသစ္စာမင်း၊ စိုးအာကာ၊ **နောက်တန်း** - စိုးမိုးကျော်၊ ဝင်းမိုးကျော်၊ ရဲရင့်အောင်၊ ဇွဲထက်မင်း၊ သက်ပိုင်ထွေး၊ အောင်ဝဏ္ဏစိုး၊ ဇင်ရဲနောင်၊ ကျော်သူထွန်း၊ **အလယ်တန်း** - မြတ်ကောင်းခန့်၊ မင်းကိုကို၊ လွင်မိုးအောင်၊ နန်းထိုက်ဇော်၊ စိုးလွင်လွင်၊ ဟိန်းထက်အောင်၊ **ရှေ့တန်း** - ဝင်းနိုင်ထွန်း၊ ဇင်မင်းထွန်း၊ ချမ်းငြိမ်း၊ ထက်ဖြိုးဝေတို့ ပါဝင်ကြသည်။

**ညီမြတ်သော်တာ**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်



**နေပြည်တော် ဒီဇင်ဘာ ၂၉**

မောင်တောမြို့နယ် နယ်မြေ(၁) အမှတ်(၅)နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲ ဗန္ဓုလရဲကင်းစခန်းမှ ယာယီရဲမှူး မြင့်ငွေ ဦးစီး တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ် (၁၁) နယ်ခြားစောင့်တပ် Milenpara ကင်းစခန်း စခန်းမှူး Subedar Md. Salim Mia ဦးစီး တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီ မှ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ အထိ မြန်မာနိုင်ငံဘက်ခြမ်း နယ်ခြားမှတ်တိုင် (၅၃) အနီး၌ တွေ့ဆုံဆွေးနွေး၍ မိမိတို့နိုင်ငံ အသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင်(၅၃) မှ (၅၄) အထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင် လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကားနှင့်ဆိုင်ကယ်တိုက်မိ၍ လူတစ်ဦးသေဆုံး ကားမောင်းနှင်သူ ထွက်ပြေး

**သထုံ ဒီဇင်ဘာ ၂၉**

မွန်ပြည်နယ် သထုံမြို့နယ် တံတားဦး ကျေးရွာအုပ်စု ငုတ္တိုကျေးရွာတွင် ဒီဇင်ဘာ ၂၈ ရက် ည ၁၀ နာရီခွဲခန့်က ကားနှင့်ဆိုင်ကယ် တိုက်မိမှုဖြစ်ပွား၍ လူတစ်ဦးသေဆုံးပြီး ကားမှာ မောင်းနှင်ထွက်ပြေးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘီးလင်းမြို့ဘက်မှ သထုံမြို့ဘက် သို့ မောင်ကျော်မျိုးသက် (၁၇ နှစ်) ဇရစ်ချောင်ကျေးရွာ သထုံမြို့နယ်နေသူ မောင်းနှင် လာသော ၆၇ယ/..... ဆိုင်ကယ်သည် ရန်ကုန်-မော်လမြိုင်အဝေးပြေးလမ်းမပေါ်တွင် သထုံမြို့ဘက်မှ ဘီးလင်းမြို့ဘက်သို့ မောင်းနှင်လာသည့် ကုန်တင်ယာဉ်ဟု ယူဆရသည့် မော်တော်ယာဉ်နှင့် တိုက်မိပြီး ဆိုင်ကယ်မောင်းနှင်သူမှာ နေရာတွင် ဒဏ်ရာများရရှိ သေဆုံးသွားသဖြင့် ရဲဆေးစာဖြင့် သထုံခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ ကြောင်း သိရသည်။

သို့ဖြစ်၍ ယာဉ်ကို မဆင်မခြင်မောင်းနှင်ပြီး တိုက်မိသေဆုံးစေ၍ မောင်းနှင်ထွက်ပြေးသွားသူ ယာဉ်နှင့်အမည်မသိ ယာဉ်မောင်းကို သိမ်ဆိပ်နယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# မြန်မာ့ရုပ်မြင်သံကြား

၃၀-၁၂-၂၀၁၈ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၄၀ - တရုတ်ကာတွန်း "တောပျော် မျောက်ကလေး ကျွမ်ကျွမ်" (အပိုင်း-၂၀)
- ၉း၃၀ - MRTV Travelogue
- ၁၀း၀၀ - Sunday Talk
- ၁၁း၃၀ - BBC ခံစားကြည့်
- ၁၂း၄၅ - ဆေးရောင်စုံရုပ်ရှင် "တိုက်ပွဲခေါ်သံ" သီဟတင်စိုး၊ မင်းဦး၊ ညွန့်ဝင်း၊ ဇင်မာဦး၊ ဆွေဇင်ထိုက် ဒါရိုက်တာ-မောင်တင်ဦး

**ညပိုင်း**

- ၁၆း၃၅ - "ရင်ထဲကလက်မှုပညာ" (နွားလှည်းဘီးအကြောင်း)
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၅၃)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "သရေခေတ္တရာ" (ပျူမြို့ဟောင်း)
- - တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်တေးများ
- - မြန်မာဂန္ထဝင်ရုပ်ရှင် "ဒူးမထောက် လက်မမြှောက်" (ဇာတ်သိမ်းပိုင်း) ညွန့်ဝင်း၊ အောင်အောင်၊ ဆွေဇင်ထိုက်၊ နွဲ့နွဲ့မူ ဒါရိုက်တာ-ထူးကျော်

# လမ်းမကြီးပေါ်မောင်းနှင်သည့်ယာဉ်အား လမ်းသွယ်မှ မောင်းနှင်တိုက်မိသည့် ဆိုင်ကယ်စီးသူ သေဆုံး

**မိုးကောင်း ဒီဇင်ဘာ ၂၉**

ကချင်ပြည်နယ် မိုးကောင်းမြို့ကျွန်းတောရပ်ကွက်၌ ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီခန့်က လမ်းမကြီးပေါ်မောင်းနှင်နေသည့်ယာဉ်အား လမ်းသွယ်မှမောင်းနှင်ဝင်တိုက်မိသည့် ဆိုင်ကယ်စီးနင်းသူ သေဆုံးခဲ့ကြောင်း မိုးကောင်းမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မိုးကောင်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည့် အမျိုးသားလူနာတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ မိုးကောင်းမြို့မရဲစခန်းမှ ဒုတိယရဲအုပ်သျှားသက်အောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးရာ သေဆုံးသူမှာ မိုးကောင်းမြို့ ဖိုးချစ်ကုန်းရပ်ကွက် အုပ်စု (၁၀) နေ ဘရန်နူး(၃၀ နှစ်) ဖြစ်ပြီး ယာဉ်တိုက်မှုကြောင့် ရရှိခဲ့သည့်ဒဏ်ရာများကို ဆေး ကုသမှုခံယူစဉ် ညနေ ၃ နာရီခန့်တွင် သေဆုံးခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်စဉ်မှာ မိုးကောင်းမြို့ ဖိုးချစ်ကုန်းရပ်ကွက်ရှိ ပြည်ထောင်စုလမ်းမကြီးအတိုင်း မိုးကောင်းမြို့ဘက်သို့ မောင်းနှင်လာသည့် လေးလုံးထိုး မော်တော်ယာဉ်၏ ယာဘက်နောက်ဘီးအား ရပ်ကွက်လမ်းသွယ်မှ ဘရန်နူး (သေဆုံးသူ) မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်မှ ဝင်ရောက်တိုက်မိကာ ရရှိသည့်ဒဏ်ရာများဖြင့် သေဆုံးခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဘရန်နူးအား မိုးကောင်းမြို့မ ရဲစခန်းတွင် သေမှုသေခင်းရေးဖွင့်ထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် ယနေ့တားဆီးဖမ်းဆီးမှုမရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၂၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုပို့ကုန်ယာဉ် ၈၄၉ စီး၊ သွင်းကုန် ၅၈၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၁ စီး၊ သွင်းကုန် ၁၆၈ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၈ ရက်တွင် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီး/ဖမ်းဆီးမှု မရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်ရွှေမြို့နယ် မော်ဘီကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

**ညောင်ရွှေ ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် ပုန့်မူကျေးရွာအုပ်စု မော်ဘီကျေးရွာတွင် ဒီဇင်ဘာ ၂၈ ရက် ည ၁၀ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ မော်ဘီကျေးရွာနေ ဒေါ်ငွေ (၈၂ နှစ်) တစ်ဦးတည်းနေထိုင်သော နေအိမ်အိပ်ခန်းအတွင်း ဖယောင်းတိုင် မီးထွန်းထားရာမှတစ်ဆင့် နေအိမ်သို့ မီးကူးစက်လောင်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် အိမ်ရှင်ဖြစ်သူ ဒေါ်ငွေမှာ မီးလောင် သေဆုံးသွားခဲ့ပြီး ၎င်း၏ သက်ငယ်မိုး၊ ထရံကာနေအိမ်မှာ မီးလောင်ဆုံးရှုံးခဲ့ ကြောင်း၊ မီးပေါ့ဆမှုကြောင့် မီးလောင်သေဆုံးခဲ့မှုနှင့် ပတ်သက်၍ နန်းပန် နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သထုံမြို့နယ်၌ ဘုရားဖူးယာဉ်တိမ်းမှောက် တစ်ဦးသေဆုံး၊ ၁၂ ဦးဒဏ်ရာရ

**ပေါင် ဒီဇင်ဘာ ၂၉**

မွန်ပြည်နယ် သထုံမြို့၌ ဘုရားဖူးယာဉ် တိမ်းမှောက်မှုကြောင့် ၇၈ နှစ်အရွယ် အမျိုးသမီး သေဆုံးသွားခဲ့ပြီး လူ ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၉ ရက် နံနက် ၅ နာရီခန့်တွင် သထုံမြို့ နောင်ကုလားဘုရားလေးကျောင်း အနီးတွင် ဘုရားဖူးထွက်လာသော ယာဉ်မှာ အရှိန်လွန်တိမ်းမှောက်သွားသောကြောင့် ဒေါ်အုန်းရင် (၇၈ နှစ်) မှာ နေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

"သေဆုံးသွားတဲ့သူက အဘွားဒေါ်အုန်းရင်ဖြစ်ပြီး နဂိုကတည်းက ပန်းနာရင်ကျပ်ရောဂါသည်လို့ သိရပါတယ်။ သူ့မိသားစုတွေလည်း လိုက်ပါလာတယ်။ ဘုရားဖူးပြီးတော့ အပြန်မှာဖြစ်တာပါ" ဟု သထုံမြို့မရဲတပ်ဖွဲ့ထံမှ သိရသည်။

သို့ဖြစ်ပါ၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ သောင်းနိုင် (၅၂ နှစ်) ကို သထုံမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ဇင်မျိုးသူ**

# နမ့်ခမ်းမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၈ ရက် ညနေပိုင်းတွင် နမ့်ခမ်းမြို့နယ် နမ့်ခမ်း-မန့်ဟောင်း ကူးတို့ဆိပ်သွားလမ်း မန့်ဟောင်းကျေးရွာ အဝင်လမ်းတွင် တရုတ်နိုင်ငံသား လှမောင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူ ၃၃ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် လှမောင် (၄၉ နှစ်) အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တရုတ်နိုင်ငံသား လှမောင်အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ဟိုပုံးနှင့် ပင်လောင်းမြို့နယ်တို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းဟန် ဦးစီးပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၈ ရက် နံနက် ၇ နာရီ မိနစ် ၄၀ မှ ညနေ ၄ နာရီ မိနစ်၄၀ အထိ ဟိုပုံးမြို့နယ် ဗန်းစောက်ကျေးရွာ၏ အနောက်ဘက် ၁ မိုင် ၂ ဖာလုံ ခန့်အကွာ ၌ အမြင့်သုံးပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၅ ဧကအား ဖျက်ဆီးခဲ့ကြောင်းနှင့် ပင်လောင်းမြို့နယ် မီးခြစ်ကျောက်ကျေးရွာ၌လည်း ဘိန်းစိုက်ခင်း ၁၁ ဧကကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



# ကမ္ဘာကျော် အီဂျစ်ပိရမစ်များအနီး ခရီးသွားဘတ်စ်ကား ဗုံးပေါက်ကွဲရာ လေးဦးသေဆုံး

**ဂီဇာ ဒီဇင်ဘာ ၂၉**

အားလပ်ရက် အပန်းဖြေ အနားယူနေသည့် ဗီယက်နမ်နိုင်ငံသားသုံးဦးနှင့် အီဂျစ်ဧည့်လမ်းညွှန်တစ်ဦး အပါအဝင် အခြားခရီးသွားများ စီးနင်းလိုက်ပါလာသော ဘတ်စ်ကားသည် ဒီဇင်ဘာ ၂၈ ရက်က ကိုင်ရိုမြို့ပြင် ဂီဇာပိရမစ်များအနီးတွင် လမ်းဘေးဗုံးကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်းနှင့် ဗုံးပေါက်ကွဲမှုကြောင့် ဗီယက်နမ်နိုင်ငံသားသုံးဦးနှင့် အီဂျစ်ဧည့်လမ်းညွှန်တစ်ဦးတို့ သေဆုံးခဲ့ကြောင်း အရာရှိများက ပြောကြားခဲ့သည်။

ထို့အပြင် ခရီးသွားဘတ်စ်ကားပေါ်တွင် လိုက်ပါလာသည့် အခြားဗီယက်နမ်ခရီးသွား ၁၁ ဦးနှင့် အီဂျစ်ကားဆရာတစ်ဦးတို့လည်း ဗုံးပေါက်ကွဲမှုတွင် ဒဏ်ရာရရှိခဲ့ကြောင်း အစိုးရ ရှေ့နေရုံးမှ ထုတ်ပြန်သော ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါဗုံးသည် ဂီဇာပိရမစ်များ တည်ရှိရာနေရာအနီး အယ်လ်ဟာရမ်ပြည်နယ် မာရီယူတီယာလမ်း အုတ်တံတိုင်းအနီးတွင် ပေါက်ကွဲခဲ့ခြင်း ဖြစ်ကြောင်း အစိုးရရှေ့နေရုံး ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။



ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ နေရာတွင် လုံခြုံရေးတပ်ဖွဲ့များ ဖြန့်ကြက်ကာ စစ်ဆေးမှုများလုပ်ဆောင်လျက်ရှိစဉ်။

အဆိုပါ ခရီးသွားဘတ်စ်ကားပေါ်တွင် ဗီယက်နမ်ခရီးသွား ၁၄ ဦး အပါအဝင် စုစုပေါင်း ခရီးသည် ၁၆ ဦး၊ အီဂျစ်ကားဆရာတစ်ဦးနှင့် အီဂျစ်ဧည့်လမ်းညွှန်တစ်ဦးတို့ လိုက်ပါလာကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဗုံးပေါက်ကွဲရာ နေရာအနီးတွင် ချက်ချင်းဆိုသလို လုံခြုံရေးများ ဖြန့်ကြက်ကာ စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ် မိုစတာဖာမာ့ဘော်လီသည် ဒဏ်ရာရခရီးသွားများ ဆေးကုသမှုခံယူရာ ဆေးရုံသို့ သွားရောက်ကြည့်ရှုခဲ့ပြီး ယခုဖြစ်ရပ်နှင့် စပ်လျဉ်း၍ ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံမှ ရာနှုန်းပြည့် လုံခြုံစိတ်ချမှုအာမခံချက်မပေးနိုင်ကြောင်း စိတ်မကောင်းစွာ ပြောကြားခဲ့သည်။

အဆိုပါ ဗုံးဖောက်ခွဲခြင်းကို မည်သည့်အဖွဲ့က လုပ်ဆောင်သည်ဆိုသည်ကို လတ်တလောတွင် မသိရသေးချေ။ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး အမေရိကန် ပြည်ထောင်စုကလည်း ပြစ်တင်ရှုတ်ချသည့် ထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် အကြမ်းဖက်ဝါဒ နှိမ်နင်းမှုများတွင် အီဂျစ်လူမျိုးများနှင့်အတူရှိပါကြောင်း၊ ယခုဖြစ်စဉ်နှင့်ပတ်သက်ပြီး တရားမျှတမှုရှိအောင် လုပ်ဆောင်ရာတွင် အီဂျစ်အစိုးရကို ကူညီမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

ဂီဇာရှိ ပိရမစ်များသည် အံ့ဖွယ်ကမ္ဘာ့ရှေးဟောင်းလက်ရာ ခုနစ်ခုတွင် တစ်ခုတည်း ကျန်ရှိသော ရှားပါးဗိသုကာလက်ရာများဖြစ်ကြောင်း သိရပြီး ကမ္ဘာတစ်ဝန်းရှိ ခရီးသွားများကို ဆွဲဆောင်ရာနေရာတစ်ခု ဖြစ်ကြောင်းလည်း သိရသည်။ **အေအက်ဖ်ပီ**

## ဖိလစ်ပိုင်တောင်ပိုင်းတွင် အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့သောကြောင့် ဆူနာမီသတိပေးချက်ထုတ်ပြန်

**မနီလာ ဒီဇင်ဘာ ၂၉**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုကျွန်းရှိ ဒါဗာအိုပြည်နယ်တွင် ဒီဇင်ဘာ ၂၉ ရက်က ၆ ဒသမ ၉ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ မီးတောင်နှင့် ငလျင်ဆိုင်ရာအဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါ ငလျင်သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၃၉ မိနစ်တွင် ဒါဗာအိုပြည်နယ် ဂါဗာနာဂျီနီရိုဆိုဒေသ၏ အရှေ့တောင်ဘက် ၁၆၂ ကီလိုမီတာအကွာရှိ ကမ်းလွန်ကိုဗဟိုပြုကာ မြေအောက်အနက် ၄၉ ကီလိုမီတာခန့်တွင် လှုပ်ခတ်သွားခဲ့ကြောင်း အဆိုပါအဖွဲ့က ပြောကြားခဲ့သည်။ ငလျင်ကြီးလှုပ်ပြီးနောက် နောက်ဆက်တွဲ ငလျင်ငယ်များ လှုပ်နိုင်ကြောင်း၊ ငလျင်ကြီး လှုပ်ပြီးနောက် လတ်တလောတွင် ပျက်စီးမှုသတင်းများကို ထုတ်ပြန်ခြင်း မရှိသေးကြောင်း သိရသည်။



ဖိလစ်ပိုင်နိုင်ငံ ဂျင်နရယ်ဆန်တိုးစ်ငါးဖမ်းဆိပ်ကမ်းရှိ ငါးဖမ်းလှေများကို တွေ့ရစဉ်။

ဖိလစ်ပိုင်အစိုးရက ငလျင်ကြောင့် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်ကမ်းရိုးတန်းများတွင် ဆူနာမီဖြစ်ပေါ်လာနိုင်သည်ဟု သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။ အကယ်၍ ဆူနာမီဖြစ်ပေါ်လာမည်ဆိုပါက လှိုင်းလုံးများသည် ၃၀ စင်တီမီတာ (တစ်ပေခန့်) မြင့်နိုင်ကြောင်းနှင့် လှိုင်းကြီးနိုင်ကြောင်း သတိပေးထားသည်။ လူများကိုလည်း ဖိလစ်ပိုင်ကမ်းရိုးတန်းများသို့သွားခြင်းကို ရှောင်ရှားခိုင်းထားပြီး ၎င်းတို့နှင့် ဝေးရာတွင် နေထိုင်ရန် အကြံပြုထားကြောင်း သိရသည်။

လွန်ခဲ့သော ၂၀၁၃ ခုနှစ်ကလည်း ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းကျွန်းတွင် ၇ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်ခဲ့သောကြောင့် လူပေါင်း ၂၀၀ ထက်မနည်း သေဆုံးခဲ့ကြောင်းသိရပြီး သမိုင်းဝင်ဘုရားကျောင်းများလည်း ပျက်စီးခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## နှစ်သစ်ကူးအားလပ်ရက် အိမ်ပြန်ခရီးသွားများဖြင့် ဂျပန်နိုင်ငံတစ်ဝန်း ကြိတ်ကြိတ်တိုး စည်ကား

**တိုကျို ဒီဇင်ဘာ ၂၉**

နှစ်သစ်ကူးကာလ ဖြစ်သောကြောင့် ဂျပန်နိုင်ငံရှိ လမ်းများ၊ ရထားလိုင်းများ၊ လေဆိပ်များတွင် အားလပ်ရက် အိမ်ပြန်ခရီးသွားများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိကြောင်း သိရ သည်။ တိုကျိုဟာနီဒါ လေဆိပ်မှ ထွက်ခွာမည့် ပြည်တွင်းလေကြောင်းလိုင်းများလည်း ဒီဇင်ဘာ ၂၉ ရက် (စနေနေ့)အတွက် ကြိုတင်လေယာဉ် လက်မှတ်မှာယူမှုများဖြင့် နေရာမကျန်လောက်အောင် ရောင်းအား ကောင်းလျက်ရှိကြောင်း သိရသည်။

ထို့အတူ နီပွန်လေကြောင်းလိုင်းများ အားလုံးနှင့် ဂျပန်လေကြောင်းလိုင်းများသည်လည်း ပုံမှန်အတိုင်း ဆက်လက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

ဂျပန်ရထားလိုင်း ကုမ္ပဏီများက တိုကျိုမှ ဟာကာတာသို့ ဒီဇင်ဘာ ၂၉ ရက် (စနေနေ့)တွင် ထွက်ခွာမည့် ရှင်ကန်ဆန် ကျည်ဆန် ရထား လက်မှတ်များ အားလုံးလည်း ရောင်းမလောက်ရှိခဲ့ကြောင်း ပြောခဲ့သည်။

ထို့အပြင် အဝေးပြေးလမ်းများတွင်လည်း အားလပ်ရက် အိမ်ပြန်သူများဖြင့် ပြည့်သိပ်နေကြောင်း သတင်းရရှိသည်။

**အင်န်အိတ်ချ်ကေ**

# ဆူဒန်ရဲများ ဆန္ဒပြအတိုက်အခံခေါင်းဆောင်ကို ဖမ်းဆီးပြီး ဆန္ဒပြမှုများကို ဖြိုခွင်း

**ခါတွန် ဒီဇင်ဘာ ၂၉**

ဒီဇင်ဘာ ၂၈ ရက် ဆုတောင်းပွဲပြီးနောက်ဖြစ်ပွားခဲ့သော ဆန္ဒပြမှုများကို ဆူဒန်ရဲများက ထိန်းသိမ်းခဲ့ကြောင်းနှင့် အဓိက ဆန္ဒပြအတိုက်အခံခေါင်းဆောင်ကိုလည်း ဖမ်းဆီးခဲ့ကြောင်း သိရသည်။ ပေါင်မုန့်ဈေးမြင့်တက်မှုကြောင့် ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပေါင်မုန့်ဈေးများမြှင့်ရန် အစိုးရဆုံးဖြတ်ချက် ထွက်ပေါ်လာပြီးနောက် ဒေါသထွက်နေသော ဆန္ဒပြလူအုပ်ကြီးသည် ခါတွန်မြို့နှင့် အခြားမြို့များရှိ လမ်းများပေါ်သို့ ဒီဇင်ဘာ ၁၉ ရက်ကတည်းက ထွက်ကာ ဆန္ဒပြမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယခုအချိန်အထိ ဆန္ဒပြမှုများတွင် လူပေါင်း ၁၉ ဦး သေဆုံးခဲ့ကြောင်း အစိုးရကပြောခဲ့သည်။ အဆိုပါ သေဆုံးခြင်းကို စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ရန် ဆူဒန်အရာရှိများကို ကုလသမဂ္ဂက တိုက်တွန်းခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၂၈ ရက် ဆုတောင်းပွဲများပြီးနောက် ဆူဒန်နိုင်ငံရှိ ခါတွန်မြို့ ၎င်း၏အမြွှာမြို့ဟု တင်စားရမည့် အွမ်ဒါမန်မြို့အပါအဝင် မြို့အတော်များများတွင် ဖြစ်ပွားခဲ့သော ဆန္ဒပြသူ ရာပေါင်းများစွာကို ရဲများက မျက်ရည်ယိုဗုံးများဖြင့် ပစ်ခဲ့ကြောင်း မျက်မြင်သက်သေများက ပြောခဲ့သည်။ တချို့ဆန္ဒပြမှုများတွင် အမှိုက်များနှင့် တာယာများကို မီးရှို့ခဲ့ကြကြောင်း လူမှုမီဒီယာပေါ်သို့ တင်ခဲ့သော ဓာတ်ပုံများတွင် မြင်တွေ့နိုင်သည်။

အွမ်ဒါမန်မြို့ရှိ ဆန္ဒပြလူအုပ်ကြီးကလည်း "လွတ်လပ်ရေး၊ ငြိမ်းချမ်းရေး၊ တရားမျှတမှုရှိရေး" စသည်တို့ကို ကြွေးကြော်ခဲ့ကြကြောင်း သိရသည်။ သို့သော်လည်း ၎င်းတို့သည် ဆန္ဒပြနှိမ်နင်းရဲများနှင့် ထိပ်တိုက်ရင်ဆိုင်တိုးခဲ့ကြောင်း မျက်မြင်သက်သေများက ဆက်လက်ပြောကြားခဲ့သည်။ ဆန္ဒပြမှုဖြစ်စဉ်အတွင်း အတိုက်အခံပါတီအဖွဲ့ဝင် အတော်များများလည်း ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရကြောင်း သတင်းရရှိသည်။ **အေအက်ဖ်ပီ**



ခါတွန်မြို့အပါအဝင် အခြားမြို့များတွင် ၁၀ ရက်မြောက်နေ့အဖြစ် ဆန္ဒပြနေသော ဆန္ဒပြသူများကို တွေ့ရစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### ဂျပန်နိုင်ငံတစ်ဝန်း ဆီးနှင်းများ ထူထပ်စွာ ကျဆင်း

**တိုကျို ဒီဇင်ဘာ ၂၉**

ဂျပန်ကမ်းရိုးတန်းတစ်လျှောက် ဂျပန်နိုင်ငံအနောက်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် ဆီးနှင်းများ ထူထပ်စွာ ဆက်လက်ကျဆင်းလျက်ရှိရာ ဂျပန်နိုင်ငံမြောက်ပိုင်း ယာမာဂါတာ စီရင်စုရှိ ကျေးရွာလေးတစ်ရွာတွင် ဒီဇင်ဘာ ၂၉ ရက်က ဆီးနှင်းများ နှစ်မီတာနီးပါး ဖုံးလွှမ်းခဲ့ကြောင်း သိရသည်။ ဆီးနှင်းများကျဆင်းမှုသည် အထူးသဖြင့် ကမ်းရိုးတန်းဒေသများတွင် လာမည့်တနင်္ဂနွေ (ဒီဇင်ဘာ ၃၀ ရက်) အထိ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

နိုင်အီဂါတာစီရင်စုနှင့် ကန်တိုကိုရှင်ဒေသများတွင် ၂၄ နာရီအတွင်း (လာမည့် ဒီဇင်ဘာ ၃၀ ရက်အထိ) ဆီးနှင်းများ ၇၀ စင်တီမီတာခန့် ကျဆင်းနိုင်ကြောင်း ခန့်မှန်းထားကြပြီး ဟော့ကိုင်းဒို၊ တိုဟိုကုနှင့် ဟိုကူရိကူဒေသများတွင် ဆီးနှင်းကျဆင်းမှု ၅၀ စင်တီမီတာအထိ ရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

သက်ဆိုင်ရာ တာဝန်ရှိသူများက ပြည်သူများအား မြေပြိုမှုအန္တရာယ်များ၊ ခတ်အားလှိုင်းကြီးများနှင့် သစ်ပင်များ ဆီးနှင်းများ ဖုံးလွှမ်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သော ဘေးအန္တရာယ်များကို သတိထားကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

### ဖိလစ်ပိုင်နိုင်ငံတွင် မြေပြိုမှုဖြစ်ပွား သုံးဦးသေဆုံး

**မနီလာ ဒီဇင်ဘာ ၂၉**

ဖိလစ်ပိုင်နိုင်ငံ မနီလာတောင်ပိုင်း အယ်လ်ဘေးပြည်နယ် လီဂက်ဇ်ပီမြို့ ဆန်ဖရန်ဆစ္စကိုကျေးရွာတွင် အပူပိုင်းလေဖိအားနည်းရပ်ဝန်းကြောင့် ဖြစ်ပေါ်လာသော မိုးရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားခဲ့ရာ လူသုံးဦး အရှင်လတ်လတ် မြေပိသေဆုံးခဲ့ကြောင်း အစိုးရအရာရှိများက ဒီဇင်ဘာ ၂၉ ရက်က ပြောခဲ့သည်။


ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့သော မြေပြိုမှုဖြစ်စဉ်တွင် အသက်သုံးနှစ်အရွယ် ယောက်ျားလေး တစ်ဦး၊ အသက် ၂၀ အရွယ် အမျိုးသမီး တစ်ဦး၊ အသက် ၂၆ နှစ်အရွယ်အမျိုးသား တစ်ဦးတို့ သေဆုံးခဲ့ကြောင်း လီဂက်ဇ်ပီမြို့ဝန် နိုအဲရိုဆယ်က ပြောခဲ့သည်။

မြေပြိုမှုဖြစ်ပွားချိန်တွင် ၎င်းတို့သုံးဦးသည် အခြား ၁၀ ဦးနှင့်အတူ အိမ်တစ်အိမ်အတွင်း အတူရှိနေကြောင်းနှင့် အခြား ၁၀ ဦးမှာ မြေပြိုမှုဖြစ်စဉ်မှ လွတ်မြောက်ခဲ့ကြောင်း မြို့တော်ဝန်က ပြောကြားခဲ့သည်။ အယ်လ်ဘေးပြည်နယ် နေရာအများစု ရေများဖုံးလွှမ်းလျက်ရှိကြောင်း အယ်လ်ဘေးပြည်နယ် ဒါရာဂါမြို့တွင် နေထိုင်သည့် ဒေသခံတစ်ဦးက ပြောခဲ့သည်။

အပူပိုင်း လေဖိအားနည်းရပ်ဝန်းသည် ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း၊ အရှေ့ပိုင်း ဆာမားဒေသသို့ ဝင်ရောက်ခဲ့ပြီး နောက်ပိုင်းတွင် အားပျော့သွားခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# စီးပွားရေး ကျဆင်းမှုဒဏ်ကို ခံစားနေရတဲ့ အီရန်လူလတ်တန်းစားများ

**ခြူးစန္ဒီမွေး**



ဘတ်စ်ကားဖြင့် အလုပ်ဆင်း၊ အလုပ်တက်နေသော အီရန်နိုင်ငံသားများကို တွေ့ရစဉ်။

လွန်ခဲ့တဲ့တစ်နှစ်ခန့်ကဆိုရင် ကာဇက်ရှ်တေမိုရီဟာ ကွန်ပျူတာပစ္စည်းတွေ ရောင်းချတဲ့ ဆိုင်လေးဖွင့်ထားပြီး ကားအသစ်တစ်စီး ဝယ်နိုင်တဲ့အပြင် တီဟီရန် မြို့အလယ်မှာလည်း သက်သောင့်သက်သာရှိတဲ့ အိမ်ခန်းကိုငှားနေနိုင်ပါတယ်။ အခုအချိန်မှာတော့ ဟောင်းနွမ်းနေတဲ့ ဆိုင်ကယ်ကိုစီးပြီး အလုပ်နဲ့ အလှမ်းဝေးတဲ့နေရာမှာ အိမ်ငှားနေရပါတယ်။ အခုလို စီးပွားရေးတွေ ကျဆင်းမသွားခင်ကဆိုရင် ကာဇက်ရှ်တို့ မိသားစုဟာ အလယ်အလတ်တန်းစား အီရန်မိသားစုတစ်စု ဖြစ်ပါတယ်။ ပညာတတ်တွေ ပေါ်တဲ့အပြင် ကိုယ်ပိုင်အိမ်ဝယ်ဖို့လည်း အရစ်ကျငွေသွင်းနိုင်သူတွေလည်း ဖြစ်ပါတယ်။

## ချွတ်ခြုံကျလာ

ဒါပေမယ့်လည်း စီးပွားရေးကျဆင်းသွားတဲ့ အခါမှာတော့ အခြားအလယ်အလတ်တန်းစား အီရန်မိသားစုတွေလိုပဲ ချွတ်ခြုံကျလာပါတယ်။ အီရန်နိုင်ငံရဲ့ စီးပွားရေးဟာဆိုရင် နှစ်ပေါင်းများစွာ မားယွင်းတဲ့စီမံခန့်ခွဲမှုတွေ၊ စီးပွားရေးပိတ်ဆို့မှု အသစ်ဒဏ်တွေခံရတာကြောင့် တဖြည်းဖြည်း တရွတ်တိုက်ဆွဲနေပါတယ်။ အစိုးရဟာဆိုရင်လည်း လည်ပတ်ငွေ ၃၀ ရာခိုင်နှုန်းခန့် ပိုတိုးပြီး အသုံးပြုလာရတာ ဆယ်စုနှစ်တစ်ခုစာခန့် ရှိပါပြီ။ ဘတ်ဂျက်လိုငွေပြမှုနဲ့ အခြားသောအသုံးစရိတ်အတွက် အရန်ငွေကြေးတွေကို အသုံးပြုရပါတယ်။

ရလဒ်အနေနဲ့ နိုင်ငံအတွင်း လည်ပတ်ငွေ အသုံးပြုရမှုဟာ ပိုပိုပြီး တိုးလာပါတယ်လို့ ဗာဂျီးနီးယား စက်မှုသိပ္ပံကျောင်းမှ စီးပွားရေး ပါမောက္ခ ဂျာမက်ဆယ်လီဟီအစ်ဖာဟာနီက ပြောပါတယ်။ အမေရိကန် သမ္မတထရမ့်ရဲ့အီရန်နျူကလီးယားသဘောတူစာချုပ်က နုတ်ထွက်တဲ့ ဆုံးဖြတ်ချက်ကြောင့်ရော ပြင်းထန်လှတဲ့ စီးပွားရေး ပိတ်ဆို့မှုတွေ ပြုလုပ်ခဲ့မှုကြောင့်ပါ အီရန်နိုင်ငံကို စီးပွားရေးကပ်ထဲ ကျစေခဲ့ပါတယ်လို့ မစ္စတာ ဆယ်ဟီနီအစ်ဖာဟာနီက ပြောပါတယ်။

## ငွေကြေးတန်ဖိုးထိုးကျ

အီရန်ငွေကြေးဟာလည်း ၇၀ ရာခိုင်နှုန်းခန့် ထိုးကျသွားပါတယ်။ အဲဒီနှုန်းထားဟာလည်း တည်ငြိမ်မှုမရှိ တက်လိုက် ကျလိုက် ဖြစ်နေတုန်းပါပဲ။ အီရန်နျူကလီးယားသဘောတူစာချုပ်ကနေ အမေရိကန် နုတ်ထွက်သွားတာကြောင့် ကမ္ဘာ့စီးပွားရေး အသိုက်အဝန်းထဲကို ပြန်ဝင်မယ်၊ အီရန်ရဲ့ ရေနံတင်ပို့မှု ဈေးကွက်ကို ချဲ့ထွင်မယ်ဆိုတဲ့ မျှော်လင့်ချက်လည်း ပျက်ပြားသွားခဲ့ရပါတယ်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေလည်း ပျက်ပြားသွားခဲ့ရပါတယ်။ ဒီလိုဖြစ်ရပ်တွေ ကြုံလာရတဲ့အခါမှာ အီရန်ပြည်သူတွေကဟာ သူတို့ပိုင်ဆိုင်တဲ့ငွေတွေနဲ့ အခြားတန်ဖိုးကြီးပစ္စည်း အထူးသဖြင့် ဒေါ်လာနဲ့ ရွှေတွေဝယ်ယူလိုက်ကြတယ်။

## အသေးစားလုပ်ငန်းတွေထိခိုက်လာ

ပြည်တွင်းကို တင်သွင်းတဲ့ စရိတ်တွေကြီး မြင့်လာတဲ့အခါ ငွေကြေးဖောင်းပွမှုဟာ တစ်ရှိန်ထိုးမြင့်တက်လာပြီး အထက်မှာ ဖော်ပြခဲ့တဲ့ မစ္စတာ ကာဇက်ရှ်တို့လို သွင်းကုန်ကိုမှီခိုနေရတဲ့ အသေးစားလုပ်ငန်းလေးတွေ လုပ်ကိုင်သူတွေ အထိနာလာပါတယ်။ မစ္စတာကာဇက်ရှ်ရဲ့ မိသားစုဝင်ငွေဟာလည်း တစ်ရှိန်ထိုးကျဆင်းသွားပါတယ်။

တစ်ချိန်တုန်းကသာ ဒီလိုမျိုး အခြေအနေမျိုးတွေနဲ့ တစ်နေ့ကြုံလာနိုင်တယ်လို့ တစ်စုံတစ်ယောက်က လာပြောခဲ့ရင် ဟားတိုက်ရယ်မိမှာပါလို့ မစ္စတာကာဇက်ရှ်က ပြောပါတယ်။ သူ့ဇနီးကတော့ ဒီလိုအခြေအနေမျိုးနဲ့ ကြုံတွေ့နေရတာ ကျွန်မတို့မိသားစုချည်းပဲ မဟုတ်ပါဘူး။ တခြား မိသားစုတွေလည်း ဒီလိုပါပဲလို့ ဝင်ပြောပါတယ်။

## လူလတ်တန်းစားပေါ်များ

အီရန်ရဲ့ရောင်းအားကောင်းတဲ့ စာရေးဆရာတစ်ဦးဖြစ်တဲ့အသက် ၂၉ နှစ်အရွယ် နဆင်းမရာရှီကတော့ ဒါတွေအားလုံးဟာ အမေရိကန်သမ္မတထရမ့်ကြောင့် ဖြစ်ရတာလို့ ပြောပါတယ်။ အီရန်နိုင်ငံမှာ လူဦးရေသန်း ၈၀ ခန့်ရှိပြီး အများစုကတော့ အလယ်အလတ်တန်းမိသားစုတွေပဲ ဖြစ်ပါတယ်။

ဘတ်စ်ကားမောင်းသူကစလို့ ဆရာဝန်၊ ရှေ့နေတွေအထိ ရှိပါတယ်။ ပြည်တွင်းငွေနဲ့ တွက်မယ်ဆိုရင် ပျမ်းမျှအားဖြင့် တစ်လကို ဒေါ်လာ ၇၀၀ ဝင်ငွေရှိတယ်လို့ အစိုးရရဲ့ စာရင်းအချက်အလက်တွေအရ သိရပါတယ်။ အီရန်လူလတ်တန်းစားတွေဟာ နိုင်ငံရေးအရလည်း လက်ရှိသမ္မတ ဟက်ဆန်ရိုဟာနီလို နိုင်ငံရေးသမားမျိုးကို ထောက်ခံကြပါတယ်။ ဟက်ဆန်ရိုဟာနီဟာ အနောက်အုပ်စုနဲ့ ရင်းနှီးတဲ့ ဆက်ဆံရေးမျိုး ရှိပါတယ်။

## အစိုးရက အရေးယူဆောင်ရွက်

ယခုကြုံတွေ့နေရသလိုမျိုး စီးပွားရေး ဖိအားနဲ့ ရင်ဆိုင်ရလိမ့်မယ်လို့ မထင်ခဲ့ကြပါဘူး။ မကြာသေးခင်ကပဲ ဈေးကွက်ကို ကြိုးကိုင်ခြယ်လှယ်ဖို့ ကြိုးပမ်းမှုမှာပြစ်မှုထင်ရှားတဲ့အတွက် လူနှစ်ဦးထက်မနည်းကိုလည်း ကြိုးပေးပြစ်ဒဏ်စီရင်ခဲ့တာ ရှိပါတယ်။ ဒါကိုကြည့်မယ်ဆိုရင် အစိုးရဟာ စီးပွားရေး ပြဿနာအတွက် ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်နေတယ်ဆိုတာ ထင်ရှားပါတယ်။ ပြီးခဲ့တဲ့ အင်္ဂါနေ့ကပဲ သမ္မတ ဟတ်ဆန်ရိုဟာနီဟာ သူ့ရဲ့ စီမံခန့်ခွဲရေး ဘတ်ဂျက်အစီအစဉ်ကို တင်ပြခဲ့ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေကိုပိုမိုထောက်ပံ့ပေးမယ့် အစီအစဉ်တွေ ပါဝင်တဲ့အပြင် အခြေခံစားသောက်ကုန်ပစ္စည်းတွေကို ဈေးချနိုင်ဖို့ အစီအစဉ်တွေလည်း ပါပါတယ်။

## လူလတ်တန်းစားတွေရဲ့ဝင်ငွေကျဆင်း

ဈေးဝယ် ကုန်တိုက်ကြီးတွေမှာလည်း နိုင်ငံခြားကတင်သွင်းတဲ့ ပစ္စည်းတွေဟာ ဈေးတွေခုန်တက်ကုန်တယ်။ လေးဆလောက် တက်ကုန်တယ်။ တချို့သော နိုင်ငံခြားဖြစ်ပစ္စည်းတွေဆိုရင် တင်တောင်မတင်တော့ပါဘူး။ အနောက်နိုင်ငံထုတ် နာမည်ကြီးတံဆိပ်တွေချည်း ရောင်းချတဲ့ ဆိုင်တွေဟာဆိုရင်လည်း ပိတ်ကုန်ပါပြီ။ လူအများစုဟာ စီးပွားရေးကျဆင်းမှုရဲ့ ရိုက်ခတ်မှုကို ခံစားနေရတယ်လို့ အီရန် စီးပွားရေးပညာရှင် ဖာယက်ဇ်ဖိုရူဇန် ပြောပါတယ်။

လူလတ်တန်းစားတွေဟာ ဝင်ငွေကျဆင်းလာမှုနဲ့အတူ သူတို့ရဲ့ဘဝနေထိုင်မှုကိုပါ ပြောင်းလိုက်ရပါတယ်။ ဇိမ်ခံပစ္စည်းတွေကို အချိန်ကာလ အနည်းငယ်အတွင်းမှာပဲ ဖယ်ရှားလိုက်ရတယ်။ အနာဂတ်ကာလမှာ အလုပ်အကိုင် ဖန်တီးပေးမှု အပိုင်းမှာ ရင်းနှီးမြှုပ်နှံမှုတွေ မရှိတော့တဲ့အတွက် အဲဒီရလဒ်ကို အကုန်လုံးခံစားရတော့မှာလို့ သူက ဆက်ပြောပါတယ်။

## ကြွေးတွေကပူ

နိုင်ငံခြားက တင်သွင်းတဲ့ ကွန်ပျူတာ ဆက်စပ်ပစ္စည်းတွေ ဈေးတွေမြင့်တက်နေချိန်မှာ မစ္စတာကာဇက်ရှ်ဆီကိုလည်း လက်ကားရောင်းတဲ့ ကြွေးရှင်တွေဆီက ဖုန်းတွေတဂွမ်ဂွမ် လာပါတော့တယ်။ သူ့ရဲ့ဝယ်သူတွေဆီကလည်း အကြွေးဆုံးတာကဆုံး၊ ဝယ်သူမရှိတာကလည်း တစ်ပိုင်းနဲ့ မစ္စတာကာဇက်ရှ်က အကြွေးပြန်မဆပ်နိုင်တဲ့အဆုံး သူပိုင်တဲ့ကားနဲ့ အိမ်ထောင်ပရိဘောဂပစ္စည်းတွေ အားလုံးကို ရောင်းချလိုက်ရပါတယ်။ နောက်ပြီး လက်ရှိနေတဲ့ တိုက်ခန်းကနေ ဖယ်ပေးလိုက်ပြီး တိုက်ခန်းကျဉ်းထဲကို ပြောင်းရွှေ့လိုက်ရပါတယ်။

## အီရန်အစိုးရကို ဖိအားပေးဖို့ရည်ရွယ်

သူတို့မိသားစုလိုပဲ အခြားသော အီရန်လူလတ်တန်းစား မိသားစုတွေအကုန်လုံးဟာ စီးပွားရေးကျဆင်းမှုဒဏ်ကို အတော်လေး ခံစားနေရပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ ပြင်းထန်လှတဲ့ စီးပွားရေးပိတ်ဆို့မှုတွေဟာဆိုရင် အီရန်အစိုးရကို ဖိအားပေးဖို့ ရည်ရွယ်ပြီး အီရန်ရဲ့အဓိက ပင်မစီးပွားရေး ထောက်တိုင်ကို ပစ်မှတ်ထားခဲ့တာပါ။

အမေရိကန်က အဓိက စီးပွားရေးပိတ်ဆို့မှု ပြုလုပ်ခဲ့တဲ့ လုပ်ငန်းတွေကတော့ ရေနံတင်ပို့မှု၊ ပင်လယ်ရေကြောင်း ကုန်သွယ်ပို့ဆောင်မှုလုပ်ငန်း၊ ဘဏ်လုပ်ငန်းနဲ့ အဖိုးတန် တွင်းထွက်သတ္တုနဲ့ ရွှေလုပ်ငန်းတွေပဲ ဖြစ်ပါတယ်။ ဒီလိုပြုလုပ်ခြင်းအားဖြင့် အီရန်နိုင်ငံရဲ့ ဦးတည်ချက်လမ်းကြောင်းတွေကို သွေဖည်သွားစေမယ်လို့ ယူဆခဲ့ပါတယ်။

## လူလတ်တန်းစားများရဲ့ စီးပွားရေးထိခိုက်ခံစားရ

ဥရောပသမဂ္ဂအဖွဲ့ကြီးက အီရန်အပေါ် ဆက်လက်ထောက်ခံခဲ့ပေမယ့်အမေရိကန်ရဲ့ပိတ်ဆို့မှုတွေကိုတော့ ကျော်လွှားနိုင်ခြင်း မရှိခဲ့ပါဘူး။ အီရန်မှာ လာရောက်လုပ်ကိုင်နေတဲ့ နိုင်ငံခြားကုမ္ပဏီတွေဟာလည်း အမေရိကန်ရဲ့ အရေးယူပိတ်ဆို့မှုဒဏ်ကိုကြောက်တဲ့အတွက် နိုင်ငံအတွက် လုပ်ငန်းတွေ ပြန်လည်ရုပ်သိမ်းသွားပါတယ်။ အီရန်အစိုးရဟာ အမေရိကန်ရဲ့ စီးပွားရေး ပိတ်ဆို့မှုတွေကို အန်တုရင်း ဆက်လက်တင်းခံနေဆဲပါပဲ။ ကြားထဲက လူလတ်တန်းစားပြည်သူရဲ့ စီးပွားရေးကတော့ ဆိုးဆိုးရွားရွား ထိခိုက်ခံစားနေရပါတယ်။

**ကိုးကား -နယူးယောက်တိုင်းမ်**

> “ပြည်တွင်းကို တင်သွင်းတဲ့ စရိတ်တွေကြီး မြင့်လာတဲ့အခါ ငွေကြေးဖောင်းပွမှုဟာ တစ်ရှိန် ထိုးမြင့်တက်လာပြီး အထက်မှာ ဖော်ပြခဲ့တဲ့ မစ္စတာကာဇက်ရှ်တို့လို သွင်းကုန်ကို မှီခိုနေရတဲ့ အသေးစားလုပ်ငန်းလေးတွေ လုပ်ကိုင်သူတွေ အထိနာလာပါတယ်။ မစ္စတာကာဇက်ရှ်ရဲ့ မိသားစုဝင်ငွေဟာလည်း တစ်ရှိန်ထိုး ကျဆင်းသွားပါတယ်”

# သမိုင်းသစ်၏ မော်ကွန်း

မောင်စိန်ဝင်း (ညောင်ခါးရှည်)

**မော်ကွန်းဟူသည် တစ်မျိုးသားလုံးနှင့် သက်ဆိုင်ပြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သင့်သည့် သမိုင်းတန်ဖိုးကြီးမားသော ပစ္စည်းများ ဖြစ်ပါသည်။ မော်ကွန်းသည် ခေတ်တစ်ခေတ်၏ အခြေအနေအရပ်ရပ်ကို ဖော်ပြနေပြီး နှစ်ကာလကြာရှည်လေလေ အစားထိုးမရလေလေ သမိုင်းတန်ဖိုး ကြီးမားလေလေ ဖြစ်ပါသည်။**



ရွှေပြားကြိတ်စက်ရုံ အဆောက်အဦအား တွေ့မြင်ရစဉ်။

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ ကျော်က တည်ဆောက်ခဲ့သည့် ရန်ကုန်မြို့ရှိ လေးဆူဓာတ်ပုံ ရွှေတိဂုံဆံတော်ရှင်မြတ်ကြီးအား ရေရှည်တည်တံ့ခိုင်မြဲ၍ သပ္ပာယ်စွာ အများပြည်သူ ကြည်ညို သဒ္ဓါပွားနိုင်စေရန် ရည်ရွယ်လျက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့တို့ ပူးပေါင်း၍ ရွှေစင်ရွှေပြား ကပ်လှူပူဇော်ရာတွင် အရည်အသွေးမီ ရွှေစင်ရွှေပြားများ ထုတ်လုပ်သည့် ရွှေပြားကြိတ်စက် ခြောက်လုံးနှင့် ရွှေပြားကြိတ်စက်ရုံကို စေတီတော်တောင်ဘက်မုခ် အောက်ပစ္စယာ၌ မြေနေရာအကျယ်အဝန်း (၃၅' x ၅၀') ရှိ မြေကွက်လပ်တွင် တည်ဆောက်ပြီး ၁၃-၁၂-၂၀၁၈ ရက်နေ့တွင် ကမ္ဘည်းတင် ဖွင့်လှစ်နိုင်ခဲ့သည်မှာ ဘာသာ သာသနာအတွက် တန်ဖိုးမဖြတ်နိုင်သကဲ့သို့ အနာဂတ်သမိုင်းသစ်ကို ရေးထိုးမည့် မော်ကွန်းကမ္ဘည်းလည်း ဖြစ်ပါသည်။

### ရွှေသင်္ကန်းများ ကပ်လှူပူဇော်လေ့ရှိ

ဗုဒ္ဓဘာသာမြန်မာတို့အနေဖြင့် ယဉ်ကျေးမှုအစဉ်အလာအရ နိဗ္ဗာန်ကိုရည်မှန်းလျက် (၁၀) ပါးသောအကျိုးငှာ ဘုရားကျောင်းကန် စေတီပုထိုး စသည့် သာသနိကအဆောက်အအုံများ၌ ထုံးသင်္ကန်းကပ်လှူခြင်း၊ ရွှေဆေးသုတ်ခြင်းအပြင် မိမိတို့ မြတ်နိုးတန်ဖိုးထားသည့် ရွှေကို အပြားခတ်၍ မိမိတို့ အထွတ်အမြတ်ထားရာ တန်ခိုးကြီးစေတီပုထိုးများ၌ သဒ္ဓါယိုဖိတ်ကုသိုလ်စေတနာစိတ်တို့ဖြင့် ရွှေစင်ရွှေပြား၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော်လေ့ရှိကြပါသည်။ ရွှေသင်္ကန်းကပ်လှူရာတွင် ရွှေစင်ရွှေပြားကပ်လှူခြင်းနှင့် သစ်စေးသုတ်၍ ရွှေမျက်ပါးကပ်လှူခြင်းတို့ကို ရှေးယခင်ကတည်းက အသုံးပြုခဲ့ကြောင်း တွေ့ရပါသည်။ ထုံးသင်္ကန်းကပ်လှူခြင်းအပြင် သစ်စေးသုတ်၍ ရွှေမျက်ပါးရွှေသင်္ကန်းကို မြန်မာနိုင်ငံအနှံ့ရှိ စေတီပုထိုးများတွင် ကပ်လှူပူဇော်ကြသော်လည်း ရွှေစင်ရွှေပြားကို အပြားလိုက် ကပ်လှူပူဇော်ခြင်းကိုမူ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအပါအဝင် စေတီပုထိုးအနည်းငယ်တွင်သာ ကပ်လှူပူဇော်ကြောင်း မှတ်သားသိရှိရပါသည်။

### အရည်အသွေးထိခိုက်မှုမရှိ

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် သစ်စေးသုတ် ကပ်လှူသော ရွှေသင်္ကန်းများမှာ ရာသီဥတုဒဏ်ကြောင့် ပျက်စီးမှုများရှိသဖြင့် ငါးနှစ်လျှင်တစ်ကြိမ် အသစ်ပြန်လည် ကပ်လှူခြင်းများရှိပြီး ယခုနှစ်တွင်လည်း ရွှေတိဂုံစေတီတော်အထက်ပစ္စယာ ကြာမှောက်ကြာလှန်နေရာရှိ ရွှေစင်ရွှေပြားများမှာ အစွန်းအထင်းများဖြင့် အရောင်ပျက်ယွင်းလာသဖြင့် ရွှေသင်္ကန်း ကပ်လှူရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ရွှေစင်ရွှေပြားအလိုက် ကပ်လှူသော ရွှေသင်္ကန်းမှာ ပျက်စီးမှုနည်းပါးပြီး အရည်အသွေးထိခိုက်မှု မရှိပါ။ လွန်ခဲ့သောနှစ်ပေါင်း ၁၂၀ ခန့်က မင်းတုန်းမင်းတရားကြီး ကပ်လှူပူဇော်ခဲ့သည့် ရွှေပြားသင်္ကန်းများမှာ နှစ်ကာလကြာမြင့်သော်လည်း ရွှေရောင်ဝင်းလျက်ရှိနေသေးသည်က သက်သေခံနေပါသည်။

ရွှေတိဂုံစေတီတော်၌ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် Gold Coating နည်းပညာဖြင့် ရွှေစင်ရွှေပြားများကို စမ်းသပ်ကပ်လှူပူဇော်ခဲ့ပါသည်။ အဆိုပါနည်းစနစ်တွင် ရွှေစင်ရွှေပြားကို အမှုန့်များပြုလုပ်ပြီး ပြဒါးဖြင့်ရော၍ ကြေးပြားများကို အပူပေးထားချိန်တွင် သုတ်လိမ်းရပြီး ရွှေမှုန်သည် ကြေးပြားနှင့် တွဲဆက်သွားသောအခါ မီးအပူပေး၍ ပြဒါးကို ပြန်လည်ထုတ်ယူသောစနစ် ဖြစ်ပါသည်။ ပြဒါးကို အသုံးပြုရသဖြင့် ပြဒါးအဆိပ်သင့်နိုင်သည့်အပြင် ရွှေမိုက်ထုတ်လုပ်ခြင်း၊ ရွှေသန့်စင်ခြင်း၊ ရွှေရောင်တင်ခြင်းများ ဆောင်ရွက်ရာ၌လည်း ဆိုင်ရာနိုက်ဓာတ်ဆေးရည် အသုံးပြုရသဖြင့် အလွန်အန္တရာယ်များပါသည်။ ရွှေ၏အရောင်အသွေးညီညာမှုနှင့် အရည်အသွေးစစ်ဆေးရာ၌ နည်းစနစ်ပိုင်း အားနည်းချက်များရှိပြီး ကုန်ကျစရိတ်နှင့် အလေအလွင့်များခြင်းများလည်း ရှိနေတတ်ပါသည်။

### အကျိုးများစေမည်

ရာသီဥတုဖောက်ပြန်ပြီး အပူရှိန်တစ်စထက်တစ်စ မြင့်မားလာနေသော ယနေ့အခါသမယ၌ သစ်စေးသုတ်၍ ရွှေမျက်ပါးသင်္ကန်းကပ်လှူခြင်းသည် ပျက်စီးဆုံးရှုံးမှု ပို၍များလာနိုင်ကြောင်း ယူဆမိပါသည်။ အပူဒဏ်ကြောင့် သစ်စေးများ အရည်ပျော်နိုင်သကဲ့သို့ လေဒဏ်၊ မိုးဒဏ်ကြောင့် အပေါ်လွှာရှိ ရွှေမှုန်များမှာ လွင့်ပါးပျောက်ဆုံးသွားမည်ဆိုပါက လှူဒါန်းခဲ့သည့် အလှူရှင်များ၏ လှူဒါန်းမှုသည် အဟောသိကံ ဖြစ်သွားနိုင်ပါသည်။ ထို့ကြောင့် ရွှေစင်ရွှေပြားကပ်လှူခြင်းသည်သာ ရေရှည်တည်တံ့ပြီး ဆုံးရှုံးမှုနည်းနိုင်သည့်အပြင် အလှူရှင်များ၏ သဒ္ဓါတရားကိုလည်း အကျိုးများစေမည် ဖြစ်ပါသည်။

ရွှေတိဂုံစေတီတော်တွင် ရွှေမျက်ပါးကပ်လှူခြင်းကို တက်ရောက်ကပ်လှူရန် လွယ်ကူသည့် အထက်ပစ္စယာအောက်နေရာတွင် ရှေးအစဉ်အဆက် ကပ်လှူခဲ့ပြီး တက်ရောက်ရန်ခက်ခဲသော ပစ္စယာအထက် ကြာမှောက်ကြာလှန်၊ ချရားသီး၊ ငှက်ပျောဖူး စသည့်နေရာများ၌ ရွှေစင်ရွှေပြားများကိုသာ ကပ်လှူပူဇော်ခဲ့ကြပါသည်။ ထိုသို့ ကပ်လှူရာတွင် ရွှေစင်ရွှေပြားများကို အရွယ်အစားအမျိုးမျိုး၊ အထူအပါး အမျိုးမျိုးဖြင့် ကပ်လှူပူဇော်မည်ဆိုပါက စာရင်းထိန်းသိမ်းရန် ခက်ခဲပြီး အထူအပါးမညီ၊ အရွယ်အစားမညီမှုကြောင့် ပသာဒအမြင်အရ ကြည်ညိုစွာ သဒ္ဓါပွားနိုင်ရန် အားနည်းချက် ဖြစ်ပေါ်စေပါသည်။ အရွယ်အစားနှင့် အထူအပါးကို တစ်ပြေးညီဖြစ်စေရန် တစ်ပေပတ်လည် အရွယ်အစားနှင့် အထူအပါး (၀.၀၄၅ - ၀.၀၅၀) မီလီမီတာသည် အကောင်းဆုံးစံဖြစ်ကြောင်း တွေ့ရပါသည်။ ရွှေတိဂုံစေတီတော်တွင် ကပ်လှူထားသည့် တစ်ပေပတ်လည် ရွှေစင်ရွှေပြားအရေအတွက်သည် အချပ်ပေါင်း ကိုးသောင်းကျော်ရှိကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။ ရွှေစင်ရွှေပြား တစ်ပေပတ်လည်အရွယ်အစား အသားတင်ရရှိရန် ရွှေစင် ငါးကျပ်သားနှင့် ခြောက်ကျပ်သားကို ကြိတ်မှ ရရှိနိုင်သည်ဆိုသော်လည်း ရွှေစင် ခြောက်ကျပ်သားကို ကြိတ်မှသာ စံချိန်စံညွှန်း အထူအပါးဖြစ်သည့် (၀.၀၄၅-၀.၀၅၀) မီလီမီတာရရှိနိုင်ကြောင်း သိရှိရပါသည်။

> **"ရွှေပြားကြိတ်စက်ရုံ တည်ဆောက်ရာတွင်လည်း နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒလမ်းညွှန်မှုကို ခံယူလျက် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ကုန်းတော်မြေ ထိခိုက်မှုမရှိစေရေး၊ စက်ရုံကို လွန်စွာညက်ညောစွာ လည်ပတ်စေရေး၊ တုန်ခါမှု အလျှင်းမရှိစေရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးတို့ကို အလေးဂရုပြုဆောင်ရွက်ခဲ့"**

ရွှေတိဂုံစေတီတော်တွင် ရွှေပြားသင်္ကန်းကပ်လှူနိုင်ရေးအတွက် ဂေါပကအဖွဲ့အနေဖြင့် ရွှေပြား (Gold Plate) ထုတ်လုပ်သည့် ရွှေပြားကြိတ်စက်ကို ဥရောပနှင့် ဂျပန်နိုင်ငံတို့မှ ဝယ်ယူရန် စီစဉ်ခဲ့ပြီး ရွှေစင်ရွှေပြား ကျပ်သားတုံးများကို ကြိတ်၍ ရွှေပြားသင်္ကန်းထုတ်လုပ်ကာ ခေါင်းလောင်းတော်အောက်ခြေမှ ကျည်းဝန်းအထိ ကပ်လှူပူဇော်ရန် စီစဉ်ခဲ့ပါသည်။ ထိုသို့ကပ်လှူခြင်းဖြင့် ရေရှည်တည်တံ့ ခိုင်မြဲမည့်အပြင် ရွှေအလျော့တွက်၊ အလေးချိန်၊ အရောင်အဆင်း ပျက်စီးဆုံးရှုံးခြင်းများ လျော့နည်းသည့်အတွက် ရွှေသင်္ကန်းထုတ်လုပ်မှုကို ညှိနှိုင်း၍ အလုပ်ရုံဖွင့်လှစ်ပြီး လုံခြုံရေးနှင့် ဆောင်ရွက်မှုအဆင့်ဆင့်အား (CCTV) ကင်မရာများဖြင့် ကြီးကြပ်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ ပြည်ပမှ မှာယူရရှိသည့် ကြိတ်စက်များသည် လက်လှည့်ကြိတ်စက်များသာဖြစ်ပြီး ရွှေစင်ရွှေပြား ထုတ်လုပ်ရာတွင် ထိရောက်တွင်ကျယ်မှု မဖြစ်နိုင်ပါသဖြင့် ထိုအခက်အခဲများကို ကျော်လွှားနိုင်ရန် နိုင်ငံခြားငွေသက်သာပြီး ပြည်တွင်း၌ အရည်အသွေး စံချိန်မီစက်များ တပ်ဆင်ထုတ်လုပ်နိုင်ရေးအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အကြံပြုချက်အရ စက်မှုဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ခဲ့ရာမှ ယခုကဲ့သို့ စံချိန်မီ ရွှေစင်ရွှေပြား ထုတ်လုပ်နိုင်သည့် စက်နှင့် စက်ရုံကို ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

### တီထွင်နိုင်ခဲ့

စက်မှုဝန်ကြီးဌာနသည် မိမိ၌ရှိပြီးဖြစ်သော နည်းပညာ၊ အတတ်ပညာနှင့် ထုတ်လုပ်မှုလုပ်ငန်းအတွေ့အကြုံများကို အခြေခံလျက် နိုင်ငံတကာအဆင့်မီ ရွှေပြားကြိတ်စက်များကို အမှတ် (၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်) တွင် စမ်းသပ်ပြုလုပ်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ နမူနာပေးပို့လာသည့် အင်္ဂလန်နိုင်ငံထုတ် လက်လှည့်ကြိတ်စက်မှာ တစ်ပေပတ်လည်အရွယ်အစားမရရှိဘဲ လေးလက်မအရွယ်သာ ရရှိနိုင်ပါသည်။ ရွှေစင်ရွှေပြားကို အပူပေး၍ စံချိန်စံညွှန်းနှင့် ကိုက်ညီသော တစ်ပေပတ်လည်အရွယ်နှင့် အထူအပါး (၀.၀၄၅ - ၀.၀၅၀) မီလီမီတာရရှိနိုင်ရေးအတွက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုအရ ကျွမ်းကျင်ပညာရှင်များနှင့် ဝန်ထမ်းများ ပူးပေါင်း၍ ဒီဇိုင်းနမူနာအမျိုးမျိုး၊ စက်တပ်ဆင်မှုအမျိုးမျိုး၊ စမ်းသပ်မှုအမျိုးမျိုးတို့ကို အောင်မြင်စွာဆောင်ရွက်၍ နည်းပညာဆိုင်ရာ အခက်အခဲများကို ကျော်လွှားလျက် အချိန် ခြောက်လတာကာလအတွင်း ရွှေစင်ရွှေပြားကြိတ်စက်ကို တီထွင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

### အလေးဂရုပြုဆောင်ရွက်ခဲ့


ရွှေပြားကြိတ်စက်ရုံ တည်ဆောက်ရာတွင်လည်း နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒလမ်းညွှန်မှုကို ခံယူလျက် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ကုန်းတော်မြေ ထိခိုက်မှု မရှိစေရေး၊ စက်ရုံကို လွန်စွာညက်ညောစွာ လည်ပတ်စေရေး၊ တုန်ခါမှု အလျှင်းမရှိစေရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးတို့ကို အလေးဂရုပြု ဆောင်ရွက်ခဲ့ပါသည်။ စက်ရုံအဆောက်အအုံ၏ Concept Design ကို စက်မှုဝန်ကြီးဌာနမှ ရေးဆွဲပေးခဲ့ပြီး ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၆ ရက် နေ့တွင် ပန္နက်ချတည်ဆောက်ခဲ့ပါသည်။ Concept Design အတိုင်း အဝင်အထွက်တံခါးများ၊ လေ့လာကြည့်ရှုရန် မှန်ခန်းများ၊ လေအေးပေးစနစ်များ၊ လျှပ်စစ်လိုင်း၊ ရေလိုင်းများ၊ မိုးကြိုးလွှဲမြေစိုက်ကြိုးနှင့် စနစ်ကျ၍ အန္တရာယ်ကင်းသော လျှပ်စစ်ဓာတ်အားပေးစနစ်များ၊ စက်ရုံလုံခြုံရေးအတွက် (CCTV) ကင်မရာများ၊ Online Monitoring ဖြင့် လူ၊ ပစ္စည်းအဝင်အထွက်ကို ကွန်ပျူတာများဖြင့် စောင့်ကြည့်မှတ်တမ်းတင်စနစ်များပါဝင်ပြီး အလှူရှင် သုဓမ္မဇောတိကဓဇ ဦးဇော်ဝင်းမိသားစု၊ ဇော်ထက်ပိုင်အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးအုပ်စု ကုမ္ပဏီလီမိတက်က မြန်မာမှုဗိသုကာလက်ရာများဖြင့် အချိန်လေးလတာကာလအတွင်း ပညာရှင်များ၊ စက်မှုဝန်ကြီးဌာန ဝန်ထမ်းများ စုပေါင်းအားဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံအတွက် ယဉ်ကျေးမှုအမွေအနှစ်သည် အလွန်တရာ အဖိုးထိုက်တန်ပြီး နိုင်ငံ၏ပုံရိပ်ကို ဖော်ပြလျက်ရှိပါသည်။ မြန်မာတို့သည် သမိုင်းအစဉ်အလာကြီးမားပြီး ယဉ်ကျေးသောလူမျိုးများဖြစ်ကြောင်း ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များစွာကို ပိုင်ဆိုင်ထားခြင်းက သက်သေပြလျက်ရှိပါသည်။ ထိုသို့သမိုင်းအစဉ်အလာကြီးမားသော ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရေးသည် နိုင်ငံသူ နိုင်ငံသားအားလုံး၏ သမိုင်းပေးတာဝန်ပင် ဖြစ်ပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဆက်ကပ်ပူဇော်ရန်အတွက် စံချိန်မီ ရွှေစင်ရွှေပြားကြိတ်စက်နှင့် အလုပ်ရုံကို ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် ထိုသမိုင်းကွက်လပ်ကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးနိုင်ခြင်းဖြစ်ပြီး ခေတ်သစ်၏သမိုင်းမော်ကွန်းကို ကမ္ဘည်းတင်လိုက်ခြင်းပင် ဖြစ်ပါသည်။ စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သည့် ရွှေစင်ရွှေပြားကြိတ်စက်များကို ပြည်တွင်းရှိ အခြားသော ဘုရားစေတီပုထိုးများတွင် ကပ်လှူပူဇော်ရန် အမှာစာများရရှိထားပြီးဖြစ်ရာ မကြာမီသောကာလတွင် အရည်အသွေးပြည့်မီသော ရွှေစင်ရွှေပြားသင်္ကန်းတော်များဖြင့် ရွှေရောင်ဝင်းလက်နေသော တန်ခိုးကြီးစေတီတော်ကြီးများကို သဒ္ဓါယိုဖိတ် ကြည်ညိုစိတ်အပြည့်ဖြင့် တင့်တယ်သပ္ပာယ်စွာ မြင်တွေ့ဖူးမြော်နိုင်ကြတော့မည် ဖြစ်ပါသည်။ ။




ရွှေပြားကြိတ်စက်ရုံအတွင်း စက်များတပ်ဆင်ထားမှုအား တွေ့မြင်ရစဉ်။



ရွှေပြားကြိတ်စက်ဖြင့် ထုတ်ယူရရှိသည့် ၁ ပေ ပတ်လည် ၆ ကျပ်သား ရွှေစင်ရွှေပြား ၀.၀၅ မီလီမီတာ အထူ

# ပုဂံဒေသရှိ ငလျင်ဒဏ်သင့် ရှေးဟောင်းဘုရားစေတီ ၃၈၉ ဆူအနက် ၃၂၉ ဆူ ပြန်လည် ပြုပြင်ပြီး



**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသ၌ ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်က ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် ရှေးဟောင်းဘုရားစေတီပုထိုးများကို ၂၀၁၇ ခုနှစ် ဧပြီလမှ စတင်ပြုပြင်ဆောင်ရွက်ခဲ့ရာ ယခုနှစ် ဒီဇင်ဘာ ၁၅ ရက်အထိ ၃၂၉ ဆူကို ပြန်လည်ပြုပြင်ထိန်းသိမ်းခဲ့ပြီးဖြစ်ကာ ၂၃ ဆူကို ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ငလျင်ဒဏ်သင့်မှုကြောင့် ပျက်စီးခဲ့သည့် ဘုရားပုထိုးနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်အဆောက်အအုံများအပါအဝင် ၃၈၉ ဆူ ထိခိုက်ပျက်စီးခဲ့ရာ အဆိုပါ ငလျင်ဒဏ်သင့် အဆောက်အအုံများကို ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၏ အကြံပြုချက်များနှင့်အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြည်သူများပူးပေါင်း၍ ပြင်ဆင်ခဲ့ကြရာ အနည်းငယ်သာထိခိုက် ပျက်စီးသော ဘုရားပုထိုး ၂၂၄ ဆူနှင့် ရှေးမူမပျက် ထိန်းသိမ်းပြီးဖြစ်သော ဘုရားပုထိုး ၁၀၅ ဆူ စုစုပေါင်း ၃၂၉ ဆူကို ရာနှုန်းပြည့် ပြင်ဆင်ပြီးကြောင်း သိရသည်။

အဆိုပါ ငလျင်ဒဏ်သင့် အဆောက်အအုံများနှင့် ရှေးဟောင်းဘုရားစေတီပုထိုးများ၏ ပျက်စီးမှုအခြေအနေများကို စိစစ်ချက်အရ ပထမဦးစားပေးပြုပြင်ထိန်းသိမ်းရန် ၃၆ ဆူ၊ ဒုတိယဦးစားပေး ပြုပြင်ထိန်းသိမ်းရန် ၅၃ ဆူနှင့် ပျက်စီးမှုအနည်းငယ်သာရှိသည့်အတွက် တတိယဦးစားပေးပြုပြင်ထိန်းသိမ်းရမည့် စေတီပုထိုး အဆူ ၃၀၀ အနက် ၇၆ ဆူကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနက ကြီးကြပ်၍ လည်းကောင်း၊ ကျန် ၂၂၄ ဆူကို အလှူရှင်များ ဖိတ်ခေါ်၍ လည်းကောင်း ပြုပြင်ဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ် ဧပြီလကတည်းက အလှူရှင်များက အဆိုပါ စေတီပုထိုး ၂၂၄ ဆူကို ရာနှုန်းပြည့် ထိန်းသိမ်းပြုပြင်ပြီးစီးခဲ့ကြောင်း သိရသည်။

ကျန်ရှိနေသော ငလျင်ဒဏ်သင့် အဆောက်အအုံများကို ဆက်လက်ပြုပြင်ခဲ့ရာ ယခုနှစ် ဒီဇင်ဘာ ၁၅ ရက်အထိ ပထမဦးစားပေး ၃၆ ဆူအနက်မှ အဆူ ၂၀ ပြုပြင်ပြီးစီးကာ ဆောင်ရွက်ဆဲ ၁၃ ဆူ၊ သုံးဆူမှာ ဆောင်ရွက်ရန် ကျန်ရှိနေကြောင်း၊ ထို့အတူ ဒုတိယဦးစားပေး ၅၃ ဆူအနက်မှ ၃၆ဆူ ပြုပြင်ထိန်းသိမ်းပြီးစီးကာ ဆောင်ရွက်ဆဲ ခြောက်ဆူ ပြုပြင်ဆဲနှင့် ၁၀ ဆူမှာ ဆောင်ရွက်ရန်ကျန်ရှိနေသေးကြောင်း သိရသည်။

ထို့ပြင် တတိယဦးစားပေးအဆူ ၃၀၀ အနက်မှ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ကြီးကြပ်၍ ပြုပြင်ခဲ့သည့် ၇၆ ဆူအနက်မှ ၄၉ ဆူ ပြုပြင်ပြီးစီးခဲ့ပြီး လေးဆူဆောင်ရွက်ဆဲနှင့် ၂၃ ဆူ ကျန်ရှိနေသေးကြောင်း သိရသည်။

အဆိုပါ ငလျင်ဒဏ်သင့် ဘုရားစေတီပုထိုးများ ပြုပြင်ဆောင်ရွက်ရာတွင် ယူနက်စကို၊ နိုင်ငံတကာ ပညာရှင်များ၊ ပြည်တွင်းပညာရှင်များ၏ အကြံပြုချက်များ၊ အကြံပေးအဖွဲ့၊ ပညာရှင်အဖွဲ့များ၏ အကြံပြုဆွေးနွေးချက်များ၊ ငလျင်အလွန် ပြန်လည်ပြုပြင် ထိန်းသိမ်းဆောင်ရွက်ခဲ့သည့် နည်းပညာဆိုင်ရာလုပ်ငန်း ညှိနှိုင်းမှုဖိုရမ်မှ ဆွေးနွေးညှိနှိုင်းချက်များ၊ နိုင်ငံတကာစံချိန်၊ စံညွှန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)၊**
**ဓာတ်ပုံ - သီဟစည်သူ**

## ကိုရီးယားနိုင်ငံမှ လှူဒါန်းသော ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ကိုရီးယားနိုင်ငံမှ ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့က သန်လျင်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို အလှူရှင် Mr. Cho Young Keun နှင့် အလှူရှင်များ၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းအေး၊ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းမြတ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် လွှဲပြောင်းပေးအပ်ပွဲကို ခန်းမအတွင်း ဆက်လက်ကျင်းပရာ အလှူရှင် Mr . Cho Young Keun နှင့်အလှူရှင်များက လှူဒါန်းရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နီအေးထံ လွှဲပြောင်းပေးအပ်သည်။ ယနေ့ လှူဒါန်းသော ကျောင်းဆောင်မှာ အလျားပေ ၁၂၀၊ အနံပေ ၃၀ ရှိပြီး စာသင်ခန်းများအတွင်း ပရိဘောဂ သင်ထောက်ကူ ပစ္စည်းများအပြင် ကျောင်းအတွက် တီဗွီ နှစ်လုံး၊ ပရိဂျက်တာ တစ်လုံး၊ မိတ္တူကူးစက် တစ်လုံးနှင့် ရေသန့်စက်တစ်လုံးတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့မှ ၂၄ ရက်နေ့အထိ ထွက်ရှိသောစာအုပ်စာရင်း

*ယမန်နေ့မှအဆက်*

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၂၀ | ရေနံဘုရင် ဖိုင်ဖယ် | နေမျိုးထွန်း | စိတ်ကူးချိုချို | ၃၀၀၀ |
| ၂၂ | ၁၂ လ ၁၂ ပွဲ အခင်းအကျင်း | ကေသီရီ (တောင်ငူ) | နှလုံးလှ | ၂၀၀၀ |
| ၂၃ | ၆၀-၆၄-၆၆ နှစ်ပြည့် အမှတ်တရ | ကလောင်စုံ | ဆိပ်ကမ်းသာ | ၂၀၀၀ |
| ၂၄ | သင့်အနာဂတ်တည်ဆောက်ရေးအတွက် ကနဦးပျိုးထောင်လေ့ကျင့်မှုများ | အောင်လှိုင် | စိတ်ကူးချိုချို | ၁၈၀၀ |
| ၂၅ | အမှတ်ရဖွယ် ကမ္ဘာကျော်လက်သီးပွဲကြီးများ | မောင်ရဲဝင်း | စိတ်ကူးချိုချို | ၂၅၀၀ |
| ၂၆ | အာဆီယံသစ်အကြောင်း စဉ်းစားခြင်း | အောင်ခင် | Myanmar Heritage | ၇၀၀၀ |
| ၂၇ | ညီ | ဆုခြည်ကို | ရွှေလက် | ၄၀၀၀ |
| ၂၈ | ဒါဒါလေးနှင့် မော်ပင်လောက | Swae Nyoe | ရွှေလက် | ၃၅၀၀ |
| ၂၉ | Lucifer's Bricle | Anna Lynn | ရွှေလက် | ၄၅၀၀ |
| ၃၀ | မှားနေတဲ့ မှတ်ချက်အချို့ | မောင်ကိတ် | ဗောဓိရိပ် | ၃၀၀၀ |
| ၃၁ | မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ | ကျော်မောင်မောင် | စိတ်ကူးချိုချို | ၆၀၀၀ |
| ၃၂ | အိုးရှိုးအပြည့်ဝဆုံး လမ်းစဉ်တော် | အောင်သူရ | ဝါးလည် | ၃၀၀၀ |
| ၃၃ | အများမမြင်တာကို ထိုးထွင်းသိမြင်ရေး နည်းလမ်းများ | ကောင်းသာ | စိတ်ကူးချိုချို | ၂၅၀၀ |
| ၃၄ | စုန်းကိတ် | မင်းတခေတ် | ကိုလတ် | ၃၅၀၀ |
| ၃၅ | စမ္ပာနဂိုရ်မှသည် လွိုင်ဆမ်ဆစ်ဆီသို့ | ဆက်သုန်း | ကိုလတ် | ၂၅၀၀ |
| ၃၆ | ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ | ကျော်မောင်မောင် | စိတ်ကူးချိုချို | ၃၇၀၀ |
| ၃၇ | ရှောရှန့်က မိန်းမလှ | လင်းတင့်သီဟ | ဆုရောင်စဉ် | ၂၅၀၀ |
| ၃၈ | စီမံခန့်ခွဲမှု မြှင့်တင်ခြင်း | ကောင်းသာ | စိတ်ကူးချိုချို | ၁၃၀၀ |
| ၃၉ | ပုဂ္ဂလပညတ် (သုံးစောင်တွဲ) | ဂျာနယ်ကျော်မမလေး | စိတ်ကူးချိုချို | ၁၃၀၀ |
| ၄၀ | သက်တံရောင်လွှမ်း ဉယျာဉ်နန်းကလေး ကဗျာများ | ကျော်လှိုင်သစ် | မျိုးဆက်သစ် | ၂၀၀၀ |
| ၄၁ | The good, The Bad , And the President | Dr. Mya Than | Myanmar Heritage | ၅၀၀၀ |
| ၄၂ | Chit- Chat English(2) | စိုင်းအောင်ဝင်း | လောကသစ် | ၄၅၀၀ |
| ၄၃ | ကိုယ့်ဘဝရဲ့အဖော်မွန်လေး ရသအက်ဆေးများ | ဒေါက်တာ မြင့်လှိုင် | လင်းလွန်းခင် | ၂၅၀၀ |
| ၄၄ | ခေတ်သစ်ပုဂံခရီးသွား | WLO | အိပ်မက်သစ် | ၃၀၀၀ |
| ၄၅ | ချင်းတောင်တန်းသာသနာစာပဒေသာ | အရှင်ပညာဓဇ | သုဒ္ဒန္တစာပေ | ၁၀၀၀ |

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၉-၁၂-၂၀၁၈

### ရွှေ

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၉၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၉၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၀/၉၀၅ | ကျပ် | ၉၀၅/၉၃၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၅/၉၁၅ | ကျပ် | ၉၂၀/၉၄၅ | ကျပ် |
| အောက်တိန်း ၉၂ | ၆၉၅/၇၄၀ | ကျပ် | ၇၆၀/၇၉၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၆၀/၈၁၀ | ကျပ် | ၈၄၀/၈၆၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၅၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၇၃ ・ ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၃၀ ・ ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၆၀ ・ ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၇ ・ ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၁ ・ ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ ・ ၇၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ ・ ၀၂၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၈ ・ ၃၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၂ ・ ၃၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ ・ ၆၅၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း


| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး(တာဝန်) | - | ဝင်းကျော် |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |


mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm








ရောင်နီ


ကိုကို ညီညီ
လွတ်လပ်ရေးနေ့ ရောက်တော့မယ်
သားကလွတ်လပ်ရေးနေ့ကို သိလား
ဇန်နဝါရီလ (၄)ရက်နေ့ပါ
မှန်တာပေါ့
ဟုတ်တယ်
ဒီဇင်ဘာ(၂၅)ရက်က ခရစ္စမတ်နေ့
သားလေးက တော်တော်သိတာပဲ ကိုကိုတောင် သိပါ့မလား


ဘယ်ကျော်
အမလေးတော်... ဒုက္ခပါပဲ...
ဘာဖြစ်လို့လဲ မေမေ...
ခွိ...

# ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(တ) နိုင်ငံတကာအဖွဲ့အစည်းများမှ ဆောင်ရွက်နေသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ပူးပေါင်းကူညီ ဆောင်ရွက်ပေးခြင်း၊

(ထ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

( ဒ ) ကြီးကြပ်မှုကော်မတီနှင့် ဝန်ကြီးဌာနကပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၇။ ဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြီးကြပ်မှုကော်မတီ၏ သဘောတူညီချက်အရ အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခြင်း -

(က) ပုဂ္ဂလိကကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ တင်ဒါခေါ်ယူပြီး လုပ်ငန်းအပ်နှံ ဆောင်ရွက်ခြင်း၊

( ခ ) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ သို့မဟုတ် လူထုအခြေပြုအဖွဲ့အစည်းများနှင့် သဘောတူညီချက် လက်မှတ်ရေးထိုး ဆောင်ရွက်စေခြင်း၊

( ဂ ) နည်းပညာ လိုအပ်ချက်အရ တိုက်ရိုက်ဆောင်ရွက်ခြင်း၊

(ဃ) သက်ဆိုင်ရာ ကျေးရွာတွင် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့များဖွဲ့စည်းပေးပြီး ဦးစီးဌာန၏ နည်းပညာအကူအညီဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း၊

( င ) နည်းပညာအကူအညီ လိုအပ်သည့် လုပ်ငန်းများကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း၊

( စ ) အခြားသင့်လျော်သော နည်းလမ်းတစ်ခုခုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

**အခန်း (၅)**

**ကျေးလက်ဒေသနေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များ**

၈။ ကျေးလက်ဒေသနေပြည်သူများ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားသော အခြေခံအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ရန်၊

( ခ ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ချေးငွေတစ်ရပ်ရပ်ကို ရယူပါက ယင်းချေးငွေဖြင့် သတ်မှတ်သည့်လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

( ဂ ) ပုဒ်မခွဲ (ခ) အရ ချေးယူငွေနှင့် ကျသင့်သည့်အတိုးငွေတို့ကို အောက်ပါ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် -

(၁) သတ်မှတ်ကာလအတွင်း ပြေကျေအောင် ပြန်လည်ပေးဆပ်ခြင်း၊

(၂) သတ်မှတ်ကာလကျော်လွန်မှ ပေးဆပ်ပါက သတ်မှတ်သည့် ဒဏ်ကြေးငွေပေးဆောင်ခြင်း။

(ဃ) ဦးစီးဌာနက အခါအားလျော်စွာဆောင်ရွက်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စည်းရုံးပညာပေးခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်၊

( င ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ကျေးရွာလူထုအကြား စည်းလုံးမှုကို ပျက်ပြားစေမည့် ကိစ္စရပ်များ ပေါ်ပေါက်လာပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၏ အကူအညီဖြင့် ဖြေရှင်းဆောင်ရွက်ရန်။

၉။ ကျေးလက်ဒေသနေပြည်သူတို့၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မိမိကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များသို့ တင်ပြပိုင်ခွင့်၊

( ခ ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်၊ ကြည့်ရှုလေ့လာခွင့်၊ သတင်းအချက်အလက်များ တောင်းခံရယူခွင့်နှင့် ဝေဖန်အကြံပြုချက်များကို လွတ်လပ်စွာ ဆွေးနွေးတင်ပြခွင့်၊

( ဂ ) ဦးစီးဌာနနှင့် သက်ဆိုင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဦးစီးဌာနသို့ တင်ပြ၍ မိမိကျေးရွာအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ခွင့်၊

(ဃ) ကျေးရွာအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လုပ်ငန်းကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ ရန်ပုံငွေကောက်ခံသုံးစွဲခွင့်နှင့် ပြင်ဆင်ထိန်းသိမ်းခွင့်၊

( င ) ဤဥပဒေပါ အရင်းမပျောက် မတည်ရန်ပုံငွေ ထူထောင်ပေးခြင်းလုပ်ငန်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ အရင်းမပျောက် မတည်ရန်ပုံငွေမှ ချေးငွေရယူသုံးစွဲခွင့်၊

( စ ) ပုဒ်မခွဲ ( င ) ပါ လုပ်ငန်းမှ ရရှိသည့်အတိုးငွေများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ သုံးစွဲခွင့်၊

(ဆ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေ သုံးစွဲမှုကို မေးမြန်းခွင့်၊

( ဇ ) ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ပြည်တွင်း ပြည်ပ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သွားရောက်လေ့လာခွင့်၊

( ဈ ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် အခွင့်အရေးများကို ခွဲခြားမှုမရှိဘဲ ရပိုင်ခွင့်။

**အခန်း (၆)**

**ကျေးလက်ဒေသရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်း**

၁၀။ ဦးစီးဌာနသည် -

(က) ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းများကို အသစ်ဆောင်ရွက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်နိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေအပါအဝင် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတို့၏ လှူဒါန်းငွေ၊ ချေးငွေ၊ နည်းပညာနှင့် အကူအညီအထောက်အပံ့များကို လက်ခံရယူ ဆောင်ရွက်နိုင်သည်။

၁၁။ ဦးစီးဌာနသည် -

(က) ကျေးရွာရေရရှိရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အခကြေးငွေဖြင့် ဖြစ်စေ၊ အခမဲ့ဖြစ်စေ ရေပေးဝေခွင့်ပြုနိုင်သည်။

( ခ ) ကျေးရွာရေရရှိရေးကော်မတီကို ဖွဲ့စည်း၍ ရေရရှိရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေး ကုန်ကျစရိတ်များအပါအဝင် ရေခကောက်ခံခြင်း၊ သာမန်ထိန်းသိမ်းပြုပြင်ခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်စေနိုင်သည်။

၁၂။ ဦးစီးဌာနသည် ကျေးလက်ဒေသများ၊ ကျေးလက်ဒေသရှိ စာသင်ကျောင်း၊ ဆေးရုံနှင့် ဆေးခန်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ စီမံချက်များ ရေးဆွဲဆောင်ရွက်ရမည်။

၁၃။ ဦးစီးဌာနသည် ကျေးရွာရေရရှိရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် ကျေးရွာ ရေရရှိရေးကော်မတီ ဖွဲ့စည်း၍ ရေအရင်းအမြစ်နှင့် ရေပေးဝေရေးဆိုင်ရာ လုပ်ငန်းများအတွက် လိုအပ်သော မြေအသုံးချခွင့်ရရှိရေးကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၁၄။ ဦးစီးဌာနသည် ကျေးလက်ဒေသရေရရှိရန် အသုံးပြုလျက်ရှိသော စိမ့်စမ်းရေအပါအဝင် ရေအရင်းအမြစ်များ မခန်းခြောက်စေရေးနှင့် ယင်းတို့၏ ပတ်ဝန်းကျင်ရှိ သစ်တောသစ်ပင်များ မပြုန်းတီးစေရေးတို့အတွက် လိုက်နာရမည့်အချက်များကို သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းထုတ်ပြန်နိုင်ရန် ကြီးကြပ်မှုကော်မတီသို့ တင်ပြဆောင်ရွက်ရမည်။

၁၅။ ဦးစီးဌာနသည် -

(က) ကျေးရွာရေရရှိရေး ဆောင်ရွက်ထားသော ရေအရင်းအမြစ်များ၏ ရေအရည်အသွေးကို စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးရမည်။

( ခ ) ပုဒ်မခွဲ (က) အရ စစ်ဆေးရာတွင် သတ်မှတ်အရည်အသွေးနှင့် မကိုက်ညီပါက ရေပေးဝေခြင်းလုပ်ငန်းကို ရပ်ဆိုင်းထားခြင်း သို့မဟုတ် ပိတ်ပင်တားမြစ်ခြင်း ပြုလုပ်နိုင်သည်။

၁၆။ ဦးစီးဌာနသည် အကြောင်းအမျိုးမျိုးကြောင့် ရေပြတ်လပ်သည့် ကျေးလက်ဒေသများသို့ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အလှူရှင်များနှင့် ညှိနှိုင်း၍ ရေရရှိနိုင်ရန် အလျင်အမြန် ဆောင်ရွက်ပေးရမည်။

၁၇။ ဦးစီးဌာနသည် ရေအရင်းအမြစ်များကို စီမံခန့်ခွဲခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်းတို့နှင့် စပ်လျဉ်း၍ သတင်းအချက်အလက်ကောက်ယူခြင်း၊ ကျေးလက်ဒေသနေပြည်သူများ သိရှိနားလည်စေရန် အသိပညာပေးခြင်းလုပ်ငန်း ဆောင်ရွက်ရမည်။

၁၈။ ဦးစီးဌာနသည် ကျေးလက်ဒေသနေပြည်သူများ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အလေ့အထများ ကျင့်သုံးလာစေရေးအတွက် သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့်ပူးပေါင်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ကောင်းမွန်သောအလေ့အထများ ကျင့်သုံးလာစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်း၊

( ခ ) အမှိုက်ထွက်ရှိမှုကို လျှော့ချခြင်း၊ အမှိုက်များကို ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်အသုံးပြုနိုင်သည့် အမျိုးအစားနှင့် အသုံးမပြုနိုင်သည့် အမျိုးအစား ခွဲခြားခြင်းတို့အတွက် အသိပညာပေးခြင်းနှင့် စည်းရုံးဆောင်ရွက်ခြင်း၊

( ဂ ) ရေဆိုးများကို စနစ်တကျ ဘေးကင်းစွာ စွန့်ပစ်ခြင်း သို့မဟုတ် ဘေးကင်းအောင် သန့်စင်စေ၍ ပြန်လည်အသုံးပြုခြင်းတို့အတွက် အသိပညာပေးခြင်းနှင့် စည်းရုံးဆောင်ရွက်ခြင်း၊

(ဃ) ပတ်ဝန်းကျင်တွင် အညစ်အကြေးစွန့်သော အလေ့အကျင့်များ ပပျောက်ပြီး ကျန်းမာရေးနှင့် ညီညွတ်သော ယင်လုံအိမ်သာများ စနစ်တကျ ဆောက်လုပ်သုံးစွဲစေခြင်း။

**အခန်း (၇)**

**ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးလုပ်ငန်း**

၁၉။ ဦးစီးဌာနသည် ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးလုပ်ငန်း ဆောင်ရွက်ရာတွင် သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ -

(က) တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

( ခ ) သက်ဆိုင်ရာ ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီကို ဖွဲ့စည်း ဆောင်ရွက်ရမည်။

၂၀။ (က) ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးလုပ်ငန်းကို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လိုသူသည် ဦးစီးဌာနမှတစ်ဆင့် ဝန်ကြီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြ၍ ခွင့်ပြုချက် ရယူဆောင်ရွက်ရမည်။

( ခ ) ပုဒ်မခွဲ (က) အရ ခွင့်ပြုချက်ရရှိသူက လျှပ်စစ်ခတ်အားခ ကောက်ခံနိုင်ရေးအတွက် ဝန်ကြီးဌာနသည် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ရမည်။

( ဂ ) ပုဒ်မခွဲ (က) အရ ခွင့်ပြုချက်ရရှိသူသည် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် ဘေးအန္တရာယ်မဖြစ်စေရေး ထည့်သွင်းစဉ်းစား ဆောင်ရွက်ရမည်။

၂၁။ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးလုပ်ငန်းကို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်သူမှအပ ပုဒ်မ ၇ ပါ နည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်သူသည် တည်ဆောက်ရေးလုပ်ငန်း ပြီးစီးသည့်အခါ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုမပါဝင်ပါက လုပ်ငန်းပြီးလျှင်ပြီးချင်း သက်ဆိုင်ရာ ကျေးရွာ လျှပ်စစ်မီးလင်းရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းပေးအပ်ရန်၊

( ခ ) ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုပါဝင်ပါက လျှပ်စစ်ခတ်အားခကောက်ခံခွင့် သတ်မှတ်ကာလ ကုန်ဆုံးလျှင် ကုန်ဆုံးချင်း -

(၁) သက်ဆိုင်ရာ ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းပေးအပ်ရန်၊

(၂) လုပ်ငန်းဆက်လက်လုပ်ကိုင်ဆောင်ရွက်လိုပါက သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရန်။

၂၂။ ပြည်တွင်း ပြည်ပ အကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်သည့် ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးလုပ်ငန်းတွင် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ကျေးရွာ လျှပ်စစ်မီးလင်းရေးကော်မတီသည် ဦးစီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ကုန်ကျစရိတ်ကောက်ခံနိုင်သည်။

**အခန်း (၈)**

**ကျေးလက်ဒေသအိမ်ရာတည်ဆောက်ရေးလုပ်ငန်း**

၂၃။ ဦးစီးဌာနသည် ကျေးလက်ဒေသအိမ်ရာဆောက်လုပ်ရာတွင် အောက်ပါတို့ကို အလေးထား ဆောင်ရွက်ရမည် -

(က) ကျေးလက်ဒေသနေပြည်သူများ အိုးအိမ်အတည်တကျ နေထိုင်နိုင်ရန် အတွက် အထောက်အကူဖြစ်စေရေး၊

( ခ ) သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိစေရေးနှင့် သက်ဆိုင်ရာဒေသ၏ ဓလေ့ထုံးစံယဉ်ကျေးမှုတို့နှင့် ကိုက်ညီစေရေး၊

( ဂ ) မြေယာပိုင်ဆိုင်မှုကို ဥပဒေနှင့်အညီ စနစ်တကျ စိစစ်သတ်မှတ်ရေး။

၂၄။ ဦးစီးဌာနသည် ဘေးအန္တရာယ်ကျရောက်သောဒေသအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ကျေးရွာသစ်ထူထောင်သောဒေသတွင် မြေနေရာရွေးချယ်သတ်မှတ်ခြင်းအပါအဝင် ကျေးလက်ဒေသ အိမ်ရာဆောက်လုပ်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၂၅။ ဦးစီးဌာနသည် ကျေးလက်ဒေသ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ကြီးကြပ်မှုကော်မတီ၏ သဘောတူခွင့်ပြုချက်ရယူပြီး ပုဒ်မ ၇ ပါ နည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၆။ ပုဒ်မ ၇ ပါ နည်းလမ်းတစ်ရပ်ရပ်နှင့်အညီ ကျေးလက်ဒေသ အိမ်ရာဆောက်လုပ်သူသည် လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အပ်နှံရမည်။ ဦးစီးဌာနက သက်ဆိုင်ရာ သတ်မှတ်ထားသည့်အဖွဲ့သို့ အိမ်ရာဆောက်လုပ်မှုဆိုင်ရာ မှတ်တမ်းများနှင့်အတူ စနစ်တကျ ဆက်လက်လွှဲပြောင်းပေးအပ်ရမည်။

၂၇။ ဦးစီးဌာနသည် ကျေးလက်ဒေသအိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်းတွင် မြေနေရာရွေးချယ်သတ်မှတ်ခြင်းမှစ၍ အိမ်ရာချထားခြင်း အပါအဝင် စီမံခန့်ခွဲရေးလုပ်ငန်းများကို သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်။

**အခန်း (၉)**

**အရင်းမပျောက်မတည်ရန်ပုံငွေ ထူထောင်ပေးခြင်းလုပ်ငန်း**

၂၈။ ကြီးကြပ်မှုကော်မတီသည် -

(က) နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ၊ ပြည်တွင်းအလှူရှင်များ၊ နိုင်ငံတကာ အစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတို့က ထောက်ပံ့လှူဒါန်းငွေတို့ဖြင့် အရင်းမပျောက်မတည်ရန်ပုံငွေကို ထူထောင်ရမည် -

(၁) ကျေးလက်ဒေသနေပြည်သူများ ဆင်းရဲနွမ်းပါးမှု လျှော့နည်းစေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးလုပ်ငန်းများ ဖော်ဆောင်ခြင်း၊

(၂) စားနပ်ရိက္ခာဖူလုံစေရေးအတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*



Similac Mum ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအတွက်
ကောင်းမွန်သောအာဟာရ
လူတင်းနှင့် သဘာဝဗီတာမင်အီး တို့၏ ပေါင်းစပ်မှုအသစ်က ဦးနှောက်နှင့်အမြင်စွမ်းအား ဖွံ့ဖြိုးမှုကို ကောင်းမွန်စေသည်။
အဆီပါဝင်မှုနည်းသော ဖော်မြူလာဖြစ်သည်။
FOS ၊ ဇင့်၊ ဗီတာမင် စီ၊ အီး နှင့် ဆီလီနီယမ်တို့၏ ပေါင်းစပ်မှုက ကိုယ်ခံစွမ်းအားကို မြှင့်မားစေသည်။
Vanilla အရသာ၊ Strawberry Yoghurt အရသာတို့ဖြင့် ရရှိနိုင်သည်။
Similac Mum
EYE Q PLUS
SCIENTIFICALLY STUDIED
Water
150 ML
3x
မနက် တစ်ခွက်
ည တစ်ခွက်
နေ့စဉ်မှန်မှန် သောက်သုံးရန်
နေ့
ည
Vanilla
Strawberry Yoghurt
SIM020318M
တစ်နေ့ ၂ ခွက် သောက်သုံးခြင်းဖြင့် ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များအတွက် နေ့စဉ်လိုအပ်သော ဖောလစ်အက်ဆစ်နှင့် ကယ်(လ်)ဆီယမ်ဓာတ်များကို ရရှိစေသည်။*
* အမေရိကန်နိုင်ငံ၏ အာဟာရစံချိန်စံညွှန်းဆိုင်ရာညွှန်ကြားချက်အရ
Abbott
Distributed by:
PAHTAMA GROUP
Abbott Nutrition Careline
09 260 35 62 62
abbottnutrition@pahtama.com

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် တရားဝင် အသိအမှတ်ပြု လိုင်စင်ရကုမ္ပဏီနှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဆောင်ရွက်ရမည့် တည်ဆောက်ရေးလုပ်ငန်းများ

(က) ဝန်ထမ်းအိမ်ရာ (၆)ခန်းတွဲ (၄)ထပ်ဆောက်လုပ်ခြင်း (၁၂၀'×၃၂'×၄၄')(Soil Test၊ ပိုင်ရိုက်၊ ရေသန့်၊ လျှပ်စစ်အပါအဝင်)

(ခ) ပင်မဆောင်ဆေးသုတ်ခြင်းလုပ်ငန်း (၂၆၂'×၁၃၇')(၃)ထပ် RC အတွင်းအပြင်

၃။ **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၈-၁၂-၂၀၁၈ရက် (သောကြာနေ့)

**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၈-၁-၂၀၁၉ရက် (တနင်္လာနေ့) ၁၂း၀၀နာရီ

**တင်ဒါပုံစံရောင်းချမည့်နေရာ** - ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၁-၉၆၉၉၈၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တရားဝင်အသိအမှတ်ပြုလိုင်စင်ရ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ပစ္စည်းစာရင်းများ

(၁) ရုံးသုံးစက်ပစ္စည်းများ
(၂) လျှပ်စစ်သုံးစက်ပစ္စည်းများ
(၃) ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်းများ၊ ဓာတ်ဆေးပစ္စည်းများ
(၄) ရုံးသုံးပရိဘောဂများ
(၅) အရပ်ရပ်သုံးပစ္စည်းများ
(၆) E-Government (EDMS)
(၇) Medical Book & Journal

၃။ **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၈-၁၂-၂၀၁၈ရက် (သောကြာနေ့)

**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၈-၁-၂၀၁၉ရက် (တနင်္လာနေ့) ၁၂း၀၀နာရီ

**တင်ဒါပုံစံရောင်းချမည့်နေရာ** - ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၁-၉၆၉၉၈၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်**

---

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရှိ ရတနာသိခ်၊ သီဟဒီပ၊ ဆင်ပြောင်၊ နတ်သား(၂)၊ ဟိုင်းကြီးနှင့်မာန်အောင် (၃)ရေယာဉ်တို့တွင် အသုံးပြုရန်လိုအပ်သော သင်္ဘောစက်အရန်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများကို ၂၂-၁-၂၀၁၉ရက် ၁၄း၀၀ နာရီ နောက်ဆုံးထား တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး) ဆိပ်ကမ်းမြို့နယ်တွင် ၇-၁-၂၀၁၉ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၁-၈၆၁၀၂၃၀ နှင့် ၀၁-၈၆၁၀၂၃၂တို့သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့တွင် အသုံးပြုရန်အတွက် လိုအပ်သော ပါဝါမီတာ၊ စီတီမီတာ၊ Meter Box နှင့် Ring CT များအား Item အလိုက် မြန်မာကျပ်ငွေ (Kyat) ဖြင့် ဝယ်ယူလိုပါသည်-

**တင်ဒါပိတ်မည့်ရက်** - ၄-၂-၂၀၁၉ရက်

**တင်ဒါပိတ်မည့်အချိန်** - မွန်းတည့် ၁၂း၀၀နာရီ

တင်ဒါပုံစံနှင့် အချက်အလက်များကို Web Portal (www.moee.gov.mm) ၌ အသေးစိတ်ကြည့်ရှု၍ Download ဆွဲယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax-၀၆၇-၈၁၀၄၂၄၆**

---

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
## နေပြည်တော်
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁ | Branded Desktop Computer Core i7 & UPS | ၈၀စုံ | Lot (1) |
| ၂ | မိတ္တူကူးစက် A3 | ၅၀လုံး | Lot (2) |
| ၃ | Laser Printer | ၈၀လုံး | Lot (3) |

၂။ **တင်ဒါတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁-၂-၂၀၁၉ရက်

၃။ **တင်ဒါပိတ်သိမ်းမည့်ရက်** - ၁၅-၂-၂၀၁၉ရက်

၄။ တင်ဒါတင်သွင်းလွှာပုံစံများအား Lot (1)အတွက် တစ်စောင်လျှင် ကျပ်(၈၀၀၀ိ/-)၊Lot (2)အတွက် ကျပ်(၁၀၀၀၀ိ/-)၊ Lot (3)အတွက် ကျပ်(၃၀၀၀ိ/-) နှုန်းဖြင့် သတ်မှတ်ကာလအတွင်း ဝယ်ယူနိုင်ပြီးအသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၃၄၃၀၅၂၆သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး**
**ရုံးအမှတ် (၅၄)၊ နေပြည်တော်**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းတွင် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအတွက် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသဖြင့် ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တမံဖို့ကျောက်ကြီးထုတ်လုပ်ခြင်းလုပ်ငန်း (၄၅၀၀၀၀ကျင်း)

(ခ) ရေစစ်ခွဲကျောက်/ကွန်ကရစ်လုပ်ငန်းသုံးခွဲကျောက်ထုတ်လုပ်ခြင်းလုပ်ငန်း(၂၀၆၀၀၀ ကျင်း)

(ဂ) ပင်မတမံအုတ်မြစ်ပြုပြင်ခြင်းအတွက် စိန်လွန်တွင်းတူးဖော်ခြင်း (ပေ၂၀၀၀၀)နှင့်ဘိလပ်မြေဖိသွင်းခြင်း (ပေ၁၆၅၀၀) လုပ်ငန်းများ

၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ Web Portal www.moee.gov.mm တွင် ဝင်ရောက်ကြည့်ရှု၍ အခမဲ့ Download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော် ဖုန်း-၀၆၇-၈၁၀၄၂၉၈**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## ဇမ္ဗူသီရိအထူးကုဆေးရုံကြီး
## ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးတွင် သူနာပြု-၃ (လစာနှုန်း ၁၉၈၀၀၀-၂၀၀ဝိ-၂၀၈၀၀ဝိ) ရာထူး(၃၀)နေရာအား ခန့်ထားမည်ဖြစ်ပါသည်။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူဖြစ်ရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အသက် (၃၅)နှစ်ထက် မကြီးသူဖြစ်ရမည်။
(ဂ) B.N.Sc ဘွဲ့(သို့မဟုတ်) သူနာပြုဒီပလိုမာရရှိပြီးသူနာပြုလိုင်စင်သက်တမ်းရှိသူဖြစ်ရမည်။

၂။ လျှောက်လွှာနှင့်အတူ

(က) လျှောက်ထားသူ၏ အမည်
(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(ဂ) မွေးသက္ကရာဇ်(အသက်)
(ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်
(င) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
(စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်နှင့် နေရပ်လိပ်စာ
(ဆ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံချက်(မူရင်း)၊ ရဲစခန်းထောက်ခံချက်(မူရင်း)
(ဇ) အိမ်ထောင်စုဇယား (ပုံစံ-၆၆) (မိတ္တူ)
(ဈ) တစ်လအတွင်း ရိုက်ကူးသည့် ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံ (နောက်ကျောတွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးသားရန်)
(ည) အလုပ်သမားမှတ်ပုံတင်မိတ္တူ(မူရင်းပြသနိုင်ရမည်)
(ဋ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်

၃။ လျှောက်ထားလိုသူများသည် လျှောက်လွှာအား ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ အုပ်ချုပ်မှုဌာနသို့ ၃၁-၁-၂၀၁၉ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက်လျှောက်ထားရမည်။

အသေးစိတ်အချက်အလက်များအား Website www.nptdc.gov.mm နှင့် www.facebook. com/zabuthirispecialisthospital တို့တွင် ကြည့်ရှုနိုင်ပြီး ဖုန်း-၀၆၇-၅၅၀၁၅၁နှင့် ၀၆၇- ၅၅၀၁၅၃သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

---

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဌေးဝင်း ၁၁/ရဗန(နိုင်)၀၄၉၃၈၇က မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့၊ ဦးပိုင်အမှတ်-၂၁၁၊ မြေကွက်အမှတ်- ၁၆၊ သိမ်ကုန်းရပ်ကွက်၊ မင်းလမ်း၊ အမှတ်-၄၃ (က)ဟုခေါ်တွင်သော (ပေ၄၀×ပေ၆၀) အကျယ်အဝန်းရှိ မြေကွက်အနက်မှ ခြေရင်းဘက်ခြမ်း အကျယ်အဝန်း (အလျား×အနံ)၊ (၂၅ပေ×ပေ၆၀)ရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ထပ်နေအိမ် အဆောက်အအုံတို့အပါအဝင် ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်တို့ကို ဒေါ်ဇာနည်စိုးထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ၎င်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်အောင်စိုး (စဉ်-၁၁၂၈၅)**
**LL.B, C.B.L, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ**

**ဦးအောင်သူစိုး (စဉ်-၃၉၂၇၁)** LL.B, Bsc (Engg)
**ဦးဝဏ္ဏစည်သူမိုး (စဉ်-၄၇၁၃၂)** LL.B

**အထက်တန်းရှေ့နေများ**
**အမှတ် (၁၅၁)၊ ဒုတိယထပ်၊ ၃၈လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၄၀၃၁၈၃၊ ၀၉-၉၆၅၄၀၃၁၈၃၊ ၀၉-၇၆၅၄၀၃၁၈၃**

---

## သတ္တမအကြိမ်မြောက် (ဘူမိဗေဒ)
## ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်ပွဲ

ဘူမိဗေဒကျောင်းသားဟောင်းများ ချစ်ခင်ရင်းနှီးစွာ ပြန်လည်တွေ့ဆုံနိုင်ရေး ရည်ရွယ်ချက်ဖြင့် ၂၀၁၉ခုနှစ် ဇန်နဝါရီ ၁၃ရက် နံနက် ၁၀နာရီ မြို့တော်စည်ပင်ငွေသော်တာဂေါက်ကွင်းတွင် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်ဖြစ်ပါ၍ ဘူမိဗေဒကျောင်းသားဟောင်း ဂေါက်သီးရိုက်ဝါသနာရှင်များ အောက်ပါပုဂ္ဂိုလ်များထံ စာရင်းပေးသွင်းပါဝင်ယှဉ်ပြိုင်ကြပါရန် အသိပေးအပ်ပါသည်။

| | | | |
|---|---|---|---|
| **ဦးမြင့်ဝေ (68)** | ဖုန်း-၀၉-၅၁၉၇၆၁၃ | **ဦးထွန်းလှိုင် (80)** | ဖုန်း-၀၉-၅၀၁၀၉၉၅ |
| **ဒေါက်တာကြည်စိုးထွန်း(69)** | ဖုန်း-၀၉-၄၄၃၂၄၁၇၈၅ | **ဦးဇော်မင်း (84)** | ဖုန်း-၀၉-၅၀၀၀၆၈၆ |
| **ဦးမြင့်သိန်းတင် (73)** | ဖုန်း-၀၉-၅၀၀၉၆၄၂ | **ဦးဉာဏ်မိုး (90)** | ဖုန်း-၀၉-၅၁၂၇၁၉၂ |
| **ဦးသောင်းစိန် (75)** | ဖုန်း-၀၉-၇၉၅၀၀၇၀၆၀ | **ဦးကျော်ဇေမြင့် (95)** | ဖုန်း-၀၉-၉၇၇၈၇၇၉၈၈ |
| **ဦးမင်းအောင် (78)** | ဖုန်း-၀၉-၅၀၅၅၅၂ | **ဦးဇေထက်လင်း (၉၈)** | ဖုန်း-၀၉-၅၀၃၆၂၇၂ |
| **ဦးသောင်းလွင် (78)** | ဖုန်း-၀၉-၄၅၁၁၁၀၀၀၉ | **ဦးကျော်ရဲဟန် (2000)** | ဖုန်း-၀၉-၅၃၂၃၂၅၅ |

---

## ဖိတ်ကြားအပ်ပါသည်
## (၄၉)ကြိမ်မြောက် စိန်မေရီဒိုင်အိုစီဇင်
## မိန်းကလေးအထက်တန်းကျောင်းသူဟောင်းများ
## အာစရိယနှင့် သက်ကြီးပူဇော်ပွဲကျင်းပခြင်း

၁၉၄၆ခုနှစ်မှ ၁၉၆၅ခုနှစ်ထိ ပညာသင်ယူခဲ့ကြသော ကျောင်းသူဟောင်းကြီးများနှင့် စတုတ္ထတန်းထိ ပညာသင်ယူခဲ့ကြသော ကျောင်းသားဟောင်းကြီးများက ဆရာမကြီးများနှင့် အသက် (၇၅)နှစ်အထက် ကျောင်းသူကြီးများအား ပူဇော်ကန်တော့ရန်အတွက် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အကြောင်းအမျိုးမျိုးကြောင့် မတက်ရောက်နိုင်ကြသော ဆရာမကြီးများအား အိမ်တိုင်ရာရောက် ဂါရဝပြုပါမည်။

**ကျင်းပမည့်ရက်** - ၁၂-၁-၂၀၁၉

**ကျင်းပမည့်အချိန်** - မွန်းတည့် ၁၂နာရီ

**ကျင်းပမည့်နေရာ** - အထက (၁) ပန်းဘဲတန်း (စိန်မေရီ) ရွှေတိဂုံဘုရားလမ်း

**စိန်မေရီကျောင်းသူဟောင်းများ**

---

## ထွေအုပ်(စီမံ)၊အပတ်စဉ်-၁၃၊ သင်တန်းသား/သူများ၏
## တတိယအကြိမ် ဆရာကန်တော့ပွဲ

ထွေအုပ်(စီမံ)၊ အပတ်စဉ်-၁၃၊ သင်တန်း၌သင်ကြားပို့ချမှုတာဝန်ယူခဲ့သော ဆရာများအား ကန်တော့ပွဲ(တတိယအကြိမ်)ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သင်တန်းသား/သူများ (သံယောဇဉ်-၁၃)လာရောက်ပူဇော်ကန်တော့ကြပါရန်ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၂-၂-၂၀၁၉ရက် (စနေနေ့)

**အချိန်** - ၉း၀၀နာရီ

**နေရာ** - ထွေအုပ်ဓမ္မာရုံ၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်

ဆက်သွယ်ရန်-

၁။ ဦးကျော်တင့် ဖုန်း-၀၉-၅၀၀၈၃၉၆
၂။ ဦးထွန်းမြ ဖုန်း-၀၉-၅၃၂၁၆၁၄
၃။ ဦးကိုကိုအောင်-၁ ဖုန်း-၀၉-၂၅၈၀၄၅၈၂၀
၄။ ဒေါ်ခင်လှမြင့် ဖုန်း-၀၉-၅၀၆၅၁၃၅

**မှတ်ချက်**။ ။ ဆရာကန်တော့ပွဲအလှူငွေများကို KBZ ဘဏ်၌ ဦးကျော်တင့်၊ ဦးထွန်းမြနှင့် ဦးခင်မောင်အေး (၃)ဦးအမည်ဖွင့်လှစ်ထားသော ဘဏ်စာရင်းအမှတ်-275-302-99932969801 [KANBAWZA BANK Ltd (YGN-98)] ရန်ကုန်မြို့၊ဘုန်းကြီးလမ်းဘဏ်ခွဲသို့ ပေးပို့ကြရန်။

**ဆရာကန်တော့ပွဲဖြစ်မြောက်ရေးအဖွဲ့**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သည့် အောက်ပါစက်ပစ္စည်းအပိုင်း/အခြားအပိုင်းများကို မြန်မာကျပ်ငွေဖြင့် ဌာနကိုဒေါင်အရောက် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်-

| Sr.No | Nomenclature | Quantity |
|---|---|---|
| 1 | Lab Testing Equipment For Soil | 18 Nos. |
| 2 | Lab Testing Equipment For Aggregate | 10 Nos. |
| 3 | Field Testing Equipment | 15 Nos. |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** -၂-၁-၂၀၁၉ရက်

၃။ **တင်ဒါပိတ်မည့်ရက်** -၂-၂-၂၀၁၉ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** -၁၆း၀၀နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**စီမံကိန်းစစ်ဆေးရေးနှင့်အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ**
**ပျဉ်းမနားမြို့၊ နေပြည်တော်**
**ဖုန်း-၀၉-၇၇၆၅၀၉၅၀၂၊ ၀၉-၇၈၂၅၀၈၇၉၀**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့၊ အမှတ် ၂ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀/ဂုဏ်တန်ရပ်၊ ဦးပိုင်အမှတ် ၁၁၊ မြေဧရိယာ၀ဒသမ၀၅၄ဧကရှိ (မြို့မြေ)ကွက်အား ဒေါ်ခင်ခင်နွဲ့(ဘ) ဦးညိမ်းမောင် ၇/ပမန(နိုင်)၀၀၅၉၆၀မှ အရောင်းအဝယ်ကတိစာချုပ်၊ ပိုင်ဆိုင်ကြောင်းတရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၂၁၂၇)၊ ဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ ဒေါ်ခင်ဆွေဦး(ဘ) ဦးမြတ်စိုးဦး ၁၂/မဂဒ(နိုင်)၀၁၃၆၇၇ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်ဆွေမာလွင် (ဘ) ဦးမြလွင် ၁၂/အစန(နိုင်)၀၉၃၄၅၈မှ မြေပေးမိန့်(ပါမစ်)မူရင်း/မြေကွက် အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် ၈ရပ်ကွက်၊ အကွက်အမှတ် ၁၁၈၊ ကသဲစုအကွက်၊ ဦးပိုင်အမှတ် ၆၂၊ ဧရိယာ၀ဒသမ ၀၅၅ဧကရှိမြေကို ဦးမြင့်ဇော်အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ် ဒ-၄၃၉၂၊ ဧရိယာ၀ဒသမ၀၈၂ဧကရှိ ဦးမောင်မောင် (ဘ) ဦးအုန်းပေါ ၉/လဝန(နိုင်)၀၀၀၉၉၆ အမည်ပေါက် ပါမစ်မြေကွက်အား ဦးစိုးဝင်းအောင်(ဘ) ဦးသက်ကြည်(ခ)ရှာတော့ကျင် ၉/မရမ(နိုင်)၀၀၅၉၀၆မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထား လာရာကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့်အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂/ပေါင်းလောင်း-၂)၊ မြေကွက်အမှတ် (၁၃၉၁)၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဦးစိုးရင် အမည်ပေါက် မြေကွက်အား ဒေါ်ပြုံးကြည် (ဘ)ဦးလွန်းခေါင် ၉/ပမန(နိုင်)၀၀၄၃၁၂မှ ပျဉ်းမနားမြို့မြေတိုးချဲ့ရေးကော်မတီ၏ အိမ်ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်ဦးနှစ်ဖက်သဘောတူ ကတိဝန်ခံချက်(မူရင်း)များ တင်ပြပြီး မြေငှားစာချုပ်သစ်လျှောက် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**


ရွှေရောင်လွှမ်းသော ၂၀၁၉ နှစ်သစ်မှာ
ခွန်အားပြည့်ဝပြီး ကျန်းမာပျော်ရွှင်တဲ့ဘဝကို ပိုင်ဆိုင်နိုင်ပါစေကြောင်း
Ensure Gold မှ
ဆုမွန်ကောင်းတောင်းအပ်ပါတယ် ...
၈ ပတ် အတွင်းမှာ ခွန်အားတွေ တိုးလာစေတဲ့* Ensure Gold
With HMB
*Edington J et al. Clin Nutr. 2004 Apr;23(2):195-204.




## အမည်ပြောင်း

ရန်ကုန်မြို့၊ Summit Private ကျောင်းတွင် သူငယ်တန်း တက်ရောက်နေသော (ဘ)ဦးမြတ်သူရငွေး ၇/ရတန(နိုင်)၀၇၂၇၉၂ ၏သား မောင်ဘုန်းခန့်အား မောင်ဘုန်းခန့်သူရဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၉ဃ/၅၅၉၇၀ Wonjan-110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်တင်လင်း ၈/မသန(နိုင်)၀၆၇၂၃၅က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## မိဘအမည်မှန်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ မဲရွာကျေးရွာ၊ အမက (၁၃၃) စတုတ္ထတန်းမှ မောင်ကောင်းမြတ်သူ၏ မိဘအမည်မှန်မှာ ဦးမျိုးမောင်မောင် ၈/ခမန(နိုင်)၁၃၆၀၄၀ နှင့် ဒေါ်ဝေမြင့် ၈/ခမန(နိုင်)၁၈၄၁၉၃ ဖြစ်ပါကြောင်း။

**ဦးမျိုးမောင်မောင်-ဒေါ်ဝေမြင့်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ၁၃ ရပ်ကွက်၊ ရွှေဘိုလမ်း၊ အမှတ် (၄) တွင်နေထိုင်သူ မနေခြည် ၁၂/မရက(နိုင်)၁၇၁၆၅၉၏ ဖခင် ဦးနေဝင်း ၁၂/မရက(နိုင်)၁၆၁၇၄၃နှင့် ဦးနေဝင်းအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ် (၅၇၈)၊ မြေကွက်တည်နေရာအမှတ်(၅၇၈)၊ ရွှေပြည်သာ (၂)လမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (ဦးသာမှန်း BGE-၁၄၉၁၅၂) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ဂရန်အမည်ပေါက် ဦးသာမှန်းထံမှ SPအမှတ်-၁၁၆၇၁/၁၀-၁၁-၂၀၀၈ ဖြင့် ကိုယ်စားလှယ်ရရှိသူ ဦးမြင့်ဦး TPG-၀၇၆၁၄၃ (၁၄/ပသန(နိုင်)၁၁၂၅၉၆)မှ ပါဝါမူရင်း၊ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းထားခြင်း မရှိသေးကြောင်း ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းမြေပုံကူးယူလျှောက်ထားခဲ့ရာမြေစာရင်းတွင် ၂၀၀၈ခုနှစ်အရောင်း မြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့်ပတ်သက်၍ ဝင်စာအမှတ် ၁၀၉၃၉/၁၆-၁၁-၁၈ ဖြင့် ၂၀၀၈ခုနှစ် အရောင်းမြေပုံမူရင်းမှာ ၎င်း၏လက်ဝယ်တွင် ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း၊ မြေကွက်နှင့်ပတ်သက်၍ အရှုပ်အရှင်းအား တာဝန်ယူပါကြောင်းနှင့် ၎င်းလျှောက်ထားသည့်အရောင်းမြေပုံအမှတ်တွဲအား ဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန် ကျမ်းကျိန်လွှာပူးတွဲတင်ပြ၍ ဦးမြင့်ဦးမှ အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



# အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူကြည်ညိုခြင်း



မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏နာယက၊ အောင်ဆန်းမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲ(၇၇)၊ အင်္ဂပူမြို့ကျွဲသောင် အောင်ဆန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာခွဲ၊ သထုံမြို့နန္ဒဝန်ကျောင်း အောင်ဆန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာခွဲ၊ မန္တလေးမြို့ဝေသာလီ မဟာဂန္ဓာရုံကျောင်းအောင်ဆန်းမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာခွဲ၊ လေးမျက်နှာမြို့ပြည်ငြိမ်းအေးကျောင်း အောင်ဆန်းမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာခွဲ၊ ပြင်ဦးလွင်မြို့သဒ္ဓမ္မပါလ ရွှေကျောင်း အောင်ဆန်းမိုးကုတ်ဝိပဿနာရိပ်သာခွဲ၊ မော်ဘီမြို့ထိန်စွန်းရွာ အောင်ဆန်းမိုးကုတ်ဝိပဿနာရိပ်သာခွဲတို့၏ ဦးစီးပဓာနမဟာနာယက၊ အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်)၊ လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)၊ ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံတို့၏ ဩဝါဒါစရိယ မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ နိုင်ငံတော်သမ္မတ၏ စွမ်းဆောင်ရည်ဆု ဘွဲ့တံဆိပ်တော်ရ

ထိုင်းနိုင်ငံမှ Ph.D(Vipassanā Bhāvanā), Ph.D(Social Science) ပြည်တွင်းပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု

**ဒေါက်တာဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အောင်ဆန်းဆရာတော် ထေရ်ရှုပ်မြတ်** အား

သီရိလင်္ကာနိုင်ငံ Professor Iththepane Dhammalankara, Chancellor of University of Sri Jayawardanapura Kotte နှင့် prelate of Sri Kalayani Samagri Dharma Monastic Congregation (ဓမ္မသံဃာ့အစည်းအရုံး) of Shyamopali High Sect, Sri Jayawardanapura Kotte နှင့် Sasana Wansalankara Sadhamma Bhawaka Prawachana Keerthi Sri Dharma Shasthrashoori Mahopadyaya Shasthrapathi Padita Nuwara Eliye Chandrajothi high priest prelate of upcountry Amarapura High Sect နှင့် Shasrapathi, Royal Scholar Poojyapadha Ankumbura Premawansa prelate secretary of Ramanna Nikaya တို့မှ ဗုဒ္ဓသာသနာ အစမ်းအနားဖြင့်

**ဝိဇ္ဇာကာသီ သိရီကမ္မဋ္ဌာနာစရိယ "Vishwa Keerthi Sri Kammatthanacharya"**

ဘွဲ့တံဆိပ်ဆက်ကပ်ခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူကြည်ညိုမိပါကြောင်း။

အကျိုးတော်ဆောင်အဖွဲ့ (အောင်ဆန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲ-၇၇)
တောရတပ်ဦးကျောင်းတိုက်၊ စဉ့်ကူရပ်ကွက်၊ အောင်ဆန်း၊ အင်းစိန်မြို့နယ်

---

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊
## ဧရာဝတီတိုင်းဒေသကြီးရုံး
## ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်အောက်ဖော်ပြပါ လုပ်ငန်းများအတွက် တည်ဆောက်ရေးလုပ်ငန်း တစ်ရပ်လုံးနှင့် လုပ်ငန်းသုံးပစ္စည်း၊ တင်ဒါများအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | တင်ဒါအမျိုးအစား |
|---|---|---|
| (၁) | ညောင်တုန်းမြို့ (၃၁)လမ်းထိပ် ကမ်းထိန်းလုပ်ငန်း | လုပ်ငန်းသုံးပစ္စည်းတင်ဒါ |
| (၂) | ညောင်တုန်းမြို့နယ်၊ ချောင်းကြီးကျေးရွာကမ်းထိန်းလုပ်ငန်း | ။ |
| (၃) | အိမ်မဲမြို့နယ်၊ ရွာသစ်ကျေးရွာအုပ်စု မရမ်းချောင်းကျေးရွာရှိ ရှေးဟောင်းစေတီရှေ့ကမ်းထိန်းလုပ်ငန်း | ။ |
| (၄) | အိမ်မဲမြို့နယ်၊ လက်ပံကုန်းကျေးရွာအုပ်စု ကမ်းထိန်းလုပ်ငန်း | ။ |
| (၅) | အိမ်မဲမြို့နယ်၊ ဝါးတလုတ်ကျေးရွာအုပ်စုကမ်းထိန်းလုပ်ငန်း | ။ |
| (၆) | ကြံခင်းမြို့နယ်၊ ကြံခင်းမြို့ ကမ်းထိန်းလုပ်ငန်း | ။ |
| (၇) | ဓနုဖြူမြို့နယ်၊ (၁/၂)ရပ်ကွက် ကမ်းထိန်းလုပ်ငန်း | ။ |
| (၈) | မော်လမြိုင်ကျွန်းမြို့ ကမ်းထိန်းလုပ်ငန်း | ။ |
| (၉) | မြန်အောင်မြို့နယ်၊ မကျီးကျေးရွာအုပ်စု ကမ်းထိန်းလုပ်ငန်း | ။ |
| (၁၀) | ဟင်္သာတမြို့ဆိပ်ကမ်းအဝင်ရေလမ်း ကမ်းထိန်းလုပ်ငန်း | ။ |
| (၁၁) | အင်္ဂပူမြို့နယ်၊ နောက်မီးကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာ ကမ်းထိန်းလုပ်ငန်း | ။ |
| (၁၂) | ပန်းတနော်မြို့နယ်၊ အုန်းပင်စုကျေးရွာ၊ မြေနုအုပ်စု မြစ်ကမ်းကာကွယ်ရေးလုပ်ငန်း | ။ |
| (၁၃) | ဘိုကလေးမြို့နယ်၊ သံလိုက်ချောင်းကျေးရွာ ကမ်းထိန်းလုပ်ငန်း | ။ |
| (၁၄) | ဇလွန်မြို့နယ်၊ အုတ်ဖို-သဲကုန်းကျေးရွာ၊ ဆည်မြောင်း တာတမံအနီး ကမ်းထိန်းလုပ်ငန်း | ။ |
| (၁၅) | ပုသိမ်မြို့နယ်၊ ဝွေးကုန်းကျေးရွာ ကမ်းထိန်းလုပ်ငန်း | လုပ်ငန်းတစ်ရပ်လုံးတင်ဒါ |
| (၁၆) | လေးမျက်နှာမြို့နယ်၊ အိုင်သပြုကျေးရွာ ကမ်းထိန်းလုပ်ငန်း | ။ |
| (၁၇) | ကျိုက်လတ်မြို့နယ်၊ ကျုံမငဲ့ကျေးရွာ ကမ်းထိန်းလုပ်ငန်း | ။ |
| (၁၈) | မအူပင်မြို့နယ်၊ လေးအိမ်စုကျေးရွာ အာဘရဝိဟာရ ဘုန်းတော်ကြီးကျောင်းရှေ့ ကမ်းထိန်းလုပ်ငန်း | ။ |

၂။ **တင်ဒါပုံစံရောင်းချခြင်း၊ တင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်နေရာ** - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ (၂)၊ ဧရာဝတီတိုင်းဒေသကြီးရုံး၊ မဥ္ဇူလမ်း၊ ကင်းမလင်းကျွန်းရပ်ကွက်၊ ပုသိမ်မြို့

**တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - (၂-၁-၂၀၁၉)ရက်မှစ၍ (ရုံးချိန်အတွင်း)

**တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** - (၁၄-၁-၂၀၁၉)ရက် နံနက် (၁၀း၀၀)နာရီ

**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် (လုပ်ငန်းသုံးပစ္စည်း)** - (၁၄-၁-၂၀၁၉)ရက် နံနက် (၁၀း၃၀)နာရီ

**လုပ်ငန်းတစ်ရပ်လုံး နည်းပညာအဆိုပြုလွှာ (Technical Proposal) တင်ရမည့်ရက်/အချိန်** - (၁၄-၁-၂၀၁၉)ရက် နံနက် ၁၀း၃၀)နာရီ

**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - (၁၆-၁-၂၀၁၉)ရက် နံနက် (၁၀း၃၀)နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ် အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)ဧရာဝတီတိုင်းဒေသကြီးရုံး ဖုန်း-၀၄၂-၂၉၁၅၄သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

---

## လုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲ/မိုးမိတ်/လားရှိုး/လောက်ကိုင်ခရိုင်၊ လမ်းဦးစီးဌာနမှ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အတွင်း (၂၀၁၈ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအထိ)ဆောင် ရွက်မည့် လမ်းတာချဲ့ခြင်းနှင့် Box Culvert တည်ဆောက်ခြင်း လုပ်ငန်းများအား လုပ်ငန်းအိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်သောကြောင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ **အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်ရက်** - ၉-၁-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၀၀ နာရီမှ ညနေ ၄ နာရီအထိ ရုံးချိန်အတွင်း

၂။ **တင်ဒါပုံစံရောင်းချ/ တင်သွင်းရမည့်နေရာ** - ညွှန်ကြားရေးမှူး၊ (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန ရှမ်းပြည်နယ် (မြောက်ပိုင်း)လားရှိုးမြို့ ၀၈၂-၂၂၀၃၈၇၄၊ ၀၈၂-၂၅၂၂၆

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၄-၁-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၄နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၈-၁-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၉နာရီ

၅။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ-** ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့

အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊
## တည်ဆောက်ရေး(၂) ပြည်မြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံး ချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၂) ပြည်မြို့တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်၊ ဂျပန်နိုင်ငံ၏ (ODA) ချေးငွေဖြင့် ဆောင်ရွက်သော ပဲခူးတိုင်းအနောက်ခြမ်း ဆည်ရေသောက်စနစ်ပြန်လည်ပြုပြင်ခြင်း စီမံကိန်းလုပ်ငန်းများအတွက်လိုအပ်သော အဆင့်မြင့်ဒီဇယ်ဆီ (ပရီမီယံ)ကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံထုတ်ယူနိုင်သည့်ရက်** - ၂-၁-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့)

**နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** - ၂၅-၁-၂၀၁၉ ရက် (သောကြာနေ့) ညနေ ၄ နာရီ

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၈-၁-၂၀၁၉ ရက် (တနင်္လာနေ့) နံနက် ၁၀း၃၀ နာရီ

**ဆက်သွယ်ရန်တယ်လီဖုန်း** - ၀၅၃-၂၈၅၃၃

**တင်ဒါပုံစံတင်သွင်းရမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ ငွေစာရင်းဌာနစိတ်၊ တည်ဆောက်ရေး(၂)ပြည်မြို့။

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက် ရေး(၂)၊ ငွေစာရင်းဌာနစိတ်တွင် ၂-၁-၂၀၁၉ ရက်မှ ၂၅-၁-၂၀၁၉ ရက်အထိ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မလိခအိမ်ရာ၊ ဒေလီယာလမ်း၊ အမှတ် (အယ်လ်ဘီဘီ-၅၃)ရှိ ပထမကြယ်ကုမ္ပဏီမှ မှာယူတင်သွင်းသည့် ကုန်အမှတ်တံဆိပ်သည် ကုမ္ပဏီ၏ မူပိုင်တံဆိပ်ဖြစ်ကြောင်း ပထမကြယ်ကုမ္ပဏီ၏ လွှဲအပ်ချက်အရ လုပ်ငန်းသုံးကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

RUBY

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကိုအသုံးပြု၍ ဆေးဝါးများ၊ ဖြည့်စွက်စာများ၊ ငှက်သိုက်ရည်များ အစရှိသည်တို့ကို တစ်ဦးတည်း မူပိုင်အဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပြုလုပ်ဆောင်ရွက်ရန်အတွက် အဆိုပါကုန်အမှတ်တံဆိပ်အား ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် -၁၂၂၅၄/၂၀၁၈ဖြင့် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

အထက်ပါကုန်အမှတ်တံဆိပ်အား မည်သူမဆိုတစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေရန် ပုံတူကူး၍ဖြစ်စေ တုပခြင်း မပြုရန် သတိပေးတားမြစ်လိုက်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးမြသီတာ (LL.B) စဉ်-၁၁၉၀၁**

**ဒေါ်အေးသန္တာမင်းအောင် (LL.B, D.B.L) စဉ်-၁၁၉၀၄**

**တရားလွှတ်တော်ရှေ့နေများ**

**ရုံး-အမှတ် (၂)၊ မချစ်တီးလမ်း၊ တာမွေကြီး (ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၁၄၀၃၂၉၊ ၀၉-၄၂၀၇၂၄၉၄**

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ထိန်သစ်အုပ်စု၊ တိုးချဲ့မြို့သစ်၊ အကွက် (တ)၊ အကွက်အမှတ် ၁၇၅၊ အကျယ်အဝန်း ပေ(၆၀×၆၀)၊ မြေချိန်ဧရိယာ ၀ဒသမ ၀၈၂ ဧကရှိ ဦးခင်လှ အမည်ပေါက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အမှုတွဲအမှတ်(၂၇၅၃/ ၁၉၉၅-၁၉၉၆)နှစ် (၃၀)ဂရန်မြေကွက်အား ဒေါ်မြ (ကွယ်လွန်သူ ဦးခင်လှ၏ဇနီး)က ဒေါ်ချိုချိုဆိုသူအား အထွေထွေကိုယ်စားလှယ်လွှဲစာဖြင့်လွှဲအပ်၍ ဒေါ်ချိုချိုမှ ယင်းမြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်မြင့်မြင့်ကြွယ် ၁/မကန(နိုင်)၁၀၅၅၁၂သို့ မြေဂရန်၊မြေချလက်မှတ်စသည့် ယင်းမြေနှင့်သက်ဆိုင်သော အထောက်အထားမူရင်း စာရွက်စာတမ်းများပါပေးအပ်၍ လွှဲပြောင်းရောင်းချခဲ့သဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်မြင့် မြင့်ကြွယ်ဆိုသူမှ ယင်းမြေသည် မိမိတစ်ဦးတည်း ပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်ကမ်းလှမ်း သည်ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝိုင်ဝိုင်အေး ၆/သရခ(နိုင်)၀၃၉၃၃၃ နှင့် ဒေါ်ယုဇနမွန် ၆/သရခ(နိုင်) ၀၆၅၈၈၀ တို့မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်အေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၆၁၃၉(၇-၃-၉၅)**
**အမှတ် ၈၊ နိဗ္ဗာန်လမ်း၊ အိုးလုပ်ရပ်၊ ထားဝယ်မြို့၊**
**ဖုန်း-၀၅၉-၂၀၂၃၂၂၃၊ ၀၉-၄၂၈၇၄၂၆၉၆**

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်2E/5636၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး၊(ရန်ကုန်မြောက်ပိုင်း)

## ဖခင်အမည်မှန်

ဂန့်ဂေါ်မြို့နယ်၊ မြင်းဇာရွာ အလက (ခွဲ) ဆဋ္ဌမတန်းမှ မစုမြတ်ထွေးနှင့် နဝမတန်းမှ မစိုးစန္ဒာကျော်တို့၏ ဖခင်အမည်မှန်မှာ ၈/ဂဂန (နိုင်)၀၅၉၄၉၆အရ ဦးတင်မောင်ထွေး ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဂန့်ဂေါ်မြို့နယ်၊ မြင်းဇာရွာ အလက (ခွဲ) နဝမတန်းမှ မချစ်သဲစုနှင့် စတုတ္ထတန်းမှ မောင်ကျော်ကျော်ဘိုတို့၏ ဖခင်အမည်မှန်မှာ ၈/ဂဂန(နိုင်)၀၇၅၄၂၁ အရ ဦးမောင်မောင်သန်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဂန့်ဂေါ်မြို့နယ်၊ မြင်းဇာရွာ အလက (ခွဲ) ပဉ္စမတန်းမှ မောင်ရှိုင်းဌေးအောင်နှင့် KGတန်းမှ မောင်လပြည့်ဝင်းတို့၏ ဖခင်အမည်မှန်မှာ ၈/ထလန(နိုင်) ၀၄၈၆၃၄အရ ဦးဆန်းဝင်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဂန့်ဂေါ်မြို့နယ်၊ မြင်းဇာရွာ အလက (ခွဲ) ပဉ္စမတန်းမှ မောင်ဖြိုး ဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ၈/ဂဂန(နိုင်)၀၈၂၁၉၀အရ ဦးကျော် ဝင်းအောင် ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၁)ရပ်ကွက်၊ အကွက်အမှတ် (၅၁)၊ အကောက်ဆိပ်၊ ဦး ပိုင်အမှတ် ၃၉၂၊ ဧရိယာ၀ဒသမ၀၅၅ ဧကရှိမြေကို ဦးအုန်းကြိုင်အမည်ဖြင့် မြေငှား ဂရန်အသစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန် ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်း ဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

စဉ့်ကူးမြို့၊ ရပ်ကွက် ၁၊ သီလုရပ်ကွက်နေ မောင်ပြည့်ဖြိုးအောင် ၉/စကန(နိုင်)၁၁၂၆၅၉ ၏ မိခင် ဒေါ်အေးအေးသင်း ၉/စကန(နိုင်) ၀၁၁၆၆၅ နှင့် ဒေါ်အေးအေးဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်အေးအေးသင်း(ခ)**
**ဒေါ်အေးအေးဝင်း**

## အကျိုးတူလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရန်

လက်ရှိလုပ်ငန်းလုပ်ကိုင်နေသော အနောက်ရွှေဂုံတိုင် ဗဟန်းမြို့နယ်အတွင်းရှိ ဟိုတယ်တွင် စားသောက်ဆိုင် လုပ်ငန်း အကျိုးတူပူးပေါင်းလုပ်ကိုင်ရန် လုပ်ငန်းရှင်များ ဖိတ်ခေါ်ပါသည်။ **ဆက်သွယ်ရန်-**

**ဖုန်း-၀၁-၈၆၀၃၃၁၄၊ ၈၆၀၃၃၁၅၊ ၅၄၈၉၀၇၊ ၀၉-၄၃၁၉၇၇၇၆၊ ၀၉-၇၈၁၁၈၄၃၄၆**

## ကန့်ကွက်နိုင်ပါကြောင်း

ကျောက်ဆည်မြို့၊ အေးမြကြည်လင်အုပ်စု၊ အရှေ့အေးမြကြည်လင်ရပ်၊ ဝိုင်းမြေကွက် (၂၀×၆၀)ပေ၊ အကွက်အမှတ် (၁၉၂) ပိုင်ဆိုင်သူ ဒေါ်မိုးသန္တာ (ဘ)ဦးဝင်းသိန်းမှ ၄င်းမြေပေါ်တွင် နေအိမ်ဆောက်လုပ်မည်ဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းများနှင့် ရက် ၃၀အတွင်း ကန့်ကွက်နိုင်ပါကြောင်း။ **ဒေါ်မိုးသန္တာ ၉/ကဆန(နိုင်)၁၉၁၃၁၂**
**ဖုန်း-၀၉-၄၄၂၁၅၂၆၀၈**

## ကွာရှင်းပြတ်စဲပြီးစီးခြင်း

ဦးအောင်ကိုကို (၁၂/အစန(နိုင်)၁၉၂၀၁၂)နှင့် ကျွန်မ မချယ်ရီသက်မွန် (၉/မထလ(နိုင်)၁၇၂၆၇၇)တို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်တော့သည့်အတွက် (၇-၅-၂၀၁၈)ရက်နေ့တွင် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် ကွာရှင်းပြတ်စဲပြီးကြောင်းနှင့် ဦးအောင်ကိုကိုနှင့် ပတ်သက်သော မည်သည့်ကိစ္စကိုမျှ မည်သို့မျှ မသက်ဆိုင်ကြောင်း ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

မချယ်ရီသက်မွန်

# STRATEGY FIRST INSTITUTE

နိုင်ငံတကာ MBA အတွေ့အကြုံအစစ်

STAMFORD INTERNATIONAL UNIVERSITY

SIGNATURE M.B.A







Stamford International University (Thailand) မှ Master of Business Administration (Signature MBA) Batch 6 ကို ၂၀၁၉ခုနှစ် ဖေဖော်ဝါရီလ (၁)ရက်နေ့တွင် Strategy First မှာ ဖွင့်လှစ်မည် ဖြစ်သည်။ ထိုင်းနိုင်ငံဘန်ကောက် Stamford International University တွင် သင်ကြားပေးနေသည့် နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမများမှ အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပေးမည် ဖြစ်ပါသည်။ အလုပ်တစ်ဖက်နှင့် မအားလပ်သူများအဆင်ပြေစေရန် အတန်းချိန်များမှာရုံးချိန်လွတ်(တစ်ပတ်ခြား)သင်တန်းချိန်များဖြစ်ပြီး သင်တန်းကာလ (၁၈)လကြာမြင့်ပါမည်။ ဝင်ခွင့်သတ်မှတ်ချက်များမှာ တက္ကသိုလ်မှ ဘွဲ့တစ်ခုခု ရရှိပြီး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်၊ IELTS အမှတ် (၆.၀) ရရှိထားသူ ဖြစ်ရပါမည်။

သင်တန်းကြေးမှာ မြန်မာကျပ်ငွေ(၆၀၀၀၀၀၀) ကျပ်ခန့် + USD(5000) နှင့်ညီမျှသော မြန်မာကျပ်ငွေကို ပေးသွင်းရမည် ဖြစ်သည်။ သင်တန်းကြေးကို(၅) ကြိမ်အထိအရစ်ကျ ပေးသွင်းနိုင်ပြီး AYA Bank ၏ Student Loan လျှောက်ထားခြင်းဖြင့်လည်းအရစ်ကျပေးသွင်းနိုင်ပါသည်။

ဖေဖော်ဝါရီလ (၁) ရက်နေ့တန်းခွဲသစ်အတွက် လျှောက်ထားနိုင်ပြီ။

#237, Corner of U Wizara Road and Dhamazedi Road, San Chaung Township, Yangon, Myanmar.

**Call Now: (09) 450 1777 70**

Please Note: Strategy First does not render its services to tobacco, alcohol and MLM enterprises and their employees.

## စကြာမင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ အသစ်ထပ်မံထုတ်လုပ်တဲ့

ဆရာမြင့်၏ စကြာမင်း အမှတ်တံဆိပ်

သွက်ချာပါဒ လေငန်းဆေး

" လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါဖြစ်ခြင်း၊ လက်ခြေများ လှုပ်မရခြင်း၊ ခန္ဓာကိုယ်တစ်ခြမ်းလှုပ်မရခြင်း၊ ပါးရွဲ့ခြင်း၊ စကားမပီမသ ဖြစ်ခြင်း၊ စကားမပြောနိုင်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ ခြေလက်ထုံကျဉ်ခြင်းနှင့် လေငန်း၊ သွက်ချာပါဒရောဂါကိုကာကွယ်လိုသူများ သုံးစွဲနိုင်ပါသည်။ "




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 014278 (0721)

ISO 9001:2015 BUREAU VERITAS Certification

Set Kyar Minn Pharmaceuticals - 09423148232, 09423148233.

## ဖျံ-၅-ကောင် အမှတ်တံဆိပ်



**ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို**

ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ကြော်ငြာခွင့်ပြုချက်အမှတ် တအဆက(တနယ်ငင်း) ၂၁၄/၀၆၁၈

ပင်ရင်း - သမားတော် စာရေးဆရာ ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)

Ph.D (Alternative Medicines)

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၈၃၈၀၁၇၅၊ ၃၉၂၉၈၄



## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (စက်မှုဇုန်-၁)၊ မြေကွက်အမှတ် (၄/က)၊ (အလျား ၁၁၀'× အနံ ၄၇၀')၊ ဧရိယာစတုရန်းပေ (၅၁၇၀၀)ကျယ်ဝန်းသော MAPLE ENGINEERING & FABRICATION COMPANY LIMITED ) အမည်ပေါက် နှစ် (၆၀)ဂရန်မြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံများနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို မြေအမည်ပေါက်ပိုင်ရှင် ကုမ္ပဏီ၏ဒါရိုက်တာများထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်စရန်ငွေပေးထားပြီးဖြစ်ပါသည်။

အဆိုပါ ဂရန်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်၏ အရောင်းအဝယ်ကိစ္စရပ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း အောက်တွင်လက်မှတ်ရေးထိုးသူထံသို့ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရောင်းအဝယ်ကိစ္စရပ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ညွှန်ကြားချက်အရ-
ဦးဖေတင် (B.Sc, H.G.P, R.L)
တရားလွှတ်တော်ရှေ့နေ၊ စဉ်-၃၀၃၃ (၂၇-၂-၁၉၈၅)
အမှတ် (၄၂)၊ ၂၈လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၇၅၃၅၀၈၉၆

## သောက်ရေသန့်စက်ရုံ အမြန်ရောင်းမည်

ဆက်သွယ်ရန်-

ဖုန်း-၀၉-၇၉၅၄၃၀၉၅၆

## ပျောက်ဆုံးကြောင်း

ကျွန်မ သိမ့်မြတ်သူစိမ့် (ဘ)ဦးမြတ်သူဖေသန်း ၁၂/ကမရ(နိုင်)၀၆၅၁၅၉ ၏ ပတ်စ်ပို့နံပါတ် MC 921531 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၇၈၁၀၂၆၃

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3K/8591 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးသွားပါ၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း ကြေညာအပ်ပါသည်။

ကညန၊ တိုင်းရုံး(ပဲခူး)

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6M/6910 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးသွားပါ၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း ကြေညာအပ်ပါသည်။

ကညန၊ တိုင်းရုံး(ပဲခူး)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂/ရှင်ဘို့မယ်ရပ်)၊ ဦးပိုင်အမှတ် (၂၄)၊ ဧရိယာ ၀ ဒသမ ၁၁၀ဧကအား ဒေါ်ငွေငွေ (ဘ)ဦးအေးမောင် ၉/တကန(နိုင်)၀၁၁၄၉၅မှ တပ်ကုန်းမြို့နယ် တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် (၄၀၃/၂၀၁၈)၊ အရောင်းအဝယ်အရပ်ကတိစာချုပ်၊ ဘေးပတ်ဝန်းကျင်(၃)ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**မိတ္ထီလာခရိုင်တရားရုံးတော်**

**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၇ နှင့်ဆက်နွယ်သည့်**

**၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၈၉**

ဦးမျိုးညွန့်အောင် **နှင့်** ဦးအယ်ဒီမီလာ

**တရားနိုင်** **တရားရှုံး**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ဇောင်ချမ်းကုန်းရွာနေ ဦးအယ်ဒီမီလာ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားနိုင် ဦးမျိုးညွန့်အောင်က ၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၁၇တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးမျိုးညွန့်အောင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၄ ရက် (၁၃၈၀ ပြည့်နှစ် ပြာသိုလဆန်း ၉ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(အောင်ကျော်ကျော်)**

**ဒုတိယခရိုင်တရားသူကြီး**
**မိတ္ထီလာခရိုင်တရားရုံး**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (စက်မှုလက်မှု)၊ လူနေရပ်ကွက်အမှတ်၊ မြေကွက်အမှတ် (၈၆/၉၆-A)၊ မြေအမျိုးအစား နှစ် (၆၀)မြေငှားဂရန်မြေ၊ ဧရိယာ ၁ဒသမ၀၉၉၅ဧကရှိ ဒေါ်မေအေးမွန် အမည်ပေါက်မြေကွက် (တစ်နည်းအားဖြင့်ဆိုသော်) ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ စက်မှုလက်မှုရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် မြရောလမ်းထောင့်၊ မြေကွက်အမှတ် (၈၆/၉၆-A)၊ အကျယ်အဝန်း (အလျား ၁၂၇'+၂၀'/၁၅၄'၈" × အနံ ၃၁၀')ခန့်မှန်းဟုခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်မေအေးမွန် ၁၂/ပဇတ(နိုင်)၀၀၃၃၆၄ မှ လွှဲအပ်ထားသော မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၇/၂၀၁၆ (၁-၁-၂၀၁၆)ဖြင့် ရရှိထားသူ ဦးသန်းလွင် ၁၂/ကတတ(နိုင်) ၀၀၄၉၂၄ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် တရားဝင်နည်းလမ်းတကျ စာချုပ်စာတမ်းများချုပ်ဆို၍ ဝယ်ယူရန်အတွက် သဘောတူညီပြီး အရောင်းအဝယ်ပြုလုပ်သော မြေကွက်၏ တန်ဖိုးငွေအနက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်မာသောပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထား(မူရင်း)များအား ယူဆောင်၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသီတာမော် (တရားလွှတ်တော်ရှေ့နေ) စဉ်-၈၄၂၉/၂-၁၀-၂၀၁၂**
**အမှတ်-၉၉/၁၀၁၊ ကျောက်မြောင်းလမ်းနှင့် မလွကုန်းလမ်းထောင့်၊**
**ကျားကွက်သစ် (စံပြ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၁၄၃၁၂၄၊ ၀၉-၅၀၄၈၂၂၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေကွက်အမှတ် သကမ ၈/လှိုင်သာယာ ၂၀'×၆၀' (၂၆၈-က) ယခုအခေါ်အမှတ် ၂၆၈(က)၊ ပဒေသာ (၇)လမ်း၊ (၈)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့၊ အမည်ပေါက် ဒေါ်ခင်ရီ MNO -၁၃၃၀၈ဟု ခေါ်တွင်သည့် မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ယခုလက်ရှိပိုင်ဆိုင်သည့် ဒေါ်နီနီဝင်း ၁၂/လမန(နိုင်)၀၀၀၉၉၄၊ အမှတ် (၅၁)ကျောင်းကုန်း (၂)လမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ထံမှ ဝယ်ယူရန်အတွက် ကျွန်မမှ စရန်ငွေအဖြစ်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကေသီမြင့် ၁၂/လမန(နိုင်)၀၀၀၄၃၂**
**အမှတ် ၁၈/၁၀၁ ကျန်စစ်သားအိမ်ရာ၊ ၆ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၆၀၉၈၄၆၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၅/ဓမ္မစေတီရပ်)၊ ဦးပိုင်အမှတ် (၁၄၄)၊ ဧရိယာ ၀ဒသမ၁၀၇ဧကအား ဒေါ်မြကြည် ၁၃/ကလန(နိုင်) ၀၀၈၆၅၇မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် (၃၉၁/၂၀၁၈)၊ ဘေးပတ်ဝန်းကျင်သုံးဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၁ရပ်ကွက်၊ ရာဇသင်္ကြန် ၂လမ်း၊ အမှတ် ၉၂/ခနေ ဒေါ်နီနီသန်း ၁၂/ဥကတ(နိုင်) ၀၁၂၁၉၀၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁)၊ လူနေရပ်ကွက်အမှတ် ၁၁၊ ၂လမ်း၊ မြေကွက်အမှတ် (၁၀၁-က)ဟု ခေါ်တွင်သော (အလျားပေ ၆၀× အနံပေ ၂၀)၊ ဧရိယာစတုရန်းပေ ၁၂၀၀ အကျယ်ရှိသည့် နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်ပျဉ်ထောင်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ရီရီဝင်း ၁၂/သခန(နိုင်)၀၉၄၉၄၇ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော စာချုပ်စာတမ်းများနှင့် တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်သာနှင်းဖြူ**
**အထက်တန်းရှေ့နေ(စဉ်-၄၃၂၇၀/၂၉-၁၁-၁၃)**
**အမှတ် ၃၊ အောင်ဇေယျ ၂လမ်း၊ ရန်ကုန်သစ်-သုဝဏ္ဏရပ်ကွက်၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၄၁၁၁၃၇၈**

## အမည်မှန်

ဦးအောင်မျိုးသန့်၏သား ရန်ကုန်မြို့လမ်းမတော်မြို့နယ် (၆)ရပ်ကွက်၊ ရွှေတောင်တန်းနေ မောင်ကျော်မျိုးပြည့်စုံ၏ အမည်မှန်မှာ မောင်သန့်ထွဋ်ဇော် ဖြစ်ပါကြောင်း။

**မောင်သန့်ထွဋ်ဇော်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစိုးနိုင်ဦး ၁၁/မတန(နိုင်)၀၁၅၇၇၁၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၈၀၁၆၅၂၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ခ၊ မြေကွက်အမှတ်-၄၀၇/က၊ မြေကွက်တည်နေရာအမှတ် ၄၀၇/က၊ မြရတနာ(၃)လမ်း၊ (ခ) ရပ်ကွက် ဦးမြစိန် ၄/မတန(နိုင်)၀၁၇၇၃၇ အမည်ပေါက် နှစ် ၆၀မြေအား အမည်ပေါက် ဦးမြစိန်ထံမှ S.P No ၃၃၁၉/၁၇ (၂၉-၃-၁၇)ဖြင့် ရရှိသူ ဒေါ်နှင်းနှင်းနွယ် ၁၄/ပသန(နိုင်)၁၆၄၈၈၀မှ အရောင်းမြေပုံကူး လျှောက်ထားလာရာ မြေရာဇဝင်မှတ်ချက်ပါ ၃-၅-၂၀၁၅ခုနှစ်တွင် ဘဏ်ချေးရန် မြေပုံမြေရာဇဝင်ကူးယူခဲ့သော်လည်း မြေပုံမြေရာဇဝင်မူရင်းမှာ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့ကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးကျမ်းကျိန်လွှာ အမှတ် ၇/၉၄၉ကို တင်ပြလာသဖြင့် S.P ရသူ ဒေါ်နှင်းနှင်းနွယ်မှ အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးသိန်းစိုး (ငြိမ်း)
**စာတည်းတာဝန်ခံအရာရှိ၊ ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)**
**အသက်(၅၅)နှစ်**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(မုံရွာ) မှ စာတည်းတာဝန်ခံအရာရှိ ဗိုလ်ကြီးသိန်းစိုး(ငြိမ်း)သည် ၂၉-၁၂-၂၀၁၈ရက်(စနေနေ့)ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်း
**အသက် (၈၆) နှစ်**

မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ တိုင်းဒေသကြီးဥပဒေအရာရှိ ဦးဝင်းနိုင် (ဥ/၂၃၈၆)၏ မိခင်ဒေါ်သန်း (အသက်-၈၆ နှစ်) သည် ၂၇-၁၂-၂၀၁၈ ရက် ည ၁၁း၄၅ နာရီတွင် ပေါင်းတည်မြို့နယ်၊ ကြူတောကန်ကျေးရွာတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်ဥပဒေချုပ်ရုံးများမှ ဥပဒေအရာရှိနှင့် ရုံးဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်း
**အသက် (၈၆) နှစ်**

မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ တိုင်းဒေသကြီးဥပဒေအရာရှိ ဦးဝင်းနိုင် (ဥ/၂၃၈၆)၏ မိခင်ဒေါ်သန်း (အသက်-၈၆နှစ်) သည် ၂၇-၁၂-၂၀၁၈ ရက် ည ၁၁း၄၅ နာရီတွင် ပေါင်းတည်မြို့နယ်၊ ကြူတောကန်ကျေးရွာတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**မကွေးခရိုင်နှင့် ခရိုင်အတွင်းရှိမြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိနှင့် ရုံးဝန်ထမ်းများ**

## ဦးကျော်သောင်း
**အသက် (၈၃) နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၆ ရပ်ကွက်၊ ကုန်းဘောင် ၁၆ လမ်း၊ အမှတ် ၇၂၁ နေ ဒေါ်သန်းသန်းအေး (ခ) ဒေါ်ပဲပဲ၏ ခင်ပွန်း၊ (ဦးဟန်ဝင်းကျော်)၊ ဒုဗိုလ်မှူးကြီး မောင်မောင်ကျော် (ရေ-ငြိမ်း)-ဒေါ်စိုးသီတာ (သီရိ စိန်ရွှေရတနာဆိုင်၊ တော်ဝင် စင်တာ)၊ ဒေါ်ခင်ညိုညိုကျော် (ဒေါ်ပဲပဲ စိန်ရွှေရတနာဆိုင်၊ ဗိုလ်ချုပ်ဈေး)၊ ဦးညီညီကျော်၊ ဦးဇာနည်ကျော် - ဒေါက်တာ သဲမမပိုင် တို့၏ ဖခင်ကြီး၊ မြေး ၄ ယောက်တို့၏ အဘိုး ဦးကျော်သောင်းသည် ၂၈-၁၂-၂၀၁၈ ရက် (သောကြာနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၁၈ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ရွှေသရဖီလမ်း၊ အမှတ် ၂၂၉နေ ဒေါ်ခင်သိန်းဥ (လ/ထ ညွှန်မှူး)(ငြိမ်း)၊ အပြည်ပြည်ဆိုင်ရာ ကူးသန်း ရောင်းဝယ်ရေးဌာန၏ ခင်ပွန်း ဦးတောက်ထိန် မန်နေဂျာ(ငြိမ်း)စီးပွား/ကူးသန်း အသက်(၇၇)နှစ်သည် ၂၆-၁၂-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစု နှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အပြည်ပြည်ဆိုင်ရာကူးသန်းရောင်းဝယ်ရေးဌာန ဝန်ထမ်းဟောင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး
**စာတည်းမှူးချုပ်၊ မြဝတီစာပေတိုက်**
**အသက် (၅၄)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြဝတီစာပေတိုက်နေ ဗိုလ်မှူးဝေလင်းအောင် (ငြိမ်း)-(ဒေါ်ခင်စန်းရီ)တို့၏သား၊ ဒေါက်တာစံငြိမ်း-ဒေါ်သန်းရင်တို့၏သားသမက်၊ ပါမောက္ခဒေါ်မာလာသန်း (ဌာနမှူး၊သင်္ဘောစီမံခန့်ခွဲမှုဌာန၊ မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်)၏ ချစ်လှစွာသောခင်ပွန်း၊ မဝင်းသန့်သန့်၏ ချစ်လှစွာသောဖခင် ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦးသည် ၂၇-၁၂-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကိုကိုလွင်-ဒေါ်မြင့်မြင့်မော်**
**အမြဲတမ်းအတွင်းဝန်**
**စက်မှုဝန်ကြီးဌာန**

## ဗိုလ်ကြီးအောင်မြင့်မြတ်
**ကြည်း-၆၈၁၄၃**
**(DSTA-17)**
**အသက်(၂၆)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နေ ရဲအုပ်လှထွန်း-ဒေါ်စိုးစိုးတို့၏ သား၊ မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့ရုံးဝင်းနေ ရဲအုပ်အောင်နိုင်ထွန်း-ဒေါ်မြင့်မြင့်သိန်းတို့၏သားသမက်၊ မောင်မျိုးကြွယ်ထွန်း၊ မောင်ဇင်ဟိန်းထွဋ်တို့၏ အစ်ကို၊ မသီတာအေး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မြင့်မြတ်သီဟ၏ ဖခင် ဗိုလ်ကြီးအောင်မြင့်မြတ်သည် ၂၉-၁၂-၂၀၁၈ရက် နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၉ ရက် မွန်းလွဲ ၁နာရီတွင် မိတ္ထီလာစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးသိန်းစိုး (ငြိမ်း)
**စာတည်းတာဝန်ခံအရာရှိ**
**ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)**
**အသက်(၅၅)နှစ်**

မကွေးတိုင်းဒေသကြီး၊ ဟံသာဝတီကျေးရွာနေ ဦးစိန်ညွှန့်-ဒေါ်ခင်အေးတို့၏ သား၊ ကလေးမြို့၊ ထိုမာရွာနေ ဦးငွေပေါ-ဒေါ်မဲတူတို့၏ သားသမက်၊ ဒေါ်အိအိမင်း၊ (SCO၊ ဦးစီးအရာရှိ၊ နေပြည်တော်)၊ ဦးနိုင်ဇော်လင်း(ပုံနှိပ်ကျွမ်းကျင်-၄၊စက်၊ ကိုယ်ပွားသတင်းစာတိုက်၊ မုံရွာ)တို့၏ဖခင် ဒေါ်မာမာဆွေ၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီးသိန်းစိုး(ငြိမ်း)သည် ၂၉-၁၂-၂၀၁၈ရက် ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် မုံရွာမြို့၊ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ရီ (မင်းတုန်း)
**ကန်တော့ခံ ဆရာမကြီး ကွက်သစ်အလယ်တန်းကျောင်း**
**အထက(၄)စမ်းချောင်း**
**ဥက္ကဋ္ဌ(ငြိမ်း)၊မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊ စမ်းချောင်းမြို့နယ်**
**ဥက္ကဋ္ဌ(ငြိမ်း)၊မြို့နယ်တရားသူကြီးအဖွဲ့၊ စမ်းချောင်းမြို့နယ်**
**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်လမ်းအရှေ့ရပ်ကွက်၊ ပညာ့ရိပ်သာစမုံလမ်း၊ အမှတ် ၁၉နေ (ဦးစွန်-ဒေါ်ရွှေမှော်)တို့၏သမီး၊ (ဦးဘငြိမ်း)-ဒေါ်မြင့်တင်၊ (ဒေါ်ခင်ကြည်)၊ (ဦးဘဟိန်း-ဒေါ်လှမြင့်)တို့၏ညီမ၊ ဒေါက်တာရဲထွဋ်-ဒေါက်တာဇင်သက်မာ၊ ဦးဘနှင်း၊ ဒေါ်ခင်ယုဝေ-ဦးခင်အောင်၊ (ဦးဘလင်း)၊ ဒေါက်တာအေးအေးမြင့်၊ ဦးမြင့်ဖုန်း၊ ဒေါက်တာသက်ဦး-ဒေါ်သင်းသင်းခိုင်၊ ဒေါ်စုစုမေ၊ ဒေါ်သန်းသန်းမြင့်-ဒေါက်တာဝင်းထွန်း၊ ဒေါ်သင်းသင်းဟိန်း၊ ဒေါက်တာကြည်ကြည်မြင့်-(ဦးရဲနိုင်လတ်)တို့၏ ဒေါ်လေး၊ မြေး၊ တူ၊တူမ ခြောက်ယောက်တို့၏အဘွားသည် ၂၈-၁၂-၂၀၁၈ ရက် (သောကြာနေ့)ည ၁၀း၁၅ နာရီတွင် လမ်းမတော်၊ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒ အရ ၂၉-၁၂-၂၀၁၈ရက်(စနေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၁-၂၀၁၉ရက် (ကြာသပတေးနေ့)နံနက်၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်ဝင်း (တောင်သာ)
**ဌာနခွဲစာရေးကြီး(ငြိမ်း)**
**စက်-စိုက်-သက် ဦးစီးဌာန**
**အသက်(၈၄)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နေ (ဦးဘကြိုင်-ဒေါ်ငွေမြိုင်)တို့၏ သား၊ မလှိုင်မြို့နယ်၊ ရွာသာအေးရွာနေ (ဦးအေးတုတ်-ဒေါ်လှမေ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ပဒေသာပင်မြို့တော်(FMI)နေ ဦးစန်းမြင့်-ဒေါ်အေးသန်းဝင်း၊ မြစ်သားမြို့နယ်၊ ဒါးရဲကောင်းရွာနေ၊ ဦးနေဝင်း-ဒေါ်ခင်သန်းဝင်းတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံဥယျာဉ်ဝန်ထမ်းရိပ်သာနေ ဒေါ်ဆွေဆွေမြင့်၏ခင်ပွန်း၊ ဦးသိန်းသန်းစိုး-ဒေါ်ခင်သီတာအောင်၊ ဒေါ်မိုးကေသီ၊ ဦးသော်တာဆန်း-ဒေါ်အေးမြင့်မြတ်တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၈-၁၂-၂၀၁၈ရက် ည ၁၁း၃၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ပါမောက္ခ ဒေါက်တာအောင်ထွန်းခိုင်
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ဆေးပညာဌာန၊**
**ပါမောက္ခဌာနမှူး(ငြိမ်း)**
**အသက်(၆၇)နှစ်**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ နှင်းဆီ ၄ လမ်း၊ အမှတ် ၈ နေ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် (ငြိမ်း)၊ ပါမောက္ခ ဒေါက်တာနွဲ့နွဲ့ထင်၏ခင်ပွန်း၊ ဦးထင်ကျော်အောင်-ဒေါက်တာထက်မမဖြိုး (ဦးစီးအရာရှိ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန) တို့၏ ဖခင်၊ မောင်အာကာလမင်း၏ အဘိုးသည် ၂၉-၁၂-၂၀၁၈ ရက် နံနက် ၁၁း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ကျေးကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၁-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများနှင့် တပည့်များအား အသိပေးဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ကိုတူး(ခ)ကိုထွန်းခိုင်မြင့်
**အသက်(၅၆)နှစ်**

ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်ရုံးခွဲ)မှ ဒေါက်တာမိုးကျော်မြင့် [ညွှန်ကြားရေးမှူး (စီမံကိန်း)]-ဒေါ်မေသင်းထိုက် (ကထိက-တပ်မတော်နည်းပညာတက္ကသိုလ်ပြင်ဦးလွင်)တို့၏အစ်ကို ကိုတူး(ခ)ကိုထွန်းခိုင်မြင့် အသက်(၅၆)နှစ်သည် ၂၅-၁၂-၂၀၁၈ရက်(အင်္ဂါနေ့)ညနေ ၆း၀၀နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**

## ရဲတပ်ကြပ်ကြီးစိုးမိုးအောင်
**(လ-၁၃၈၁၀၄)**
**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေဝဒဟလမ်းနေ (ဦးအောင်ခင်-ဒေါ်တင်ရီ)တို့၏သား၊ ဒေါ်ခင်မာရီ၏မောင်၊ ရဲအုပ်အေးအေးအောင်(ဘားအံခရိုင် ရဲတပ်ဖွဲ့မှူးရုံး)၏အစ်ကို၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဉာဏသိဒ္ဓိရပ်ကွက်၊ တိုက် ၃၃၃၉၊ အခန်း ၀၄နေ ဒေါ်ကြည်ကြည်ဝင်း (မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲအကူတပ်ဖွဲ့)၏ ချစ်လှစွာသောခင်ပွန်း၊ မမြတ်သင်းထက်၊ မောင်ထက်လင်းအောင်တို့၏ ဖခင်သည် ၂၉-၁၂-၂၀၁၈ရက်(စနေနေ့) နံနက် ၆ နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကျေးကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၄-၁-၂၀၁၉ရက် (သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်စီဟာ
**အသက်(၈၈)နှစ်**

အမှတ် ဆ/၇၉၊ ပိတောက်လမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်နေ ဦးထင်အောင်-(ဒေါ်သန်းသန်းရီ)၊ ဦးဝင်းအောင်-ဒေါ်ခင်ဝှာ၊ ဒေါ်ခင်စန်းမေ-ဦးဟန်လွင်၊ (ဒေါ်ခင်စန်းမွေး-ဦးတင်မောင်ရွှေ)၊ ဒေါ်အေးမိနိုင်-ဦးထွန်းမောင်တို့၏ မိခင်၊ မြေး ၁၂ ယောက်တို့၏အဘွားသည် ၂၉-၁၂-၂၀၁၈ ရက် (စနေနေ့) နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအဝေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ကိုတင်ထွဋ်ဝင်းဆင့်
**အသက်(၃၅)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်နေ (ဦးကံဆင့်)-ဒေါ်ဖြူဝင်းမာတို့၏သား၊ ကိုအောင်သူရ-မအေးအေးမြင့်၊ ကိုရဲထွဋ်ဝင်းဆင့်-မသီတာထွန်းတို့၏ ညီ/မောင်၊ ကိုဉာဏ်ဇေထွဋ်ဝင်းဆင့်-မသန္တာဆွေ၊ ကိုသော်တာဝင်းရှိန်-မသန္တာထွဋ်ဝင်းဆင့် တို့၏အစ်ကို၊ ကိုတင်ဝင်း-မဇာနည်ဆွေဦး၊ ကိုမျိုးဇော်- မသီရိအောင်၊ ဗိုလ်ကြီးဝေလင်း တို့၏ မောင်/အစ်ကို၊ တူ၊တူမ ၁၀ ယောက်တို့၏ဦးလေး၊ မောင်ထက်အာကာကျော်(ကာကာ)၏ ချစ်လှစွာသော ဖခင်သည် ၂၉-၁၂- ၂၀၁၈ ရက် (စနေနေ့) နံနက် ၁၀း၃၀ နာရီတွင် စံပြဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၅၅၂၃၀ Honda Scoopy -110, M/C ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd. က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၉၁၀၆၃ Honda Wave NF 125TT ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော်ထွန်း ၁/ဗမန(နိုင်) ၀၅၉၀၅၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၈၁၄၈၀ Ya Maha Tracker DG 16J M/C ယာဉ်လက်ဝယ်ရှိသူ ဦးဘုန်းနိုင်ဦး ၉/အမဇ(နိုင်)၀၃၁၆၁၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်အေး (မအူပင်)
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီး အနောက်ရပ်ကွက်၊ ဗိုလ်သူရလမ်း၊ အမှတ် ၆၁နေ (ဦးသိန်းဟန်-ဒေါ်စောလှ)တို့၏သမီး၊ (ဦးဘသင်-ဒေါ်နှင်းအိ) တို့၏သမီးချွေးမ၊ (ဦးအောင်မြင့်)၏ချစ်လှစွာသောဇနီး၊ ဒေါက်တာစိုးမြင့်-ဒေါ်ဇင်မာဦး၊ ဒေါက်တာဝင်းမြင့်-ဒေါ်တောင်နူး၊ (ဦးတင်မြင့်)-ဒေါ်နီနီဝင်း၊ ဒေါ်ရင်ရင်မြင့်၊ ဦးငွေးမြင့်-ဒေါ်ယဉ်အေးမင်း၊ ဦးထွန်းခိုင်-ဒေါ်စပါယ်အောင်၊ ဦးသိန်းထွန်းမြင့်-ဒေါ်ချိုချိုနိုင်တို့၏မိခင်၊ မဖြူသန့်နိုင်၊ မောင်ပိုင်ဆက်ထွန်း၊ မောင်မြတ်သာတို့၏အဘွားသည် ၂၈-၁၂-၂၀၁၈ရက်(သောကြာနေ့) ညနေ ၆ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၉ ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ် သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါ နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၁-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးသန့်ဇော်အေး
**(တေဇ-၁၃)**
**အသက်(၅၅)နှစ်**

ပြည်မြို့၊ ဗိုလ်ချုပ်လမ်းနေ ဦးကျော်ညွှန့်-ဒေါ်အုန်းကြည်တို့၏သား၊ မန္တလေးမြို့နေ ဦးဘစိန်-ဒေါ်အုန်းကြင်တို့၏သားသမက်၊ ဒေါ်နီနီယဉ်၊ ဒေါ်နီနီလွင်၊ ဒေါ်စန္ဒာအေး၊ ဒေါ်သန္တာအေး၊ ဦးရဲမြတ်ကျော်တို့၏အစ်ကို၊ မောင်သက်ဇော်(ခ)နောင်နောင်၊ မဆုပြည့်အေးတို့၏ ချစ်လှစွာသော ဖခင်၊ တမွေဝတီခတ္တာန်းရပ်နေ ဒေါ်ကြည်ကြည်ငွေ၏ ချစ်လှစွာသောခင်ပွန်းသည် ၂၉-၁၂-၂၀၁၈ရက် (စနေနေ့) နံနက် ၀၀း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဟန်
**ပညာသည်-၃၊ အထည်-၁၊ ခွဲ-၂(ငြိမ်း) စက်မှုဝန်ကြီးဌာန**
**အသက်(၈၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ဆားတိုင်မွတ်ကျေးရွာနေ (ဦးဘချစ်-ဒေါ်အေးမြိုင်)တို့၏သမီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အမှတ် ၈၂/၃၆၊ အထက်မင်္ဂလာလမ်းနေ (ဦးချောင်ရင်ချို)၏ဇနီး၊ (ဦးဇော်ဦး)၊ ဦးမော်ဦး (ကျန်းမာရေးဦးစီးဌာန-ငြိမ်း)-ဒေါ်ခင်မာရီ(ကျန်းမာရေးဦးစီးဌာန-ငြိမ်း)၊ ဦးကျော်ဦး(လ/ထ ညွှန်မှူး၊ငြိမ်း၊ လူမှုဝန်ထမ်းဦးစီးဌာန)-ဒေါ်ခင်မျိုးကျော်(ဦးစီးအရာရှိ၊ ပြန်ကြားရေးဝန်ကြီးဌာန)၊ (ဦးလှထွေး-ဒေါ်စန္ဒာဦး)၊ ဦးသန်းအောင်-ဒေါ်အေးအေးယု(ခ)မပို(ခေတ္တ-USA)၊ ဦးကျော်ကျော်ထူး(ခ)ဦးမောင်ကျော်-ဒေါ်တင်တင်မာ၊ ဦးစံတင်-ဒေါ်သောင်းသောင်းနု(ခ)မငယ်(မြို့တော်ဂေါက်ကွင်း)၊ ဦးထွန်းထွန်း-ဒေါ်နီနီဝင်း(Z.K.G အထည်ချုပ်စက်ရုံ)၊ ဦးလှမင်းတို့၏မိခင်၊ မြေး ၁၄ယောက်တို့၏အဘွားသည် ၂၉-၁၂-၂၀၁၈ရက် (စနေနေ့) နံနက် ၉း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁-၂၀၁၉ရက် (သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ဝေ(ခ)ပို့ထွမ်
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ မြရတနာ ၃လမ်း၊ အမှတ် ၆၅၆နေ [(ဦးမောင်နိုင်-ဒေါ်ကြူ)ခရမ်းမြို့]တို့၏သမီး၊ [ဦးမြသိန်း(ခ)ကျောက်ခွေး]-ဒေါ်လှမြိုင်၊ ဦးစိန်ကြည်(ခ)ဝက်ကြီး-ဒေါ်ရီရီဝင်းတို့၏အစ်မ၊ (ဦးကျော်မြင့်)၏ဇနီး၊ ကိုလှမင်း-မခင်မိုးမိုးအိ(အမက-ချောင်းကူးငယ်၊ မြိတ်)၊ မသန်းသန်းဦး(ငွေဆည်တော်-၉၉၉ ကုမ္ပဏီ) ၊မသန်းသန်းအေး၊ မဝင်းဝင်းငွေ (စင်ကာပူ)၊ မစောမြတ်သူတို့၏မိခင်သည် ၂၉-၁၂-၂၀၁၈ရက်(စနေနေ့) နံနက် ၂း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၁၈ရက် (တနင်္လာနေ့)နံနက် ၁၁ နာရီတွင်ကျိုက်ဆုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁-၂၀၁၉ရက် (သောကြာနေ့)နံနက်တွင် အထက်ပါ ဒဂုံမြို့သစ်(တောင်ပိုင်း) နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်စန်းစန်းမြင့်
**အလယ်တန်းပြ(ငြိမ်း)အမက(၄၅)ရွှေပေါက်ကံ**
**အသက်(၆၀)**

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ အမှတ် ၁၄/၇/၅၉၃၊ ညောင်ရမ်းလမ်းနေ ဦးသန်းအောင်(ဒုအရာခံဗိုလ်၊ငြိမ်း)-(ဒေါ်ကြည်ကြည်ညွှန့်)တို့၏သမီး၊ ဦးတင်အောင်ငွေး(လ/ထ ညွှန်/မှူး၊ကညန၊ ကလ၊ နေပြည်တော်)-ဒေါ်မြင့်မြင့်စန်း (အလပြ၊ ဟသ်ာတ)၊ ဦးစိုးလွင်(ညွှန်/မှူး၊ကုန်သွယ်ရေးဦးစီးဌာန၊ မြဝတီ)-ဒေါ်တင်မီမီအောင်၊ (ဗိုလ်မှူးမိုးကျော်)-ဒေါ်နွယ်နီလွင်၊ ဒေါ်အေးအေးမော် (အလယ်တန်းပြ၊အထက-၆၊ ရွှေပေါက်ကံ)၊ ဒေါ်ဝါဝါနွယ်-ဦးမိုးဇော်ထွန်း (စည်ပင်-ရွှေပြည်သာ)တို့၏အစ်မ၊ တူ၊ တူမ ခုနစ်ယောက်တို့၏အဒေါ်သည် ၂၈-၁၂-၂၀၁၈ရက် ညနေ ၄ နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ် သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၁-၂၀၁၉ရက် (ကြာသပတေးနေ့)နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကိုကြီး (ကလော GTI 83 ကျောင်းဆင်း)
**အငယ်တန်းအင်ဂျင်နီယာ(၂)၊ (မြို့ပြ)၊**
**အဆောက်အဦအထူးအဖွဲ့(၁၃)**
**အသက်(၅၈)နှစ်**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့နယ်၊ နမ့်စန်မြို့၊ အမှတ် ၁/၁၂၊ (၁)ရပ်ကွက်၊ ဗုဒ္ဓရာဇာကျောင်းလမ်းနေ ဦးကျော်သန်း-ဒေါ်သန်းညွှန့်တို့၏ သား၊ ဒေါ်အေးအေးလတ်၏ ချစ်လှစွာသောခင်ပွန်း၊ မပန်းစီမိုး၊ မနေခြည်ထွေး၊ မစုငြိမ်းကိုကို တို့၏ဖခင်သည် ၂၈-၁၂-၂၀၁၈ ရက် မွန်းလွဲ ၁း၃၀ နာရီတွင် ဘားအံပြည်သူ့ ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ နမ့်စန်မြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ် သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# ချင်းပြည်နယ်တရားလွှတ်တော်ရုံး ပန္နက်တော်တင် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားသို့ ပြည်ထောင်စုတရားသူကြီးချုပ် တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ချင်းပြည်နယ် တရားလွှတ်တော်ရုံး ပန္နက်တော်တင် တွင်းတော်ဝန်း မင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ချင်းပြည်နယ် ဟားခါးမြို့မြို့သစ်ရပ်ကွက် ဟားခါး-ဖလမ်း- ကလေးလမ်းရှိ အဆိုပါ အဆောက်အအုံ တည်ဆောက်မည့်နေရာ မင်္ဂလာမဏ္ဍပ်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး(**ယာပုံ**) တက်ရောက်သည်။

အခမ်းအနားတွင် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်၊ ချင်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်၊ မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိန်ထွန်း၊ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုး၊ စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်

*စာမျက်နှာ ၄ ကော်လံ ၄* ✽



## ရာသီကြိုခြေစမ်းပွဲတွင် ရှမ်းယူနိုက်တက်၊ ရောဝတီ၊ ဟံသာဝတီနှင့် ချင်းယူနိုက်တက် အနိုင်ရ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် ကလပ်အသင်းများသည် ဒီဇင်ဘာ ၂၈၊ ၂၉ ရက်က ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရာ ရှမ်းယူနိုက်တက်၊ ရောဝတီ၊ ဟံသာဝတီနှင့် ချင်းယူနိုက်တက်အသင်းတို့ အနိုင်ရခဲ့သည်။ ယင်းခြေစမ်းပွဲများတွင် ရှမ်းယူနိုက်တက်က ဇွဲကပင်ကို ငါးဂိုး-တစ်ဂိုး၊ ရောဝတီက မြန်မာ ယူ-၁၈ အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဟံသာဝတီအသင်းက Chinland အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ချင်းယူနိုက်တက်အသင်းက ဒဂုံအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ရာသီကြိုနောက်ဆုံးခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ နှစ်သင်းစလုံး နိုင်ငံခြားသားကစားသမားများအပါအဝင် လူစုံအသုံးပြုခဲ့ပြီး နောက်ပိုင်းတွင် ကစားသမားများ ပြောင်းလဲအသုံးပြုခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၄* ❍

## မြန်မာ ယူ-၂၂ အသင်း နိုင်ငံတကာ ခြေစမ်းပွဲများအတွက် စတင်လေ့ကျင့်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာ ယူ-၂၂ အသင်းသည် ဇန်နဝါရီတွင် ယှဉ်ပြိုင်ရမည့် အရှေ့အလယ်ပိုင်း နိုင်ငံတကာ ခြေစမ်း ခရီးစဉ်အတွက် ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းမှစ၍ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၂၂ အသင်းကို ကစားသမား ၂၀ ဖြင့် ဖွဲ့စည်းခဲ့ပြီး ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဒုတိယဆုရခဲ့သည့်အသင်းကို အခြေခံဖွဲ့စည်းထားခြင်းဖြစ်ကာ ၁၆ ဦး ပြန်လည်ပါဝင်လာသည်။ မြန်မာ ယူ-၂၂ အသင်းသည် ယင်းခရီးစဉ်တွင် ခြေစွမ်းမြင့်မားသည့် ကာတာ၊ အိုမန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သောကြောင့် ၂၀၁၈ အာဆီယံ ဆူဇူကီး ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်းမှ အသက်မီသည့် ကစားသမားများကို ပြန်လည်အားဖြည့် ရွေးချယ်ထားသည်။ မြန်မာ့လက်ရွေးစင်ကစားသမားများဖြစ်သည့် တိုက်စစ်မှူး ထက်ဖြိုးဝေ၊ ကွင်းလယ်ကစား

*စာမျက်နှာ ၁၂ ကော်လံ ၅* ●

